www.burmeseclassic.com




www.burmeseclassic.com

# စိတ်ကြွအဂ္ဂ

မရဏလျှော်ကြေး

**ပုံနှိပ်မှတ်တမ်း**

...တ်ဝေသူ - ဦးအောင်ဝိုး (ခုနစ်စဉ်ကြယ်စာပေ)
(၁၈၂)၊ (၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်။

...င်းမှုင့် - ဦးနိုင်နိုင်အောင် (၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်)
...ပုံနှိပ်သူ အမှတ်(၁၉)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

...ပျူတာစာစီ - ပြည့်ဖြိုး

...န်းချီ - L လင်း

...င်းဝလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)

...ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၅၊ ဒီဇင်ဘာလ

.../တန်ဖိုး - ၅၀၀အုပ်/ ၁၄၀၀ကျပ်

...ရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ်၁၈၂ (B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း၊ ၀၉ -၇၃၀၅၁၆၆၄၊ ၀၉-၇၃၁၂၆၃၅၈

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

အဲ့ဖွယ်ပြောင်းလဲသွားသူလေး

ကြမ္မာဆိုးနေ့

ကတ္တီပါလမ်းခွဲ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)



### အံ့ဖွယ်ပြောင်းလဲသွားသူလေး

"အိုင်ဆေး ကိုချစ်သွေးရေ ...မောင်ရင်တို့ ကျုပ်တို့ တိုးကွယ်ဆည်းကပ် အထွဋ်အမြတ်ထားရာ မြတ်ဗုဒ္ဓရှင်တော်ဘုရားက စိတ်သန္တာန်နဲ့ သက်ရှိသက်မဲ့ ရုပ်ဝတ္ထုပစ္စည်းမှန်သမျှတည်မမြဲ ပြောင်းလဲတတ်ကြောင်း အနတ္တသဘောကို အထင်အရှား ဟောကြားတော်မူခဲ့တယ် မဟုတ်လားဗျ။ မောင်ရင်ရဲ့ ချည်းစား ထားထားမြင့်ရဲ့စိတ်ဟာလည်း အဲဒီလို အနတ္တသဘောဆောင်ပြီး ပြောင်းလဲသွားတယ်လို့ပဲ မှတ်ယူလိုက်ပေါ့ဗျာ"

အင်းစိန်စီအိုင်ဒီရုံးချုပ်တွင် နှစ်အတန်ကြာ အလုပ်အတူ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ကြသည့် အငြိမ်းစားလက်ဖွဲ့ပါရဂူ ရဲမှူးကြီး ခင်မောင်ဇော်က သူ့ရှေ့မှ ပက်လက်ကုလားထိုင်တွင် ခပ်ငူငူကြီးထိုင်နေသည့် အိုင်အိုချစ်သွေးအား ခပ်ပြုံးပြုံးအမူအရာဖြင့် ကြည့်လျက် ပြောလိုက်ပြီးနောက် ဒန်းဟေးလ်ဆေးတံကြီးကို မီးညှိဖွာရှိုက်နေလိုက်လေ၏။

ရေညှိရောင်သက္ကလတ်ဘောင်းဘီရှည်ကို သနပ်ခါးရောင်စပို့ရှပ်လက်စကလေးနှင့် စမတ်ကျကျ တွဲဖက်ဝတ်ထားသည့် ဖြူဖြူသန့်သန့်ချောချော နာမည်ကျော်စုံထောက်လေးမှာ ကော်စမက်တစ် လိမ်းထားသော ဆံပင်နက်နက်တို့ကို လက်တစ်ဖက်ဖြင့် ထိုးဖွလိုက်ပြီး သက်ပြင်းရှည်ကြီးချကာ ဦးခေါင်းကို မသက်မသာ ယမ်းလိုက်ရှာသည်။

"မဟုတ်ဘူး မင်းကြီး . . . ကျွန်တော့်ရဲ့ချစ်သူ ထားထားမြင့်ရဲ့စိတ်ပြောင်းလဲသွားပုံကို ကျွန်တော်မယုံနိုင်အောင် အံ့ဩလွန်းလို့ပါဗျာ"

အိုင်အိုချစ်သွေးက အံကို မသိမသာကြိတ်ကာ ကြိတ်မနိုင်ခဲမရသောအသံဖြင့် ဆက်ပြောသည်။

"သူက . . . သူက သူ့ကို မုဒိမ်းကျင့်ခဲ့တဲ့ကောင်အပေါ်





ိတ်ယိုင်သွားတာ မယုံနိုင်စရာပဲဗျာ။ ဟာကယ်ဆို သူဟာ မိန်းမဆောင်း မိန်းမမြတ်တစ်ယောက်ပါ။ ကျွန်တော်ဟာ သူ့ကို တက္ကသိုလ်ကျောင်းသားဘဝကတည်းက သိပ်ကို တန်ဖိုးထားပြီး သိပ်မြတ်နိုးခဲ့ရတာပါ။ ခုတော့ သူက ကျွန်တော့်ကို ချစ်သူအဖြစ်က ရပ်စဲပြီး ဒီ မုဒိမ်းကောင်ကို ပရောပရည်လုပ်နေတယ်။ ကျွန်တော် . . . ကျွန်တော် ဆက်မပြောချင်တော့ပါဘူး မင်းကြီးရယ်"

အိုင်အိုချစ်သွေးက ဆံပင်ကို လက်ဖြင့် ထိုးဖွလိုက်ပြန်သည်။

ရဲမှူးကြီးခင်မောင်ဇော်က ပါးစောင်တွင်ခဲထားသည့် ဆေးတံကြီးကို ချွတ်လိုက်ပြီး အသက်ပြင်းပြင်းရှူလိုက်ရင်း နှစ်သိမ့်စကားပြောလိုက်ရ၏။

"ကဲပါ ကိုချစ်သွေးရယ် . . . ကျုပ် မောင်ရင့်ကို ကူညီပါ့မယ်"

ပြောရင်း ရဲမှူးကြီးခင်မောင်ဇော်က ပက်လက်ကုလားထိုင်ဘေးတွင် ကိုယ်ကိုမတ်မတ်ပြန်ထိုင်လိုက်ပြီးနောက် သူ့ရှေ့စားပွဲပုလေးပေါ် တင်ထားသည့် လက်ဗွေပုံစံလေးများကို စိုက်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ . . . မင်းကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ကူညီပါဗျာ။ အဲဒီလက်ဖွဲ့ပုံစံပိုင်ရှင် မှုဒိမ်းကောင်ခနဲ အပေါ် ချမှတ်မယ့် မင်းကြီးရဲ့မှတ်ချက်စကားဟာ ကျွန်တော့်အတွင် သိပ်ကို အရေးကြီးနေပါတယ် မင်းကြီး''

''ကောင်းပါပြီလေ . . . ကျုပ် သဘောပေါက်ပါတယ် ဆယ့်ငါးနှစ်လုံးလုံး ကျုပ် သုတေသနလုပ်ထားချက်တွေနဲ့ တိုင် ဆိုင်စစ်ဆေးပေးပါ့မယ်။ တရားခံနေရဲအတွက် အဖြေတစ်ခုခု ထွ လာမှာပါ။ နောက်သုံးရက်လောက်ကြာရင် ပြန်လာခဲ့လေ''

''ဟုတ်ကဲ့ မင်းကြီး . . . ကျေးဇူးပါပဲခင်ဗျာ၊ ဒါ ကျွန်တော် ပြန်ပါဦးမယ်''

''ကောင်းပါပြီ . . . အိုင်ဆေးရေ၊ ကျုပ်ဘက်က အတိ ဆုံး တာဝန်ကျေစေရမယ်''

''ဟုတ်ကဲ့ ကျေးဇူးပါပဲခင်ဗျာ''

အိုင်အိုချစ်သွေးက အငြိမ်းစားလက်ဗွေပါရဂူ ရဲမှူး ခင်မောင်ဖော်အား ကျေးဇူးစကားဆို နှုတ်ဆက်ပြီးနောက် သစ် တစ်ထပ်အိမ်လေး၏အိမ်ရှေ့ဝရန်တာပေါ်မှဆင်းကာ သူ၏အော

ခု နှစ် စဉ် ကြယ် စာ ပေ



တင်ကားနက်လေးပေါ်တက်ပြီး ခြံဝင်းထဲမှ မောင်းထွက်ခဲ့တော့၏။

ဘိုးစိန်လမ်းအတိုင်း ကန်တော်ကြီးဘက်သို့ မောင်းထွက် ခဲ့ပြီး ကန်တော်ကြီးစောင်း၌ ကားထိုးရပ်ကာ ကားပေါ်မှ ဆင်း လိုက်လေသည်။

သူက သက္ကလတ်ဘောင်းဘီအိတ်ထဲမှ ရွှေရောင်စီးက ရက်ဘူးလေးကိုထုတ်လိုက်ပြီး အထဲမှ ကရေဗင်အေ စီးကရက် တစ်လိပ် ထုတ်ယူလိုက်ကာ ရွှန်ဆန်မီးခြစ်ခြစ်လျက် မီးညှိဖွာရှိုက် လိုက်ရင်း ကမ်းစပ်မှ ရေတမာပင်စည်ကို ပခုံးမှီရပ်လိုက်လေ၏။

ညနေဆည်းဆာနေခြည်က ကန်ရေပြင်လှိုင်းကြပ်ခွပ် လေးများအပေါ်သို့ ခပ်ဖွေဖွေလေးကျရောက်လျက်ရှိရာ ရေပြင် စိမ်းစိမ်းဝယ် ရွှေရောင်လက်လက်ထလို့ နေချေသည်။

ခပ်ဝေးဝေးမှ ရေလွှာပြင်ပေါ်ဝယ် စက္ကဝဏ်ငှက်ငယ် မောင်နှံက လှိုင်းကြက်ခွပ်လေးများ အတူယှဉ်တွဲစီးလျက် ရှိချေ၏။

သူနှင့်ထားထားမြင့်တို့သည်လည်း ထိုငှက်မောင်နှံလို တစ်ချိန်က ကြင်နာစွာ ရွှေလက်တွဲခဲ့ကြဖူးပါသည်။

ခုတော့ . . . ခုတော့ –

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ သိပ်အထင်ကြီးလေးစားတန်ဖိုးထား ချစ်မြတ်နိုးရသော ချစ်သူဆရာဝန်မလေးက သူ့ကို ချစ်သူရည်စားအဖြစ်မှ အပြီးတိုင် လက်တွဲဖြုတ်ခဲ့ပြီး မကြာခင်ကမှ ထောင်မှလွတ်လာသည့် မုဒိမ်းကောင် နေရဲကို ကြည်ဖြူစွာ လက်ခံတွေ့ဆုံခွင့်ပေးလျက် ရှိသည်ပဲ။

"သူဟာ မုဒိမ်းမှုနဲ့ ထောင်ကျခဲ့ရပေမယ့် အခု သူ့ရဲ့ဘဝကို ပြန်ပြီး အဖတ်ဆယ်နေသူပါ မောင်။ သူ ပြုပြင်လာပြီလို့ ထား ယုံကြည်တယ်။ လူဟာ ဘဝမှာ တစ်ခါတော့ မှားကြစမြဲပဲလေ။ အဲဒီလို တစ်ခါမှားယုံနဲ့ လူ့အသိုင်းအဝိုင်းက သူ့ကို ပစ်ပယ်ထားသင့်သလား။ အဲဒါဆို သူ့ရဲ့နောင်တတွေဟာ အလကားဖြစ်သွားမှာပေါ့ . . .။

သူဟာ ဘယ်လိုပဲဆိုးခဲ့ မိုက်ခဲ့ပေမယ့် သူ့မှာ ကောင်းကွက်တော့ ရှိပါသေးတယ်။ သူဟာ စက်ပစ္စည်းတွေပြင်တဲ့နေရာမှာ ထူးချွန်သူပဲ မောင်။ သူများပြင်တာကို ကြည့်ရုံနဲ့ သူပြင်တတ်တယ်။ အဲဒီဘက်မှာ သူ ပါရမီပါတယ် . . .။

သူနဲ့ထားမှာ တူတဲ့အချက်တစ်ခု ရှိတယ်။ အဲဒါကတော့ ထားက မကျန်းမာတဲ့သူတွေကို ဆေးကုပေးတယ်၊ တစ်နည်းအားဖြင့်





စိတ်ကမွှေချို့ယွင်းသူတွေကို ပြင်ပေးတယ် . . .။

သူက ပျက်နေတဲ့စက်ကိရိယာတွေကို ပြင်ပေးတယ်။ အဲဒီတူညီတဲ့အချက်ရယ်၊ သူ့ရဲ့နောင်တတရားရယ်၊ သူ့ရဲ့ ကိုယ့်ကိုယ်ကိုယ် ပြုပြင်လိုစိတ်ရယ် . . . အဲဒါတွေကြောင့် သူ့ကို မိတ်ဆွေတစ်ယောက်လို ထား လက်ခံဆက်ဆံနိုင်ခဲ့တာပဲ . . .။

မောင့်ကိုလည်း ထား မိတ်ဆွေတစ်ယောက်လိုပဲ သဘောထားနိုင်တော့မယ်။ မုဒိမ်းကျင့်ခံထားရတဲ့ မိန်းမတစ်ယောက်ဟာ အခြားဂုဏ်ရည်တွေ ဘယ်လောက်ပဲရှိပါစေ မောင့်လို ယောက်ျားကောင်း ယောက်ျားမြတ်နဲ့ မထိုက်တန်တော့ပါဘူး မောင် . . .။

ဒါကြောင့် မောင်နဲ့စေ့စပ်ထားတာကို ထားဘက်က ဖျက်သိမ်းပေးလိုက်ရတာပါပဲ . . .။

ထားရဲ့ခန္ဓာကိုယ် မသန့်ရှင်းတော့တဲ့နေ့ကစပြီး ထားဟာ မောင့်ရဲ့ချစ်သူ မဟုတ်တော့ဘူး။ အဲဒီလိုပဲ မောင်ဟာလည်း ထားရဲ့ ချစ်သူ မဟုတ်တော့ဘူးလို့ ထား အထပ်ထပ်အခါခါ ပြောခဲ့ပြီးပြီ ဗျာ

အိုင်အိုချစ်သွေးမှာ ထားထားမြင့် ပြတ်သားစွာပြောခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



စကားများကို နားထဲတွင် ပြန်လည်ကြားယောင်ရင်း စိတ်ထဲမှာ ရှုပ်ထွေးလာသဖြင့် စီးကရက်တို့ကို ကန်ရေပြင်ထဲသို့ ပစ်ပေါက်လိုက်ပြီး သက်ပြင်းမောကြီးချကာ ရေတမာပင်ခြေတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

ပြီးတော့ သူက ကန်ရေပြင်၏အဝေးဆီသို့ ငေးငူငူကြီးမျှော်ကြည့်ရင်း သူ့ချစ်သူလေး ဒေါက်တာထားထားမြင့်နှင့် ပတ်သက်သည့် အတိတ်ဖြစ်ရပ်တို့ကို ပြန်လည်အမှတ်ရလာမိပြန်တော့၏။

✳

ထားထားမြင့်နှင့်သူက ရန်ကုန်ယူနီဗာစီတီတွင် အိုင်အေတန်းတက်စဉ်ကတည်းက ချစ်သူတွေဖြစ်ခဲ့ကြခြင်း ဖြစ်သည်။

တကယ်တော့ ထားထားမြင့်သည် ပွနိစ္စာထူးခြားသောမိန်းကလေးဖြစ်၏။

သူမက ဘဝရည်မှန်းချက် ကြီးမားလွန်းသူလေး ဖြစ်သည်။

"ထား အလယ်တန်းကျောင်းသူဘဝ စိန့်မေရီကျောင်းမှာတက်နေကတည်းက ... ဘဝမှာ သိပ်ဖြစ်ချင်တဲ့ဆန္ဒနှစ်ခု ရှိခဲ့တယ်လေ...၊

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com



ဆန္ဒတစ်ခုကတော့ ဆရာဝန်မလေးတစ်ယောက် ဖြစ်ချင်တာပါပဲ ...။

နောက်တစ်ခုကတော့ ပန်းချီဆရာမလေး ဖြစ်ချင်တာပါပဲ ...။

"အဲဒီဆန္ဒနှစ်ခုက ထားရဲ့ရိုးတွင်းချဉ်ဆီအထိ နက်နက်ရှိုင်းရှိုင်းတည်နေတဲ့ ဆန္ဒတွေပဲ မောင်"

သူမက တကယ်လည်း ထက်မြက်ထူးချွန်သူလေး ဖြစ်သည်။

ဘဝရည်မှန်းချက်ကြီးမားသလောက် ဖွဲ့ လုံ့လ. ဝီရိယကြီးမားသူလေး ဖြစ်သည်။

အရာရာကိုပြတ်သားရဲရင့်စွာ ဆုံးဖြတ်တတ်ပြီး သူမ ဖြစ်ချင်သည့်အရာကို ငယ်စဉ်ကတည်းက မရ,ရအောင် ယူတတ်သူလေး ဖြစ်သည်။

တကယ်တော့ သူမသည် ငွေကြေးပြည့်စုံသည့်တိုင် မိဖစုံရှိသူလေး မဟုတ်ပေ။

သူမ၏မိခင်က သူမ အိုင်အေတန်းတက်နေစဉ်မှာပင်





ကွယ်လွန်သွားခဲ့သည်။

သူမ အိန္ဒိယနိုင်ငံ ဒါဂျီလင်တက္ကသိုလ်သို့ ဆေးပညာသင်ရန် သွားရောက်နေစဉ်မှာပင် သူမ၏ဖခင် ဦးခင်ဇော်က နောက်အိမ်ထောင်ပြုခဲ့လေသည်။

သူမ ဆေးပညာဘွဲ့ M.D ရပြီး မြန်မာပြည်ပြန်ရောက်လာသော မိထွေးနှင့်အတူ မနေလိုသဖြင့် ဖခင်ရှိရာ ကုက္ကိုင်းဘက်ရှိ မိထွေးဖြစ်သူပိုင် စံပယ်မြိုင်အိမ်ကြီးတွင် လိုက်မနေဘဲ ဘောက်ထော်ဘက်မှ မိသားစုပိုင် တိုက်ပုလေးမှာပင် အိမ်ဖော်ကရင်မလေး နော်ဖောလူနှင့်အတူ နေထိုင်ခဲ့လေသည်။

ထိုတိုက်ပုလေးမှာ မိခင်ကြီးခေါင်းချခဲ့ရာ အိမ်လေးဖြစ်ပြီး ထော်ငြိမ်ရပ်ကွက်ထဲမှ ခြံကျယ်ဝန်းကျယ်ထဲတွင် ရှိသဖြင့် သီးခြားကမ္ဘာလေးလို ဖြစ်နေ၏။

သူမ၏မိဘများက ကုလားသူဌေးတစ်ဦးထံမှ ဝယ်ယူခဲ့သော ထိုတိုက်ပုလေးတွင် မြေအောက်ခန်းပါရှိခဲ့သဖြင့် ယင်းမြေအောက်ခန်းကျယ်ကြီးမှာ ထားထားမြင့်အတွက် ပန်းချီစတူဒီယိုခန်းကြီး ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အလုံမစ်ရှင်လမ်းရှိ ဂျင်မခါနာဆေးရုံကြီးတွင် အလုပ်ဝင်နေသည့် ထားထားမြင့်သည် ညပိုင်းရောက်သည့်အခါ အနီ အောက်ခန်းကြီးထဲဆင်းပြီး ညဝက်နီးပါးခန့် ပန်းချီဆွဲနေလေ့ရှိ

"ထားရယ် . . . ထားက ပန်းချီပညာရပ်နဲ့ ဆေးပညာ ထဲမှာပဲ အာရုံအပြည့်နှစ်ထားတာပဲနော်။ ချစ်သူကိုတောင် အချိန် မပေးနိုင်တော့ဘူး"

ချစ်သူချင်း တွေ့ရချိန် နည်းပါးလှသဖြင့် ချစ်သွေး တစ်ခါတစ်ရံ မချင့်မရဲဖြစ်ကာ ရင်ဖွင့်ညည်းညူမိ၏။

တစ်နေ့ သူမ ဂျူတီအားလပ်ရက်၌ မြို့ထဲလျှောက်လည် ပြီး ဘိုင်စကုပ်ကြည့်ရန် ချစ်သွေးက ဖုန်းဆက်ချိန်းဆိုရာ ထားထား မြင့်က ငြင်းဆိုလိုက်သဖြင့် မချင့်မရဲ ပိုဖြစ်ခဲ့ရ၏။

"မောင်ရယ် . . . ထားတို့တက္ကသိုလ်ကျောင်းသူဘဝတု က လည်ခဲ့, ပတ်ခဲ့, ပျော်ခဲ့ကြပြီးပြီပဲ။ ခုအချိန်မှာ မောင်လည်း အလုပ်ခွင်ဝင်နေပြီ။ ထားလည်း အလုပ်ခွင့်ဝင်နေပြီ။ ထား လူငယ်လေးတွေ မဟုတ်တော့ဘူး။ ဆယ်ကျော်သက်အရွယ်တွေ မဟုတ်တော့ဘူးလေ။ ဒီအချိန်မှာ အပျော်အပါးကို မက်နေဖို့ မ





တော့ဘူး။ ဘဝရဲ့တိုးတက်ရာ တိုးတက်ကြောင်းတွေကို အာရုံနှစ် ကြိုးစားတည်ဆောက်ရမယ့်အချိန် ဖြစ်နေပြီလေ မောင်ရဲ့"

"ဒါဆို မောင်တို့ချစ်သူချင်း၊ တွေ့ချိန်တောင်မရတော့ဘူး ဆို . . . ဟုတ်လား ထား။ မောင့်ကို ထားမတွေ့ချင်တော့ဘူးလား"

"အို ထားက မောင့်ကို ချစ်တာပဲ၊ တွေ့ချင်တာပေါ့"

"ဒါဆို မောင်လာခေါ်မယ် ထားရယ်။ မောင်တို့ လျှောက် လည်ကြရအောင်ပါ။ မောင်လည်း အလုပ်ထဲမှာ ဖိအားတွေများ တယ်။ ခုလို အားလပ်ရက်ရတုန်းမှာ ချစ်သူနဲ့ တွေ့ချင်တယ်။ အဲဒါ ဆို မောင် စိတ်အပန်းပြေသွားမှာပဲ"

"ထားကို တွေ့ချင်ရင် ထားရဲ့အိမ်ကိုလာခဲ့လေ မောင်။ အိမ်မှာ လာတွေ့လို့ရတာပဲ။ လျှောက်လည်ဖို့တော့ ထား အချိန် မပေးနိုင်ဘူး။ စိတ်လည်း မပါဘူး။ ပြပွဲတင်ဖို့ ပန်းချီကားတွေကို ဆက်လေ့သတ်နေရတယ် မောင်ရဲ့"

ချစ်သွေးမှာ သက်ပြင်းကိုသာ အခါခါချမိတော့၏။

သို့ဖြင့် ထိုနေ့က အော်စတင်ကားလေးကိုမောင်းကာ ချစ်သူထားထားမြင့်ရှိရာ ဘောက်ထော်ဘက်သို့ လာခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထားထားမြင့်တို့ ခြံရှေ့သို့ရောက်လာသည့်တွင် အမြဲလိုင် ဖွင့်ထားသည့် ခြံတံခါးဝမှ မြေနီလမ်းကလေးအတိုင်း ကား မောင်းဝင်လာပြီး တိုက်ပုလေးရှေ့ရှိ ပေါ်တီကိုအောက်တွင် ကာ စက်သပ်ရပ်လိုက်လေသည်။

တိုက်ပုလေးမှာ တိတ်ဆိတ်လျက်ရှိရာ ကားဟွန်းသံ နှ ချက်ပေးလိုက်မှ တိုက်အဝတွင် လူရိပ်ပေါ်လာပြီး အိမ်ဖော်မ နော်ဖော့လူက သံဘာဂျာတံခါးကို သော့ဖွင့်ပေး၏။

“မမလေးက အစ်ကိုလေး လာမယ်လို့ ပြောထားတယ်

နော်ဖော့လူက ပြုံးလျက် ပြောရင်း အိမ်တံခါးဝမှ ကိုယ် ကို ရို့ကာဖယ်ပေးသည်။

ချစ်သွေးက ဧည့်ခန်းထဲ လှမ်းဝင်လိုက်ရင်း ချစ်သူ ထာ ထားမြင့်ကို မျက်လုံးဝေ့ကာ ဖွေရှာကြည့်လိုက်၏။ ရက်သတ္တ ပတ်ကြာမျှ မတွေ့ခဲ့ရသည့် ချစ်သူလေးကို တွေ့ချင်လှပြီ။

“မမလေး ... ပန်းချီဆွဲနေတယ် အစ်ကိုလေး။ အစ် လေးလာရင် မြေအောက်စတူဒီယိုအခန်းထဲ ဆင်းလိုက်လာ မှာထားပါတယ်ရှင့်”





ချစ်သွေးက ခေါင်းညိတ်ပြလိုက်ပြီး ဧည့်ခန်းကို ဖြတ် လျှောက်ခဲ့ကာ စင်္ကြံလမ်းလေးအတိုင်း အိမ်နောက်ဘက်သို့ လာခဲ့ ပြီးနောက် မီးဖိုခန်းထဲရှိ လှေကားမှနေ၍ မြေအောက်ခန်းထဲ ဆင်းလာခဲ့လိုက်သည်။

ပန်းချီစတူဒီယိုပြုလုပ်ထားသည့် ယင်းမြေအောက်ခန်း ထဲသို့ ယခင်က နှစ်ကြိမ်သာ ချစ်သွေး ရောက်ဖူးခဲ့သည်။

ထားထားမြင့်က ညှုမရေးဆွဲထားသည့် ပန်းချီကားများ ကြည့်ရှုရန် သူ့ကို ယင်းမြေအောက်ခန်းဆီ ခေါ်ခဲ့ဖူးခြင်း ဖြစ်၏။

ထိုသို့ မြေအောက်ခန်းထဲ ချစ်သွေးဆင်းလိုက်သွားသည့် အခါတိုင်း သူတို့နှင့်အတူ နော်ဖော့လူလည်း အတူလိုက်ပါလေ့ ဖြစ်သည်။

ယခုတော့ နော်ဖော့လူက မီးဖိုဆောင်တွင် ကျန်ရစ်ခဲ့ပြီး တစ်ဦးတည်း ဆင်းလာခဲ့ခြင်းဖြစ်၏။

ယင်းမြေအောက်ခန်း၏ဘေးတစ်ဖက်နံရံအပေါ်ပိုင်းတွင် ပြင်တစ်ပေ၊ အလျားနှစ်ပေခန့်ရှိသော မှန်အကြည်တပ်ထားသည့် ပေါက်သုံးပေါက်ရှိရာ ထိုမှန်တံခါးပေါက်များမှ နေ၏အလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်က မြေအောက်ခန်းထဲသို့ ကျရောက်လျက်ရှိလေသည်။

ပြင်ပမှ သဘာဝအလင်းရောင်ထိုးဝင်နေသည့်အပြင် မြေ အောက်ခန်းထဲတွင်လည်း လျှပ်စစ်ဘတ်သီးနှစ်လုံး ထွန်းထားသဖြင့် ဆယ့်ငါးပေပတ်လည်ခန့် ကျယ်ဝန်းသည့် ပန်းချီစတူဒီယိုလေးမှာ လင်းကျင်းလျက် ရှိချေ၏။

မြေအောက်ခန်းထဲသို့ အလင်းဝင်နေသည့် အပေါက်ငယ် ကို မြုတ်ကလေးများပါသော မှန်အကြည်အထူစားဖြင့် ကာထား ခြင်းဖြစ်သောကြောင့် ပြင်ပသို့မှ မမြင်နိုင်ချေ။

ခြံထဲမှနေ၍လည်း မြေအောက်ခန်းထဲသို့ မမြင်တွေ့နိုင် ချေ။

ချစ်သွေးက အတော်လေး လင်းကျင်းနေသည့် မြေ အောက်ခန်းထဲအရောက်ဝယ် အခန်းထောင့်တစ်ခုအနီးရှိ ပန်းချီ stand ရှေ့တွင် ခွေးခြေလေးဖြင့် ထိုင်လျက် ပန်းချီရေးဆွဲနေသော ထားထားမြင့်ကို တွေ့ရလေသည်။

သူမက စုတ်ချက်တစ်ချက်ကို အာရုံစိုက်ရေးဆွဲနေသဖြင့် သူ့ကို ရုတ်ချည်း လှည့်မကြည့်အားသော်လည်း ခြေသံကို





ကြားသွားပြီ ဖြစ်၏။

"ဟော ... မောင်ရောက်လာပြီလား"

ချစ်သွေးက ထားထားမြင့်နှင့်/မလှမ်းမကမ်းတွင် ကုလား ထိုင်တစ်လုံး ဆွဲယူထိုင်လိုက်ရင်း သူမကို မဲ့ပြုံးဖြင့်ကြည့်ကာ ခနဲ့ တဲ့တဲ့ ပြောလိုက်သည်။

"တွေ့ချင်လွန်းသူဆိုတော့လည်း ရောက်လာရပြီပေါ့ ...ယ်"

ထားထားမြင့်က ရေးလက်စကိုရပ်ကာ စုတ်တံကို ရေခွက် ထဲသို့ ထိုးနှစ်လိုက်ရင်း သူ့ကိုပြုံးကြည့်လျက် မေးသည်။

"ဘာလဲမောင် ... ထားကို ကွဲမြီးတိုနေသလား"

"စိတ်ထဲမှာ မချင့်မရဲဖြစ်မိတာတော့ အမှန်ပဲ ထား။ ...ကြည့်လေ ... မောင်တို့ တက္ကသိုလ်ရောက်ပြီးလို့ တစ်နှစ် ...မှာ ချစ်သူတွေဖြစ်ခဲ့ကြတယ်။ ချစ်သူသက်တမ်း တစ်နှစ် ...မှာ ထားက ဒါဂျီလင်ကို ထွက်သွားတယ်။ ထား သွားနေ ...နှစ်လုံးလုံး မောင်တို့ ခွဲနေခဲ့ကြရတယ် ...၊

ထားပြန်ရောက်လာပြန်တော့လည်း မောင်နဲ့ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်းပဲ ရွှေတိဂုံဘုရားလိုက်ဖူးခဲ့တယ်။ ပြီးတော့ လုပ်ငန်းခွင်ထဲ တန်းဝင်ပြီး ဟောဒီစတူဒီယိုထဲကကို မထွက်တော့ဘူး”

ထားထားမြင့်၏ နှင်းဆီဖူး နှုတ်ခမ်းလွှာလေးပေါ်မှ အပြုံးက ပျောက်ကွယ်သွားသည်။

သူမက သက်ပြင်းလေးရှိုက်ရင်း ထိုင်ရာမှထ၏။

ပြီးတော့ ချစ်သွေး၏ရှေ့နှစ်လှမ်းအကွာခန့်တွင် လက်လေးပိုက်လျက် ရပ်လိုက်သည်။

သူမ၏တည်ငြိမ်သောမျက်နှာလေးကို ချစ်သွေး တမ်းတမ်းမက်မက် မော့ကြည့်လိုက်မိ၏။

ပိတုန်းရောင်ဆံနွယ်တို့ကို နောက်သို့ ဆွဲသိမ်းဖြီးထားပြီး ဆံနွယ်စုကို ဖဲပြားအပြာရောင်လေးဖြင့် ချည်ထားသဖြင့် သူမ၏ မဟာနဖူးပြေပြေလေးက ပြောင်ရှင်းလို့နေသည်။

ယင်း နဖူးဝင်းဝင်းလေးအောက်မှ မျက်ခုံးထူထူတန်းတန်းလေးတို့က ချစ်မက်ဖွယ်ဖြစ်၏။

မျက်တောင်ကော့ကြီးများ ဝန်းဆီထားသည့် မျက်ဝန်းပြာပြာတစ်စုံ၊ စင်းနေသည့်နှာတံ၊ နှင်းဆီဖူးနှုတ်ခမ်းလေးများနှင့်





သုံးလုံးလေးတို့က သွယ်လျလျ သူမ၏မျက်နှာကို လှပစွာ ဝန်းဖွဲ့ထားသည်။

သူမ တည်တည်လေးနေလိုက်လျှင် မဟာဆန်ဆန် ချောမောလှပသည့် သူမ၏ရုပ်သွင်လေးက မြတ်နိုးလေးစားဖွယ် အတိ။ မိန်းမကောင်း မိန်းမမြတ် ပီသလွန်းလှသည်။

သို့ကြောင့်လည်း သည်ချစ်သူလေးကို ချစ်သွေး တမ်းတမ်းမက်မက် ချစ်မြတ်နိုးနေရခြင်း ဖြစ်၏။

သူမသည် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားလွန်းသူလေး ဖြစ်သဖြင့် သူမ၏အလှက သန့်စင်လျက် ရှိသည်။

ချစ်သူတွေဖြစ်ခဲ့ကြသည့်ကာလတစ်လျှောက်လုံး သူမ၌ သေါ့လျှုံ့လျှုံ့ အမူအကျင့်မျိုး စဉ်းငယ်မျှ ချစ်သွေး မတွေ့ဖူးချေ။

သူမက မာနမကြီးသော်လည်း တည်တည်ငြိမ်ငြိမ် နေတတ်သူလေး ဖြစ်သည်။ အရာရာ စည်းနဲ့ကမ်းနဲ့မှ နေတတ်သူလေး ဖြစ်၏။

သို့ကြောင့်လည်း ချစ်သူရည်းစားဘဝရောက်ခဲ့ပြီးသည့်တိုင် ချစ်သွေးမှာ သူမ၏စည်းကမ်းသတ်မှတ်ခြင်းကို ခံနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတော့လည်း သူမကိုချစ်ရသည်မှာ အရုပ်လေး တစ်ရုပ်ကို ချစ်ရသည့်နှယ် ချစ်သွေး ခံစားရသည်။

ထိုအရုပ်လေးမှာ မတို့မထိရသော အရုပ်လေးဖြစ်၏။

သူမ၏လက်ဖျားလေးကို ကိုင်လျှင်ပင် မကြိုက်။

ပြုံးနေရာမှ ချက်ချင်းတည်သွားတတ်သည့် သူမ၏ မျက်နှာကြောင့် ချစ်သွေးမှာ လက်ဖျားလေး ရံဖန်ရံခါ ကိုင်ရရုံက လွဲ၍ ရှေ့မတိုးရဲချေ။

ရင်မှာ မြတ်မြတ်နိုးနိုး တန်ဖိုးထားလေးစားရသော ချစ်သူလေးမို့လည်း ချစ်သွေးက သူမ၏အလိုကျ စည်းနှင့်ကမ်းနှင့် နေထိုင်ပေးခဲ့ရသည်။

"မောင့်ကို ထား ဘာဖြစ်လို့ ချစ်မိခဲ့သလဲမသိဘူးနော်"

အိုင်အေတန်း ဖြေခါနီး ဂျပ်ဆင်ဟောရှေ့မှ ကျောက်သား လှေကားခုံလေးများပေါ် ထိုင်ကြရင်း သူမက စိတ်လိုလက်ရ စကား စ,ဖူးသည်။

"ထား ထင်တာကလေ ဒီတက္ကသိုလ်အနုပညာအသင်းမှာ ပန်းချီဆွဲတဲ့အခါ မောင်က လာလာကြည့်တယ်။ ဂျူဗလီဟော





ပန်းချီပြပွဲတုန်းက တင်ထားတဲ့ ထားရဲ့ပန်းချီကားသုံးကားကို မောင် ဝယ်ခဲ့တယ်။ အဲဒီကတည်းက မောင့်ကို မျက်မှန်းတမ်းမိခဲ့ပြီး နောက် ဆော့ ချစ်သွားတာပဲ ဖြစ်မယ် . . .၊

ထားက ကိုယ့်ရဲ့ဘ၀အဖော်မွန်အဖြစ် တစ်သက်လုံး လက်တွဲသွားနိုင်မယ့်သူကိုသာ ချစ်သူအဖြစ် လက်ခံချင်တာ မောင် ရဲ့ . . .၊

ထားရဲ့ချစ်သူဟာ တည်ကြည်ပြီး ထက်မြက်သူ ဖြစ်ရမယ်။ ယောက်ျားကောင်းဝီသပြီး ယောက်ျားကောင်း၊ ယောက်ျားမြတ်တို့ရဲ့ စိတ်ထားမျိုးရှိရမယ်။ မောင်ဟာ အဲဒီလိုအချက်တွေနဲ့ ပြည့်စုံသူဖြစ်ရမယ်လို့ ထားဘက်က လေ့လာသုံးသပ်ပြီးမှ မောင့်ရဲ့အချစ်ကို လက်ခံခဲ့တာပါ"

"ထားက အရာရာကို သေချာတွက်ချက်လေ့ရှိတယ်နော်"

"ဟုတ်တယ်မောင်၊ ဘယ်အရာကိုမှ မတွက်ချက်ဘဲ ထား မလုပ်ဘူး။ အထူးသဖြင့် ဘ၀အတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက် ချရာမှ ပိုပြီး ဂရုစိုက်တွက်ချက်တယ်"

ချစ်သွေးက ပြုံးလိုက်သည်။ သူ့အပြုံးက မဲ့ပြုံးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ရဲ့အချစ်ကို လက်ခံဖို့လည်း သေချာတွက်ချက်ခဲ့တယ်ပေါ့"

"ဟုတ်တယ် မောင်။ ဒါပေမဲ့ အဲဒီလို တွက်ချက်ရာမှာ မောင် ရုပ်ချောတာ၊ မောင့်ရဲ့အမေဟာ တွင်းစားမျိုးရိုးက ဆင်းသက်လာတာ၊ မောင့်ရဲ့ဖေဖေဦးညွန့်လှိုင်ဟာ မြို့ပိုင်ဖြစ်နေတာတွေ မပါဘူး မောင်။ ထားရဲ့ဘဝအဖော်မွန်ကို ရွေးချယ်ရာမှာ ရုပ်ဆိုးတာ၊ ရုပ်ချောတာ၊ မျိုးရိုးမြင့်တာ, မမြင့်တာ၊ ချမ်းသာတာ, ဆင်းရဲတာတွေကို ဂရုမပြုဘူး။ ပင်ကိုယ်စိတ်ဓာတ် မြင့်မြတ်မှု၊ ကိုယ်ကျင့်တရားကောင်းမှုနဲ့ထက်မြက်မှုတို့ကိုပဲ ကြည့်တယ်။ အဲ . . . ထား မကြိုက်တဲ့အမူအကျင့်လေးတွေ မရှိဖို့တော့ လိုတာပေါ့လေ"

ထားထားမြင့်မှာ အတော်ဇီဇာကြောင်သူလေး ဖြစ်သည်။

သူနှင့် ချစ်သူမဖြစ်မီက ဘီအေတန်းတက်နေသော ကျောင်းသားကြီးဖေမောင်ထွန်း. .က သူမကို အသည်းအသန် ပိုးပန်းခဲ့ဖူးလေသည်။

ဖေမောင်ထွန်းဆိုသည့် ထိုလူမှာ အရပ်မြင့်မြင့်၊ အသားညိုညို၊ ဖြောင့်ဖြောင့်ဖြစ်သည်။ ဘန်ကောက်လုံချည် အကောင်းစား





နှင့် ပိုးထည်အင်္ကျီ ထည်လဲဝတ်ကာ စတူဘေကာကားကြီးကို ကိုယ်တိုင်မောင်းလျက် ကျောင်းတက်လာတတ်သူဖြစ်ပြီး နာမည်ကျော် ဝတ်လုံတော်ရကြီး ဦးတင်ဦး၏သားလည်း ဖြစ်သည်။

ယင်း ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖေမောင်ထွန်းက ထားထားမြင့်ကိုမူ အသည်းအသန် သဘောကျပြီး သဲကြီးမဲကြီး ပိုးပန်းတော့၏။

ထားထားမြင့်ကလည်း သူ့ကို အလိုက်အထိုက် ဆက်ဆံပြီး သူ့အချစ်ကို လက်ခံသင့်၊ လက်မခံသင့် စဉ်းစားလေ့လာ အကဲခတ်နေခဲ့လေသည်။

တစ်ကြိမ်တွင်မူ ထားထားမြင့်နှင့်ဖေမောင်ထွန်းတို့ အတန်းခေတ္တနားချိန်၌ ဘူးသီးကြော်စားရန် အင်းလျားကန်ပေါင်သို့ အတူယှဉ်တွဲ လျှောက်လာခဲ့ကြ၏။

စကားတပြောပြောဖြင့် လျှောက်လာကြရင်းမှ ဘူးသီးကြော်ဆိုင်သို့မရောက်မီ ကုက္ကိုပင်ကြီးတစ်ပင်အောက်မှ အဖြတ်ကျောင်းပြီးပါက သူ့ကို သူ့မိဘများက ရန်ကုန်တွင် ကုမ္ပဏီတစ်ခုထောင်ပေးမည့်အကြောင်း ပြောရင်း ဖေမောင်ထွန်းက ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



နှပ်ညှစ်လိုက်သည်။

"ရှီး ရှီး"

သို့သော် သူက ရှီးရှီးတန်းတန်း နှပ်ညှစ်တာမျိုးမဟုတ် နှပ်ကို လက်ဖဝါးထဲသို့ ရှီးခနဲညှစ်လိုက်ပြီးမှ နဘေးရှိ ကုက္ကိုပင်၏ ပင်စည်တွင် လက်ဖဝါးကို ပွတ်သုတ်လိုက်လေသည်။

သူက ယင်းအပြုအမူကို သတိလက်လွတ် ဂရုမထားဘဲ ပြုမူပြီး သူ့စကားကို ဖောင်လောက်အောင် ရှေ့ဆက်ပြောနေခဲ့၏။

"အဲတော့လေ . . . ကျွန်တော်"

"ကိုဖေမောင်ထွန်း . . . ထားရင်ထဲမှာ တစ်မျိုးကြီးဖြစ်လာတယ်။ ဘာမှစားချင်စိတ်မရှိတော့ဘူး။ စာသင်ခန်းဆီပဲ ပြန်တော့မယ်၊ ဆောရီးနော်"

"ဟင်!"

ထားထားမြင့်က ရုတ်ချည်းလှည့်ပြန်သွားရာ အင်းလျားကန်ပေါင်ထက်ဝယ် ဖေမောင်ထွန်းတစ်ယောက်တည်း ယောင်ချာချာ ကျန်ရစ်ခဲ့ရှာသည်။

ထိုသည့်နောက်တွင် ထားထားမြင့်က ဖေမောင်ထွန်းနှင့်





တွဲသွားတွဲလာ မလုပ်တော့။ သူ့အချစ်ကိုလည်း ပြတ်သားစွာပဲ ငြင်းပယ်လိုက်သည်။

"ထားရယ် . . . ဘာမဟုတ်တဲ့အပြုအမူလေးပဲ။ ပြင်နိုင်ရင် ရပါတယ်"

ချစ်သွေးက ချစ်သူတွေဖြစ်ပြီးနောက် ထားထားမြင့် ပြန်ပြောပြသည့်အကြောင်းကို နားထောင်ခဲ့ရာမှ မှတ်ချက်စကား ဆိုလိုက်မိခြင်း ဖြစ်သည်။

ထားထားမြင့်က ဦးခေါင်းလေးကို ဖြည်းလေးစွာ ယမ်းသည်။

"မဟုတ်ဘူး မောင်၊ လူတစ်ယောက်ရဲ့အကျင့်စရိုက်ဆိုတာ ပြင်လို့ရခဲတယ်။ အရိုးစွဲနေတဲ့ မကောင်းကျင့်တစ်ခုကို ပြင်ရင်လည်း ခဏပေါ့။ သူ့လို လူချမ်းသာ သားတစ်ယောက်ဟာ လက်ကိုင်ပဝါတစ်ထည်တော့ ဆောင်ထားသင့်တယ်။ သူက အရာရာ ပြည့်စုံသူပဲ . . .၊

လူတစ်ဦးတစ်ယောက်ရဲ့ မကောင်းကျင့်တစ်ခုဟာ ဘဝအခြေအနေကြောင့် ဖြစ်ရတာဆိုရင်တော့ ပြုပြင်လို့ရတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝပေးအခြေအနေကြောင့် မဟုတ်ဘဲ ယော်ကျင့်ပါလာတာမျိုးဆို ရင် ဘယ်တော့မှ ပြင်နိုင်းလို့မရဘူး။ အကျင့်ပါနေပြီ၊ ခေါက်ရိုးကျိုး နေပြီ ...၊

တကယ်လို့သာ ကိုဖေမောင်ထွန်းကို ဘဝအဖော်မွန်အဖြစ် ရွေးခဲ့မိရင် ဘဝတစ်လျှောက်လုံး သူ့ရဲ့နှုပ်ညှစ်သံကြားတိုင်း ထားက သူ့ကို ဂရုပြုကြည့်နေရတော့မယ်။ အဲတော့ ရည်းစားအဖြစ်မခံဘဲ စောစောစီးစီး လမ်းခွဲလိုက်တာကပိုကောင်းတယ်လေ"

"ဟင်း ဟင်း ဟင်း ... ထားက မလွယ်ဘူးနော်။ မောင် လည်း အရာရာ သတိထားနေရတယ်။ တော်ကြာ ထားမကြိုက် တဲ့ အပြုအမူတစ်ခုခုပြုမိရင် ထားရဲ့စွန့်ပစ်တာခံရမှာစိုးလို့လေ ... ဟင်း ဟင်း ဟင်း"

"မောင့်ကို ထား လေ့လာပြီးပါပြီ၊ မောင့်မှာ ထား မကြိုက် တဲ့အပြုအမူမျိုး မရှိပါဘူး။ ထားမှာ မောင်မကြိုက်တဲ့ အပြုအမူ မျိုး ရှိရင်လည်း ပြောပါ၊ ထားပြင်ပါ့မယ်"

"မရှိပါဘူး ထားရယ်။ ထားဟာ အရာရာ သတိ,ဝီရိယနဲ့ ပြောဆိုနေထိုင်တတ်သူလေးပဲ။ ဒါကြောင့်လည်း မောင်က ထားကို





လေးစားပြီး ချစ်ရတာပါ"

ချစ်သွေးမှာ ချစ်သူလေးကို တကယ်လည်း လေးစား န်မိုးထားပြီး အသည်းနှင့်အောင် ချစ်ခဲ့ရသည်။

သူမက ထက်မြက်သလောက် ရဲရင့်သူလေးလည်း ဖြစ်သည်။

တစ်ခါက ကျောင်းပိတ်ရက်တွင် ထားထားမြင့်သည် အတန်းဖော်သူငယ်ချင်း မိန်းကလေးနှစ်ဦးကိုပါ ခေါ်ကာ ချစ်သွေးနှင့်အတူ တညင် (သန်လျင်) ဘက်သို့ ဘုရားဖူးထွက်ခဲ့ကြလေသည်။

ပုစွန်တောင်ဆိပ်ကမ်းမှ နှစ်ထပ်သင်္ဘောကြီးစီးပြီး သန်လျင်ဘက်သို့ ကူးခဲ့ကြ၏။

သန်လျင်ရောက်တော့ ဂျစ်ကားတစ်စီးကို စင်းလုံးငှားကာ ဘုရားစုံလိုက်ဖူးကြသည်။

ပျော်စရာကောင်းသောခရီးဖြစ်၏။

ကျောက်တန်းမှ ကျိုက်မှော်ဝန်း ရေလယ်ဘုရားဖူးပြီး မွန်းတည့် ပြန်လာကြရာ လမ်းမှ ဘုရားစုံကို ဝင်ဖူးကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ပါဒကြီး ဘုရားဝင်ဖူးပြီး ဘုရားဝင်းထဲမှ ပြန်အထွက် ဂျပ် ကားရပ်ထားရာဆီ ကွင်းပြင်လေးတစ်ခုကို ဖြတ်လျှောက်လာစဉ် ကွင်းပြင်လေး၏နံဘေး မန်ကျည်းပင်ကြီးတစ်ပင်၏အရိပ်အောက်၌ ကစားနေကြသည့် ကလေးတစ်စုအထဲမှ ကလေးနှစ်ယောက်က ရန်ဖြစ်ထိုးကြိတ်နေကြသည်ကို အမှတ်မထင် ကြုံရလေသည်။

အတော်အတန်အရွယ်ကြီးသောကောင်လေးက ခြောက် နှစ်, ခုနစ်နှစ်ခန့်ရှိသော ကောင်လေးတစ်ယောက်ကို ဖိထိုးလျှ ရှိလေသည်။

ဖိထိုးခံနေရသည့်ကောင်လေးကလည်း မခေလှ အတင်းပြန်ခုခံကာထိုးနေ၏။ သို့သော် အရွယ်ချင်းမမျှသဖြ ထိုကောင်လေးချည်း လိုမ့်ခံနေရသည်။

"ဟယ် . . . ကစားနေကြတာမဟုတ်ဘူး တကယ်ရန်ဖြ နေကြတာဟဲ့"

ချစ်သွေးတို့နှင့်အတူပါလာသည့် မလေးနွယ်က အလ တထိတ်ပြောလိုက်၏။

"တာတီး တာတီး . . . မလုပ်ပါနဲ့ တော်ပါတော့ကွ"

နံဘေးမှ ဝိုင်းကြည့်နေကြသည့် ကလေးတို့က အော်ဟစ် နေ့တားသည့်တိုင် တာတီးဆိုသော ကောင်လေးက ကောင်ငယ် းကို ဖိဖိထိုးနေသည်။

"ဟိတ် ကလေးတွေ . . . ရန်မဖြစ်ကြနဲ့လေ"

မနေသာတော့သဖြင့် ချစ်သွေးက အော်ဟစ်ဟန့်တား စဉ်မှာပင် ထားထားမြင့်က ရန်ပွဲဆီသို့ ရုတ်တရက် ပြေးသွား တာတီးဆိုသည့်ကောင်လေး၏လက်မောင်းတစ်ဖက်ကို င့်ဆွဲလိုက်ရာ ထိုကောင်လေးမှာ နောက်ဘက်သို့လန်ကာ င်ပေါ်သို့ ဖင်ထိုင်ကျသွားတော့၏။

"ဟဲ့ ဟဲ့ . . . ငါ့သားကို ဘာလုပ်တာလဲ၊ ဘာလုပ်တာ

အနီးရှိ ခြံဝင်းတစ်ခုထဲမှ မည်းမည်းဝဝ မိန်းမတစ်ဦးက ဒ်နှန်တောင်ဆွဲကာ အော်ဟစ်လျက် ပြေးထွက်လာတော့သည်။

ပြဿနာကတော့တက်ပြီဟု ချစ်သွေး တွေးလိုက်မိစဉ်မှာ ိုမိန်းမက ထားထားမြင့်ကို ကက်ကက်လန်အောင် ရန်တွေ့ ည်။





www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ကလေးချင်းဖြစ်တာကို နင်က ဘာဖြစ်လို့ ဝင် လုပ်ရတာလဲဟင်"

ထားထားမြင့်က ထိုမိန်းမကို ရှုတည်တည်ကြည့်လိုက်ပြီး ခက်ထန်စွာ မေးလိုက်သည်။

"ဩော် … သူတို့ရန်ဖြစ်တာကို ရှင်က မြင်တယ်ပေါ့"

"မြင်တယ်လေ၊ ကလေးချင်း ဒီလိုဖြစ်နေကျပဲ … ဘာ ဖြစ်လဲ"

"အရွယ်ကြီးတဲ့ ရှင့်သားက သူ့ထက် အများကြီးငယ်တဲ့ ဒီကလေးကို အနိုင်ကျင့်နေတာ ရှင်တွေ့လျက်နဲ့ လာတားသင့် တာပေါ့။ ဒါကို ရှင်က ဒီအတိုင်းကြည့်နေခဲ့တယ်ပေါ့"

"ဟဲ့ … အဲဒါ ဘာဖြစ်လဲ။ ကလေးချင်းဖြစ်တာပဲ"

"ကလေးချင်းပဲဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် အင်အားကြီးသူက အင်အားနည်းသူကို အနိုင်ကျင့်နေတာ။ ကျွန်မ ကြည့်မနေနိုင်ဘူး"

"ဟဲ့ … ကြည့်မနေနိုင်ရအောင် ဒီရဲညွန့်ဆိုတဲ့ကောင် လေးက နင်နဲ့ အမျိုးတော်နေလို့လား။ နင်က ငါ့သားကို ဝင်လုပ် ရအောင်"





ထိုစဉ် ခြံဝင်းများဘက်မှ မည်းမည်းဝဝ ယောကျ်ား တစ်ဦးက ထင်းချောင်းကြီးတစ်ချောင်းကို ဆွဲကိုင်လျက် အော်ဟစ် ပြေးထွက်လာသည်။

"ဟေ့ … ဘယ်သူလဲ၊ ငါ့သားကို လုပ်တာ"

"ဒီမှာလေ … ကျုပ်တို့သားကို ဒီဟာမက ဆောင့်ဆွဲ လိုက်တာ။ ကျုပ်တို့ရဲ့သားလေး ပက်လက်လန်ကျသွားရတယ် ကိုဂီဝိရဲ့"

ကိုဂီဝိဆိုသော အပေါ်ပိုင်းအင်္ကျီမပါ ဗလာကျင်းထားသည့် ထိုမည်းမည်းဝဝက ထားထားမြင့်ကို ဒေါသတကြီးဖြင့် ရန်စကား ပြောတော့၏။

"ဟင် … နင်က ဘာကိစ္စ ငါတို့ရဲ့သားကို လုပ်ရတာလဲ ဟ … ဟင်။ ဒီပါဒကြီးရွာမှာ ကိုဂီဝိတဲ့ တဝိတည်းရှိတယ်၊ နားလည် လား"

ချစ်သွေး သက်ပြင်းရှိုက်ကာ ရှေ့သို့ တိုးလိုက်သည်။ သို့ သော် ထားထားမြင့်က မောင်အသာနေဟု လက်ကာပြရင်း တား လိုက်ပြီးနောက် ကျားသစ်မလေးတစ်ကောင်နှယ် ပါဒကြီးရွာလူမိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဟန်တူသည့် ကီဝီကို ရင်ဆိုင်လိုက်သည်။

"ဒီမှာ ရှင်တို့ရဲ့သားက ဟိုကလေးလေးကို အရွယ်မ
ဘဲ မတရားအနိုင်ကျင့်နေလို့ ကျွန်မ ဝင်တားရတာပဲ။ ကျွန်မ
မဆိုင်ပေမယ့် အမြင်မတော်တော့ ဝင်တားရတာပဲ။ ဒါကို ရှင်
မကျေနပ်လို့ ရိုက်ချင်သလား။ ရိုက်ချင်ရင် ရိုက်လိုက်လေ . . . ရို
လိုက်"

ထားထားမြင့်က ရဲဝံ့ပြတ်သားစွာပြောရင်း ရှေ့သို့
တစ်လှမ်းတိုးကာ ခေါင်းထိုးပေးလိုက်လေသည်။

ချစ်သွေးမှာ ထားထားမြင့်၏တည်ငြိမ်ရဲဝံ့သော အပြ
ကြောင့် အံ့အားသင့်သွားပြီး စိုးရိမ်စိတ်ဖြင့် ခြေမကြီး၏အရိပ်အ
ကို လှမ်းကြည့်အကဲခတ်လိုက်သလို မလေးနွယ်နှင့် မြမြအေ
သည်လည်း မျက်စိမျက်နှာပျက်လျက် စိုးရိမ်ထိတ်လန့်နေခြ

ကီဝီသည် လက်ထဲမှ ထင်းချောင်းကြီးကို ဆုပ်ကို
သူ့ရှေ့သို့ ခေါင်းထိုးပေးထားသည့် ထားထားမြင့်ကို မျက်လုံး
သားဖြင့် ကြည့်နေ၏။

ခေတ်မီလှပ သိုက်မြိုက်စွာ ဝတ်စားထားပြီး ကြွေရု





နယ် လှပကျော့ရှင်းနေသည့် ထားထားမြင့်ကို ကြည့်ရုံဖြင့် သည်
မိန်းကလေးသည် လူကုံထံအလွှာမှ ပညာတတ်မိန်းကလေးဖြစ်မှန်း
ခြေမကြီး ရိပ်မိလေသည်။

သူမနှင့်အတူပါလာသည့် ရည်မွန်သားနားသော ရုပ်ရည်
ပိုင်ရှင် မောင်မယ်တို့ကိုကြည့်ရသည်မှာလည်း လူချမ်းသာတို့
အသိုက်အဝန်းမှ ပေါက်ဖွားလာသူတို့မှန်း သိသာလှသည်။

ယူနီဗာစီတီတက္ကသိုလ်ကျောင်းသား ကျောင်းသူများပင်
ဖြစ်နိုင်သည်။

ကီဝီအနေဖြင့် သူလိုဆင်းရဲသားအလွှာအချင်းချင်း ရိုက်
ဟ်သတ်ဖြတ်ရန် ဝန်မလေးသော်လည်း အထက်တန်းလွှာမှ မိန်းမ
ချောလေးတစ်ဦးကို ရိုက်ပစ်ရန်မှု ဝန်လေးသွားတော့သည်။

ထို့ကြောင့် ကီဝီမှာ ထင်းချောင်းကြီးကို ကိုင်ဆွဲထားရင်း
ဒွန့်ဆုတ်ဆုတ် ယောင်ချာချာ ဖြစ်နေရလေ၏။

"ရိုက်လေ၊ ရှင် မကျေနပ်ရင် ရိုက်လိုက်ပါ"

"မရိုက်ပါဘူး . . . ငါ မရိုက်ပါဘူး"

ကီဝီက ထင်းချောင်းကြီးကိုပစ်ချပြီး သူ့မယားနှင့် သား



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အိမ်ဝိုင်းဘက် ဆွဲခေါ်သွားပါတော့၏။

ထိုအခါမှ ချစ်သွေးတို့တစ်စုမှာ သက်ပြင်းချနိုင်ပြီး ထား ထားမြင့်ကို ဂျစ်ကားဆီသို့ ခေါ်လာရလေသည်။

"ကဲပါ ထားရယ် . . . လာပါ မောင်တို့ နောက်ဆုံးအခေါ် ကူးတို့သင်္ဘောမီအောင် ပြန်ကြရအောင်"

"ဟုတ်တယ် ထား . . . ပြန်ကြစို့ဟာ"

အပြန်ခရီးတွင် ကူးတို့သင်္ဘောပေါ်၌ ထားထားမြင့်၏ မလေးနွယ်တို့က အံ့ဩချီးကျူးစကားဆိုကြလေသည်။

"ထားရယ် . . . နင်ကတော့ အံ့ရော။ ရွာလူမိုက်လင်မယား နဲ့မှ ရန်သွားဖြစ်ရတယ်လို့"

"ရွာလူမိုက်ဖြစ်ဖြစ်၊ မြို့လူမိုက်ဖြစ်ဖြစ် ထားကတော့ ကိုယ့် မျက်စိရှေ့မှာ မတရားတာတွေ့ရင် ဒီအတိုင်း လက်ပိုက်ကြည့် မနေနိုင်ပါဘူး။ အထူးသဖြင့် ကြီးနိုင်ငယ်ညှဉ်းလုပ်တာမျိုးဆို ထား သိပ်မုန်းတာပဲ။ အနိုင်ကျင့်လို့ရတိုင်း အနိုင်ကျင့်တာမျိုးကို မုန်း တယ်"

ထားထားမြင့်မှာ ထိုသို့သော မိန်းကလေးမျိုးဖြစ်သည်။





မြေအောက်ပန်းချီစတူဒီယိုကဲတွင် ထိုင်ရင်း ချစ်သွေးက သူ့ကို လက်ပိုက်ရပ်ကြည့်နေသည့် ချစ်သူလေးကို ငေးလျက်မှ အတိတ်ဖြစ်ရပ်လေးများကို ပြန်လည်တွေးလိုက်မိခြင်းဖြစ်၏။

ထားထားမြင့်က လက်ပိုက်ရပ်လျက်မှ သူ့ကို တည့်တည့် ကြည့်ရင်း မေးလေသည်။

"ချစ်သူရည်းစားတွေဖြစ်နေပြီး မောင့်ကို ထား အချိန် မပေးနိုင်တာကို စိတ်မကောင်းပါဘူး မောင်။ ဒါပေမဲ့ . . . ထားရဲ့ ရည်မှန်းချက်တွေ အောင်မြင်ပြည့်စုံလာတဲ့တစ်နေ့မှာတော့ မောင့် ကို လက်ထပ်မှာပါ။ အဲဒီအချိန်အထိ မောင့်ကို စောင့်စားပေးစေ ချင်တယ်။ ဒါပေမဲ့"

ထားထားမြင့်က စကားကိုရပ်လိုက်ပြီး ခွေးခြေခုံမြင့် တစ်လုံးယူကာ ချစ်သွေးနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။

ထို့နောက် ချစ်သွေး၏မျက်နှာကို စူးစူးလေးစိုက်ကြည့်ပြီးမှ ဆက်ပြောသည်။

"ဒါပေမဲ့ . . . မောင့်ကို စောင့်ပါလို့တော့ မတိုက်တွန်းဘူး နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ဘယ်လို ထား . . . ဘာကိုပြောတာလဲ"

"ထားဖြစ်ချင်တာတွေဖြစ်ဖို့ ဆက်ကြိုးစားနေတယ်။ အဲဒီကာလမှာ မောင့်အတွက် ထား အချိန်ပေးနိုင်မှာ မဟုတ်ဘူး"

"နေပါဦး ထားရဲ့ . . . ထားဖြစ်ချင်တဲ့ဆရာဝန်မကြီး ဖြစ်နေ ရပြီ မဟုတ်လား။ အခြား ဘာဖြစ်ချင်သေးလို့လဲ။ ပန်းချီဆရာ လည်း ဖြစ်နေပြီလေ"

"ထား ဆရာဝန်မ ဖြစ်တာ ဟုတ်ပါတယ်။ ဒါပေမဲ့ . . . ထား က သာမန်ဆရာဝန်မ ဖြစ်ချင်တာမဟုတ်ဘူး။ ခွဲစိပ်ကုဆရာဝန် ဖြစ်ချင်တာ"

"ခွဲစိပ်ကုဆရာဝန်မ ဟုတ်လား"

"ဟုတ်တယ်၊ မြန်မာပြည်ရဲ့ပထမဦးဆုံး ခွဲစိပ်ကုဆရာဝန် ဖြစ်ချင်တာ"

"အဲဒီလိုပဲ နိုင်ငံတကာမှာပါ ထိုးဖောက်အောင်မြင်တဲ့ ပထမဦးဆုံး မြန်မာပန်းချီဆရာမဖြစ်ချင်တယ် မောင်"

ချစ်သွေးက ခေါင်းညိတ်လိုက်သည်။

"အင်း . . . ဒါတွေဟာ ဖြစ်လာနိုင်တာပဲ ထား။ ထား





အဲဒီလမ်းကြောင်းပေါ် ရောက်နေပြီပဲ၊ ဆက်ကြိုးစားရင် ဖြစ်လာမှာ ပါ"

"ခုလို အားပေးတဲ့အတွက် မောင့်ကို ထား ကျေးဇူး သိပ် တင်ပါတယ်။ ဒါပေမဲ့ အဲဒီလိုဖြစ်ဖို့အတွက် ထား ဘိလပ်မှာ ဆေး သိပ္ပံမဟာဘွဲ့ သွားယူရမယ်။ သုံးနှစ်လောက်ကြာမယ်။ မဟာဘွဲ့ သင်တန်းအတွက်က နှစ်နှစ်၊ ကျမ်းပြုဖို့နဲ့ လက်တွေ့အတွက်က တစ်နှစ်။ ဒီတော့ သုံးနှစ်ကြာမယ်"

"ဟင် . . . သုံးနှစ်တောင်ကြာဦးမယ် ဟုတ်လား"

"ဟုတ်တယ် မောင်။ ထား အခုအလုပ်ဝင်နေတဲ့ ဂျင်မ ခန်နာဆေးရုံက ဒုတိယဆေးရုံအုပ်ကြီး ဦးခင်မောင်အေးရဲ့ ဆက် သွယ်ထောက်ခံပေးမှုနဲ့ အမေရိကန်နိုင်ငံ ချီကာဂိုမြို့က သိပ္ပံသင် တန်း သွားတက်ရမှာပါ . . .။

အဲဒီလို ချီကာဂိုမြို့မှာ သင်တန်းတက်ရင်း နယူးယောက်မြို့ ဒီလာခင်စတိန်းပန်းချီကျောင်းမှာ စာပေးစာယူနဲ့ ဒီပလိုမာသင်တန်း တက်မယ် မောင်။ အဲဒီ နှစ်နှစ်သင်တန်းကနေ ဒီပလိုမာ ရပြီးရင် ဒီလာခင်စတိန်း ပန်းချီပြခန်းကြီးမှာ . . . Solo Show တစ်ကိုယ်တော်



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီပြပွဲ ပြခွင့်ရမယ်။ အဲဒီလို ကမ္ဘာကျော် ပန်းချီပြခန်းကြီး တစ်ကိုယ်တော်ပြပွဲပြခွင့်ရရင် မြန်မာပြည်ရဲ့ နိုင်ငံတကာ ပထမဦးဆုံး ထိုးဖောက်နိုင်တဲ့ ပန်းချီဆရာမ ဖြစ်လာမယ်လေ"

"ထားရဲ့ရည်မှန်းချက်တွေက အင်မတန် ကြီးကျယ်တာပဲ အဲဒီရည်မှန်းချက်တွေ အောင်မြင်ပြီး မြန်မာပြည်ပြန်လာတဲ့အခါ ထားကို လက်ဆက်ရမယ့် ပုလိပ်အင်စပက်တာလေး မောင့်မှာ ထားရဲ့ဂုဏ်ရည်တွေနဲ့ ယှဉ်ရင် နိမ့်နေမှာပါလား . . . ဟား ဟား ဟား"

ချစ်သွေးက အရွှန်းဖောက်ကာ ရယ်လိုက်တော့ ထား ထားမြင့်ကလည်း ပြုံးလိုက်သည်။

"ထားရဲ့ အဲဒီရည်မှန်းချက်တွေဆီ ရောက်အောင်သွားနေ ကြာမယ့်ကာလကို မောင် သည်းခံပြီး စောင့်နိုင်ပါ့မလား။ ထား ကတော့ ချစ်ရတဲ့မောင့်ကိုပဲ လက်ထပ်ချင်လို့ စောင့်စေချင်တယ် ဒါပေမဲ့ စောင့်ပါလို့တော့ မတိုက်တွန်းချင်ပါဘူး။ မောင် သည်းမခံ နိုင်ရင်လည်း အခြားမိန်းကလေးတစ်ဦးကို လက်တွဲလိုက်ပါ မပြောချင်ဘဲ ထား ပြောရတော့မယ်"





ချစ်သူထံမှ မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကား ကြောင့် ချစ်သွေး ကုလားထိုင်မှ ရုတ်ခနဲထပြီး မှန်တံခါးပေါက် ဆီမှာ သွားရပ်လိုက်သည်။

ကျောခိုင်းထားလျက်မှ ထားထားမြင့်ကို စိတ်ထိခိုက်သံ ဖြင့် ပြော၏။

"ဘယ်လိုစကားမျိုးပြောလိုက်တာလဲ ထားရယ်။ မောင် က ဘာဖြစ်လို့ အခြားမိန်းကလေးကို လက်တွဲရမှာလဲ မောင်။ ထားကလွဲလို့ ဘယ်မိန်းကလေးကိုမှ လက်မထပ်နိုင်ဘူး"

ပြီးတော့ သူက ပြန်လှည့်လာကာ ကုလားထိုင်မှာ ပြန် ထိုင်လိုက်ပြီး ထားထားမြင့်၏ လက်ဖျားလေးများကို ဆွဲကိုင်လိုက် ရင်း ခိုင်မာစွာပြောသည်။

"မောင့်ရဲ့အချစ်ကို အထင်မသေးပါနဲ့ ထားရယ်။ ထား အပေါ်ထားတဲ့ မောင့်ရဲ့အချစ်ဟာ ကျောက်သားကျောက်ဆောင် လို ခိုင်မြဲသလို မောင့်ရဲ့သစ္စာဟာလည်း ကမ္ဘာတည်သရွေ့ပါပဲကွယ်။ ထားကို လက်ထပ်ခွင့်ရဖို့ ဘယ်လောက်ပဲကြာကြာ . . . မောင် စောင့်နိုင်ပါတယ်။ ထားရဲ့ရည်မှန်းချက်တွေ အောင်မြင်အောင်သာ



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတားပါ။ မောင် စောင့်ပါ့မယ်''

ထားထားမြင့်၏မျက်ဝန်းပြာပြာကြီးတို့က အရောင်ဘဖျပ်ဖျပ်တောက်လက်သွားကြသည်။

သူမ၏ချစ်ရည်ရွှန်းလဲ့နေသော မျက်ဝန်းတို့တွင် လေးစားတွယ်တာရိပ်တို့ ပြည့်လျှံသွား၏။

''ကျေးဇူးတင်ပါတယ် မောင်ရယ်။ ထား သိပ်ကို ကျေးဇူးတင်ပါတယ်''

***



## ကြမ္မာဆိုးနေ့

ချစ်သွေးက သူနှင့် သူ၏ချစ်သူလေး ဒေါက်တာထားထားမြင့်တို့ တစ်ချိန်က နွေးထွေးလှိုက်လှဲစွာ ပြောဆိုခဲ့ကြသည့် စကားတို့ကို ပြန်လည်ကြားယောင်လာရာမှ အတွေးပြတ်သွားသည့်တွင် ဦးခေါင်းကို စိတ်ပျက်စွာယမ်းလိုက်ပြီးနောက် တောက်တစ်ချက်ခေါက်လိုက်မိတော့သည်။

''တောက်''

ခဏအကြာတွင် သူက ကန့်တော်ကြီးကမ်းစပ် ရေတာမာပင်အောက်မှခွာကာ သူ၏အော်စတင်ကားလေးပေါ် ပြန်တက်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲဘက်သို့ တစ်ရှိန်ထိုး မောင်းထွက်လာခဲ့လေသည်။

ချစ်သွေးက ပန်းဆိုးတန်းလမ်းနှင့် ဒါလဟိုဇီလမ်းထောင့်ရှိ ဘုံဘောရက်စတောရင့်ရှေ့တွင် ကားထိုးရပ်လိုက်ပြီး . . .

စားတော်ဆက်ထဲဝင်ခဲ့ကာ ချောင်ကျကျစားပွဲမှာ ထိုင်လိုက်ပြီး ဝီစကီလေးပက်နှင့် ရေခဲဆော်ဒါ အမြည်းများ မှာလိုက်လေ၏။

ယခုအချိန်မှာ ချစ်သူလေး ထားထားမြင့်ကြောင့် သူ့ရင်က ဗလောင်ဆူလျက်ရှိပြီး လူက ဆောက်တည်ရာမရသလို ခံစားနေရသည်။

ထို့ကြောင့်လည်း စိတ်ကျဉ်းကျပ်မှုများကြားမှ ခေတ္တလွတ်မြောက်စေရန် ဝီစကီကိုမော့ရင်း ရီဝေမှုကို ခံယူနေလိုက်တော့၏။

"ထားရယ် . . . မောင့်ကို ရက်စက်လိုက်ပြီလား"

ဝီစကီသုံးပတ်ခန့် ဝင်သွားပြီးချိန်တွင် သူ့မျက်လုံးအကြည်များက ဝေဝါးစပြုလာပြီးလျှင် ရင်ထဲမှ ကြေကွဲခံစားရမှုတို့လည်း ရှန်းကြွလာရာ နှုတ်မှ တိုးတိုးဖွဖွ မြည်တမ်းနေမိတော့၏။





"ထားရယ် . . . ထားကို မောင် ဘယ်လိုမှ နားမလည်နိုင်တော့ဘူးကွယ်။ မောင် ဘယ်လိုမှ နားမလည်တော့ဘူး"

ချစ်သွေးသည် ဝီစကီလက်ကျန်ကို ရှင်းလိုက်ပြီးနောက် အသားဖတ်တစ်ဖတ်ကို ကောက်ယူမြည်းလိုက်လေ၏။

သူ၏ခေါင်းက ပိုမိုရီဝေလာပြီး ရင်က ပို၍နာသလို ခံစားသာရ၏။

အရက်ကို မူးအောင်သောက်သည့်တိုင် သူ့ရင်ထဲမှ ဝေဒနာ လျော့မသွားချေ။

"ထားရယ် . . . သိပ်မုန်းဖို့ကောင်းတဲ့ ကြမ္မာဆိုးကြီးက အောင်တို့နှစ်ယောက်ရဲ့ချစ်ခရီးလမ်းကို တစ်စစီဖြစ်အောင် ဖျက်ဆီးလိုက်ပြီ"

"ကြမ္မာရိုးလှတဲ့သားကောင်က မောင်တို့ရဲ့အနာဂတ် ချစ်ဒီမာန်ကြီးကို လွင့်ပျောက်သွားအောင် ဖျက်ဆီးလိုက်ပြီ၊ ဖျက်ဆီးလိုက်ပြီ . . . အေ့"

သူက ဘိုင်ကို နောက်ထပ်ဝီစကီတစ်ပက် ထပ်ရှာလိုက်ပြီး ဝီစကီရောက်လာတော့ ဆော်ဒါနှင့် ရေခဲရောကာ ခပ်မြုန်းမြုန်း



www.burmeseclassic.com

www.burmeseclassic.com



မောသောက်လိုက်၊ အမြည်းဝါးလိုက် လုပ်နေလိုက်သည်။ ထို့နောက် ကရင်ဗင်အော စီးကရက်ကို ဖွာနေရင်း သူ၏အတွေးများက ပိုမို၍ မှုန်ရီဝေဝါးလာသည့်တိုင် ကြမ္မာဆိုးကို သယ်ဆောင်လာသည့် ကြမ္မာ ရှိုင်းကောင်နှင့် သူ့ချစ်သူလေး ထားထားမြင့်တို့ ဆုံဆည်းခဲ့ရပုံ အကြောင်းကို ပြန်ပြောင်းမြင်ယောင်လာမိပြန်ပါတော့၏။

*

ထိုနေ့က ထားထားမြင့် ဂျူတီနားရက်ဖြစ်သည်။

"မမလေး မမလေး . . . မနက်ဖြန်နားရက်မှာ ကျွန်မအဒေါ် ဆွဲဆီ သွားလည်ပါရစေ။ အဒေါ်က သိပ်နေကောင်းတာ မဟုတ် ဘူး စိတ်ပူလို့ သွားကြည့်ပါရစေနော်"

မနေ့ကတည်းက နော်ဖော့လူက အင်းစိန်ဘက်ရှိ သူမ၏ အမျိုးတို့ထံ သွားလည်ခွင့်တောင်းထားသဖြင့် ထားထားမြင့်က ခွင့် ပြုလိုက်သည်။

ထို့ကြောင့် ယင်းနေ့တွင် အိမ်တွင် သူမတစ်ဦးတည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေ၏။

သူမက နံနက်ခင်းကတည်းက ခြံထဲမှာ ပန်းအိုးလေးများဖြင့် နှင်းဆီပျိုးပင်လေးတို့ကို စိုက်နေခဲ့ခြင်းဖြစ်သည်။

နေအတော်မြင့်လာချိန်တွင် ခြံတံခါးဝဆီမှ ခေါင်းလောင်းလေးကို လှုပ်သံကြားသဖြင့် ပန်းအိုးတို့ကို ဟိုနားမရွှေ့ သည်နားမ,ရွှေ့လုပ်နေရာမှ လှည့်ကြည့်လိုက်၏။

ခြံတံခါးဝတွင် လူရွယ်တစ်ဦးရပ်နေသည်ကို တွေ့ရသည်။

သူမက လက်ဖဝါးချင်း ပွတ်ခတ်ကာ ဖုန်တို့ ခါလိုက်ရင်း ခြံဝဆီ လျှောက်သွားလိုက်၏။

"ဘာကိစ္စလဲ၊ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ကျွန်တော့်ကို ဒေါ်မေရီ လွှတ်လိုက်လို့ပါ။ ဒေါက်တာရဲ့ အိမ်မှာ ရေတင်တဲ့မော်တာပန့် ပျက်နေတယ်ဆိုလို့"

"ဪ"

ခုမှ သူမ သတိရသည်။ ဟုတ်ပါရဲ့ လွန်ခဲ့သည့်နှစ်ရက်က ရေတင်သည့်မော်တာပန့် ပျက်နေသဖြင့် ပြင်လိုကြောင်း ဆေးရုံမှ စစ္စတာကြီးဒေါ်မေရီကို အမှတ်မထင် ပြောလိုက်မိသည်။





"ဒေါက်တာ ပြင်ချင်ရင် ကျွန်မ လူလွှတ်ပေးလိုက်မယ်လေ။ အဲဒီသူငယ်က ကျကျနနပြင်တတ်တယ်။ ကျွန်မတို့ တိုက်ခန်းမှာ ရေတင်မော်တာပန့်ပျက်ရင် ငရဲပဲ။ အရင်ပြင်နေကျလူက သူ့ဇာတိပြန်သွားလို့ သူ ဆက်သွယ်ပေးခဲ့တဲ့ မောင်နေရဲကို ခေါ်ခိုင်းရတယ်။ အဲဒီနေရဲကို ကျွန်မ လွှတ်ပေးလိုက်မယ်လေ"

"အင်း . . . ပြင်တတ်သူရှိရင် လွှတ်ပေးလေ စစ္စတာကြီး။ အခု ပန့်ပျက်နေလို့ ရေတွင်းထဲက ရေကို အိမ်ဖော်မလေးက လက်နဲ့ ငင်ငင်နေရတယ်။ ပြီးတော့ ရေတွင်းကနေ အိမ်နောက်ဘက်အထိ ရေပါသွဲ့ရတော့ အင်မတန် ပင်ပန်းတာပေါ့"

"ဟုတ်ပြီ . . . ဟုတ်ပြီ။ အဲဒီနေရဲဆိုတဲ့သူငယ်ကတော့ စထမလှထက်တောင် ကျွမ်းကျင်သေးတယ်။ ဒေါက်တာ့ဂျူတီ နားချိန်မှာ လွှတ်ပေးလိုက်မယ်လေ"

"သင့်ခ်ယူ စစ္စတာ"

ထိုသို့ စစ္စတာကြီးဒေါ်မေရီနှင့် ပြောဆိုခဲ့သည်ကို ပြန်လည်အမှတ်ရလာသည်။

"ဪ . . . ဟုတ်ပြီ, ဟုတ်ပြီ၊ နေရဲဆိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခြံဝအထိ မသွားတော့ဘဲ လမ်းတစ်ဝက်မှာပင် ရပ်ကာ လှမ်းမေးလိုက်၏။

ခြံဝမှလူက သက္ကလပ်လျှာထိုးဦးထုပ်လေးကို ရှေ့သို့ ခပ်ငိုက်ငိုက် ဆွဲချလိုက်ပြီး ဖြေသည်။

"ဟုတ်ကဲ့ . . . ကျွန်တော်နေရဲပါ"

"အော် . . . ဟုတ်ပြီ၊ ဝင်ခဲ့လေ"

နေရဲဆိုသူက ခြံတံခါးကို တွန်းဖွင့်ဝင်လာသည်။ သူက အရပ်မြင့်ပြီး ကိုယ်လုံးကိုယ်ပေါက် အတော်ကြံ့ခိုင်သည်။ စပို့ရှပ်လက်စက အညိုရောင်နှင့် ဖျင်ကြမ်းဘောင်းဘီရှည် နီညိုရောင် ဝတ်ထားပြီး စစ်လွယ်အိတ်အဟောင်းလေးကို ပခုံးမှာ စလွယ်သိုင်း လွယ်ထားလေသည်။

လေးထောင့်ဆန်သောမျက်နှာတွင် နှုတ်ခမ်းမွေးသဲ့သဲ့ခြင်း နှာတံပေါ်ပေါ်၊ မျက်လုံးတောက်တောက်၊ မျက်ခုံးထူထူနှင့် ဖြစ်၏။

သူ့ပုံစံက စက်ပြင်အလုပ်သမားတစ်ယောက်နှင့်မတူ။ နိုင်ငံခြားဘိုင်စကုတ်ကားတို့ထဲမှ ခပ်ကြမ်းကြမ်းကောင်းဘွိုင် မင်းသားနှင့် တူနေသည်။





သူ ခြံထဲဝင်လာသည်နှင့် ထားထားမြင့်က သူ့ကို စောင့်မနေတော့ဘဲ တစ်ထပ်တိုက်လေးဆီ ပြန်လျှောက်လာခဲ့၏။

နေရဲက အတော်အတန် ကျယ်ဝန်းသည့် ခြံလေးကို မျက်လုံးဝေ့ကြည့် အကဲခတ်လိုက်ပြီးနောက် သူ့ကိုကျောခိုင်း လျှောက်သွားနေသည့် အိမ်ရှင်အမျိုးသမီးကိုကြည့်ကာ နောက်မှ လျှောက်လိုက်ဝင်လာသည်။

သူမက ကာကီရောင်ဘောင်းဘီတိုလေးကို ဘလောက်အင်္ကျီဖြူဖြူလေးနှင့် တွဲဖက်ဝတ်ထားသည်။ ခါးလယ်ခန့်ရှည်မည့် ဆံနွယ်တို့ကို လည်ကုတ်နားတွင် စုစည်းကာ ဖဲပြားအဝါရောင်လေးနှင့် စုချည်ထား၏။

ဖြူဖြူဝင်းသောအသားရေနှင့် အတော်လှသော ဆရာဝန်မလေးပဲဟု နေရဲ တွေးထင်လိုက်သည်။

"ပန့်ကို ဖြုတ်ထားတယ်။ ဟောဟို ကားဂိုဒေါင်ထဲမှာ။ နေဦး . . . ဂိုဒေါင်ဖွင့်ဖို့သော့ ကျွန်မ သွားယူလိုက်ဦးမယ်"

ထားထားမြင့်က တိုက်ပုလေးထဲ လှမ်းဝင်ခဲ့ရာမှ သူမကိုယ်သူမ သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲတော့ . . . ငါက ဘောင်းဘီတိုကြီးနဲ့ မဖြစ်သေးပါဘူး သူ့စိမ်ယောက်ျားရှေ့မှာ"

တမြန်နေ့ နံနက်စောစောက သူမ၏ဖခင် ဦးခင်ဇော် လာပို့ထားသည့် နှင်းဆီပျိုးပင်ပေါက်တို့ကို ယနေ့မနက်မှာ ပန်းအိုးလွတ်တို့တွင် သဲ, ဖွဲ့, မြေဆွေးတို့ဖြင့် သေချာစိုက်ပျိုးမှာမို့ လွတ်လွတ်လပ်လပ် အလုပ်လုပ်နိုင်စေရန် ဘောင်းဘီတိုတိုဝတ်ထားမိခြင်း ဖြစ်သည်။

"အင်း . . . ဒီဘောင်းဘီအတိုနဲ့တော့ မဖြစ်ဘူး"

သူမက အိပ်ခန်းထဲ ပြေးဝင်ခဲ့ပြီး အချိန်ကြာနေမည်လည်းစိုးသဖြင့် တန်းပေါ်မှ စကတ်တစ်ထည်ကို ကောက်ဝတ်လိုက်လေသည်။

ပြီးတော့ အိပ်ခန်းထဲမှ ပြန်ထွက်လာပြီး ဧည့်ခန်းနံရံချိတ်တွင် ချိတ်ထားသည့် သော့တွဲကိုယူကာ အိမ်ရှေ့တံခါးပေါက်ဆီ ပြန်ထွက်လာခဲ့၏။

နေရဲက ပေါ်တီကိုအောက်မှာရပ်ကာ စစ်လွယ်အိတ်ကို ပြင်လွယ်လျက် ခြံထဲသို့ ငေးကြည့်ရင်း စောင့်နေသည်။





"လာ လာ"

သူမက သူ့ကိုခေါ်ပြီး အိမ်ခြေရင်းဘက်ကပ်လျက်ရှိ ကားဂိုဒေါင်ဆီ ခေါ်သွားသည်။

ဂိုဒေါင်တံခါးသော့ဖွင့်ဝင်လိုက်ပြီး နံရံတစ်ဖက်အနီး ချထားသည့် ပန့်ကိုပြ၏။

"ဒီပန့်ပဲ ခြံထဲကို မ,ခဲ့လေ။ ဒီမှာဆို ပြင်ရတာ လွတ်လပ်မှာမဟုတ်ဘူး"

နေရဲက ဘာမျှမပြောဘဲ မော်တာပန့်ခ်ကို မ,ကာ ခြံရှေ့ပိုင်း လက်ယာဘက်ရှိ ရေတွင်းအနီးသို့ ယူလာသည်။

နေရဲက ရေတွင်းကို ပတ်ပိုင်းထားသည့် ကွန်ကရစ်အခင်းပေါ်တွင် ပန့်ကို ချလိုက်ပြီးနောက် သူ၏စစ်လွယ်အိတ်လေးထဲမှ ကိရိယာတန်ဆာပလာတို့ကို ထုတ်လိုက်သည်။

"ရှင် ဒီမှာပြင်နှင့်နော်။ ကျွန်မ ကော်ဖီဖျော်ခဲ့မယ်၊ ရှင် ကော်ဖီကြိုက်တယ် မဟုတ်လား"

နေရဲက ပန့်ကို စစ်ဆေးနေရာမှ သူမကို မော့ကြည့်သည်။ သူ့အမူအရာက အေးအေးဆေးဆေးပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီ ကြိုက်ပါတယ်။ ဒါပေမဲ့ . . . ခင်ဗျားကိုယ်တိုင် ဖျော်မှာလား၊ အိမ်ဖော်ကောင်မလေး ဖျော်မှာလား"

"ဩော် . . . ကျွန်မရဲ့အိမ်မှာ အိမ်ဖော်ကောင်မလေးရှိတာကို စစ္စတာကြီးက ပြောထားတယ် ထင်တယ်"

နေရဲက နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးတက်သွားရုံလေး ပြုံးလိုက်သည်။

"ဟုတ်တယ် . . . စစ္စတာကြီးက ခင်ဗျားဟာ သဘောကောင်းပေမယ့် ဘယ်အရာကိုမဆို စေ့စေ့စပ်စပ် သေသေချာချာ လုပ်မှ ကြိုက်တတ်တယ်လို့ ပြောပါတယ်။ စိတ်ချပါ . . . ကျွန်တော် ပြင်ပြီးတဲ့ စက်ပစ္စည်းတစ်ခုဟာ ခြောက်လတစ်နှစ်လောက်ကတော့ ထပ်ကိုင်စရာ မလိုစေရပါဘူး"

"ဒါဆိုရင်တော့ ကောင်းတာပေါ့ရှင်။ ဟုတ်တယ် . . . ကျွန်မက ဘယ်အရာကိုမဆို ပေါ့လျော့လျော့လုပ်ရင် မကြိုက်ဘူး။ ကဲ . . . ကဲ . . . ကျွန်မ ကော်ဖီသွားဖျော်လိုက်ပါဦးမယ်"

"အိမ်ဖော်မလေးကို ခိုင်းမှာ မဟုတ်ဘူးလား"

"သူ မရှိဘူးရှင့်၊ သူ့အမျိုးတွေရှိတဲ့ အင်းစိန်ခဝဲခြံကို





သွားလည်တယ်"

"ဩော် . . . ဩော် . . . ကော်ဖီဖျော်ရင် ခါးခါးလေး ဖျော်ပေးဖို့ မှာချင်လို့ပါ"

"အိုကေ . . . ကျွန်မလည်း ကော်ဖီဆိုရင် ခါးခါးမှကြိုက်တာရှင့်"

ထားထားမြင့်က ပြုံးလျက် ပြောလိုက်ပြီးနောက် တိုက်ပုလေးဆီသို့ ခပ်သွက်သွက် လှမ်းလျှောက်သွား၏။

အနက်ရောင်စကတ်အနားသားအောက်မှ သကောက်ခွက် ဖွေးဖွေးလေးတို့နှင့် လုံးဝန်းသွယ်ပျောင်းသည့် သလုံးသားဝင်းဝင်းတို့ကို နေရဲ စူးစူးလေးစိုက်ကြည့်ရင်း သက်ပြင်းရှိုက်လိုက်သည်။

ခဏကြာတော့ သူမက ကော်ဖီပန်းနှင့် သစ်သားခွေးခြေပုလေးနှစ်လုံးကိုပါ ယူလာသည်။

နေရဲအနီး၌ ခွေးခြေလေးတစ်လုံး ချလိုက်ပြီး ကော်ဖီပန်းကို ခွေးခြေလေးပေါ် တင်လိုက်၏။ နောက်ခွေးခြေတစ်လုံးကို နေရဲ ထိုင်ရန် ပေးသည်။

"လိုတာရှိရင် ပြောနော်၊ ကျွန်မ အိမ်ထဲမှာရှိမယ်"



www.burmeseclassic.com

www.burmeseclassic.com



နေရဲက သူမကို ပြုံးလျက် လှည့်မော့ကြည့်သည်။

"ဟုတ်ကဲ့ပါ"

ထားထားမြင့်က နှင်းဆီပန်းအိုးလေးများကို ရေအနည်းငယ် ဖြန်းလိုက်ပြီးနောက် ဘာလီပုံးကိုဆွဲကာ အိမ်ထဲဝင်လာလိုက်သည်။

"ကိုနေရဲဆိုတဲ့လူကို ကြည့်ရတာ တစ်မျိုးပဲ။ သူဟာ စက်ပြင်အလုပ်သမားတစ်ယောက်ဖြစ်ပေမယ့် သိမ်သိမ်ငယ်ငယ် မရှိလှဘူး။ သူ့အမူအရာက ဘယ်အရာကိုမှ ထီမထင်သလိုလို အေးတိအေးစက်နဲ့။ သူ့အပြုံးကလည်း မထေမဲ့မြင်လိုလို၊ အိမ်မှာ ငါ တစ်ယောက်တည်းရှိတဲ့ ခုလိုအချိန်မှာ သူ့ကို ပန်းပြင်ခိုင်းမိတာ မှားပြီထင်တယ်"

"အင်း . . . အခုနေ မောင်ရှိရင် သိပ်ကောင်းမှာပဲ။ သူစိမ်းယောကျ်ားတစ်ယောက် ရောက်နေချိန်မှာ မောင့်ကို အဖော်ခေါ်ထားနိုင်ရင်ကောင်းမှာ"

"မောင်ကလည်း တစ်နေ့ကပဲ အလုပ်တာဝန်နဲ့ မန္တလေးသွားနေတယ်"





"အို . . . ဘယ်သူမှမရှိလည်း သိပ်ပူပန်စရာမလိုပါဘူးလေ။ ပန်းပြင်တာ သိပ်ကြာမှာလည်း မဟုတ်ပါဘူး"

သူမက နေရဲနှင့်ပတ်သက်ပြီးတွေးရင်း အိမ်ရှေ့ သံဘာဂျာတံခါးကို ဆွဲပိတ်ကာ အတွင်းမှ သော့ခလောက်ကို ဖိနှိပ်ပိတ်လိုက်လေသည်။

သူမ အင်္ဂလန်မှ ပန်းချီဒီပလိုမာသင်တန်းတက်ခွင့်ရရန်မှာ ကိုယ်တိုင်ရေးပန်းချီကား ငါးကား တင်ပြရမည်ဖြစ်သဖြင့် ယင်းအတွက် စိတ်ကြိုက်ပန်းချီကားများရေးဆွဲနေရာ နှစ်ကားနှင့် တစ်ဝက်ပဲ ပြီးသေးသည်။

သို့ကြောင့် အလုပ်အားရက်တွင် ပန်းချီကို ဖိရေးရန် ကြံခဲ့သော်လည်း နှင်းဆီပျိုးပင်များကို အချိန်မီစိုက်ရန်လိုသဖြင့် ယခုအချိန်အထိ စတူဒီယိုအခန်းဆီ မဆင်းဖြစ်သေးချေ။

သည်ကြားထဲ ပန်းပြင်ရန်ကိစ္စ ပေါ်လာသဖြင့် ပိုဆိုးတော့သည်။

"အင်း . . . ပန်းပြင်တဲ့ကိစ္စ မပြီးမချင်း ငါ ပန်းချီခန်းဆီ ဆင်းလို့ရမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက မလွဲမရှောင်သာစွာ အချိန်ဖြုန်းရန်အတွက် ညှော်ခန်းဆိုဖာတစ်လုံးပေါ်တွင် ထိုင်လိုက်ပြီး ပြင်သစ်နိုင်ငံထုတ် ပန်းချီမဂ္ဂဇင်းကို ဟိုလှန် သည်လှန်ဖြင့် ဖတ်နေလိုက်သည်။

ကမ္ဘာကျော်ပန်းချီဆရာကြီးလီယိုနာဒိုဒါဗင်ချီ၏နာမည်ကျော် ပန်းချီကားဖြစ်သည့် မိုနာလီဆာပန်းချီကားကို (၁၅၁၇) ခုနှစ်တွင် ပြင်သစ်ဘုရင် ဖရန်ဆစ် (၁) က သူ၏ရေချိုးခန်းတွင် ချိတ်ဆွဲရန် ရွှေအလေးချိန် (၄၉၂) အောင်စရှိသော ဖလိုရင့် ရွှေဒင်္ဂါးပြားတို့ဖြင့် ပေးဝယ်ခဲ့သောအကြောင်းကို ဖတ်ရင်း သူမ၏အာရုံက စာအုပ်ထဲ နစ်ဝင်သွားလေသည်။

"ဂလောက် ဂလောက် ဂလောက်"

စာအုပ်ထဲ စိတ်ဝင်စားနေစဉ် သံဘာဂျာတံခါးဆီမှ သော့ခလောက်ဖြင့် ခေါက်သံကြောင့် ထားထားမြင့် သတိဝင်သွားပြီး အိမ်ရှေ့တံခါးဝဆီ လှမ်းကြည့်လိုက်၏။

"ပန်းပြင်ပြီးသွားပြီ။ ပိုက်တွေနဲ့လည်း ဆက်ပြီးသွားပြီး စမ်းမောင်းကြည့်ရအောင် မီးလွှတ်ပေးပါ"

နေရဲက သံဘာဂျာတံခါးကို လက်တစ်ဖက်ဖြင့် ကိုင်ထား





ရင်း လှမ်းပြောသည်။

"ဪ ... အင်း အင်း"

ထားထားမြင့် ထိုင်ရာမှထပြီး အိမ်ခြေရင်းနံရံပေါ်မှ မီးခလုတ်ခုံဆီသွားသည်။ ပြီးတော့ ပန့်နှင့်ဆက်သွယ်ထားသော မီးပလက်ကို ဆော့ကတ်မှာ ထိုးလိုက်၏။

"ဟုတ်ပြီ ... ပန့်က အလုပ်လုပ်နေပြီ။ ဟော ... ရပ်သွားပြီ။ ဟာ ... ညှော်နံ့ရပါလား"

"ဒီ ... ဒီပလပ်ခုံက မီးခိုးတွေထွက်နေတယ်"

ထားထားမြင့်က မီးခိုးညှော်နံ့ ထွက်နေသည့် မီးခလုတ်ခုံဆီ လက်ညှိုးထိုးပြသည်။

"ဟာ ... အဲဒါ ပလပ်ခုံထဲမှာ ရှော့ခ်ဖြစ်နေတာ။ အိမ်မီး လောင်တတ်တယ်"

"အို!"

လျှပ်စစ်ကိုနားမလည်လှသော ဆရာဝန်မလေး မျက်လုံးပြူးသွားသည်။

"ဒီအတိုင်းဆို ပန့်ကို သုံးလို့ရမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆို. . . ဘယ်လိုလုပ်မလဲဟင်"

အဲဒီမီးခလုတ်ခုံပေါ်က မိန်း (Main) ခလုတ်ကို ချလိုက်၏။

ပြီးလျှင် သူ၏ စစ်လွယ်အိတ်လေးထဲမှ ဝက်အူလှည့် (Screw Driver) ကို ထုတ်လိုက်ကာ မီးပလပ်ကို ဆွဲနုတ်ပြီးမှ ဆော့ကက် (Socket) ကို ဝက်အူလှည့်ဖြင့် လှည့်ဖြုတ်သည်။

သူ ဆော့ကတ်ဖြုတ်နေတုန်း ထားထားမြင့်က အိမ်နောက်ဖေးစတိုခန်းဆီသွားကာ ဆော့ကက်အသစ်တစ်လုံး ယူလာပေး၏။

ဆော့ကက်လဲတပ်ပြီးမှ ပလပ်ပြန်ထိုးလိုက်ရာ အိမ်အပြင်ဘက်မှ ပန့်လည်သံကို ကြားရသည်။

"ကဲ . . . ပန့်ကတော့ အလုပ်လုပ်နေပြီ။ ရေတိုင်ကီပေါ် ရေတက်,မတက် သွားစစ်ဆေးလိုက်ပါဦး။ တစ်ခုခုပိတ်ဆို့နေရင် တစ်လက်စတည်း လုပ်ပေးသွားမယ်"

ထားထားမြင့်က အိမ်နောက်ဘက်သို့ဝင်ခဲ့ကာ နောက်ဖေးတံခါးဖွင့်ပြီး အိမ်အပြင်သို့ ထွက်လိုက်၏။

အိမ်နောက်ဘက်တွင်ကပ်လျက်တည်ရှိသော သစ်သား လေးတိုင်စင်မြင့်ပေါ်မှ လေးထောင့်သံတိုင်ကီဆီ မော့ကြည့်လိုက်ရာ တိုင်ကီထဲ ရေဖွေးဖွေးတို့ တဝေါဝေါကျနေသည်ကို မြင်ရ၏။

"အင်း . . . ခုမှ စိတ်ချမ်းသာသွားတော့တယ်"

သူမက ကျေနပ်စွာပြုံးလျက် သူမကိုယ်သူမ ပြောရင်း အိမ်ထဲပြန်ဝင်ကာ နောက်ဖေးတံခါးပိတ်ပြီး ချက်ထိုးလိုက်သည်။

ချက်ထိုးပြီး ပြန်လှည့်လိုက်သည့်တွင် အိမ်မကြီးမှ မီးဖိုဆောင်သို့ဝင်သည့် တံခါးပေါက်၌ နေရဲရစ်နေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့၏။

"ဟင် . . . ရှင် ရှင် ဘာဖြစ်လို့ ဝင်လိုက်လာတာလဲ"

နေရဲက လက်နှစ်ဖက်ကို ဘောင်းဘီဘေးအိတ်တို့ထဲ ထိုးသည်ကာ ခြေစုံရပ်ရင်း နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးတက်သွားအောင် ပြုံးလိုက်လေသည်။

"ကော်ဖီတစ်ခွက်လောက် ထပ်သောက်ချင်လို့ပါ"

"အင် . . . အင် . . . ဒါဆို ရှင် ဧည့်ခန်းထဲက စောင့်နေ[illegible]။ ကျွန်မ ဖျော်ပြီး ယူလာခဲ့မယ်"

သူက မထေမဲ့မြင် အပြုံးလေး ထပ်ပြုံးလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ကိုယ်က မင်းကော်ဖီဖျော်တာကို စောင့်ကြည့်ချင်တာ"

သူမ ဒေါသထောင်းခနဲ ထွက်သွားသည်။

"အို . . . မဟုတ်တာ၊ ရှင် အပြင်ထွက်သွားပါ။ ခုချက်ချင်း ထွက် . . . ထွက်လေ"

"ဟင်း ဟင်း ဟင်း . . . ကိုယ်က ကိုယ်ဖြစ်ချင်တာ မဖြစ်ရမချင်း ကျေနပ်တတ်သူမဟုတ်ဘူး။ ကဲပါ . . . ကော်ဖီဖျော်မှာဖြင့် ဖျော်ပါ။ မင်းရဲ့လှုပ်ရှားမှုလေးတွေကို ကိုယ်ကြည့်ပါရစေ"

"ဒီမှာ ရှင် သိပ်စော်ကားလွန်းနေပြီနော်၊ ခုချက်ချင်း ထွက်သွား၊ ရှင်မသွားရင် ပုလိပ်ဌာနကို ဖုန်းဆက်တိုင်ရလိမ့်မယ်"

"ဟား ဟား ဟား . . . မင်းဖုန်းဆက်လို့ မရတော့ပါဘူး။ ဖုန်းကြိုးကို ကိုယ်ဖြုတ်ထားလိုက်ပြီးပြီ"

"ဟင် . . . ရှင် ရှင်"

သူမအတွက် မမျှော်လင့်ဘဲ ကြီးမားသည့်အန္တရာယ်ကြီး ကျရောက်တော့မည်မှန်း ထားထားမြင့် သိလိုက်ရပြီ။

သူမက မီးဖိုချောင်နံရံရှိ ဓားခွက်ထဲမှ သားလှီးဓားဦးချွန်ကို





လျင်မြန်စွာ ဆွဲယူလိုက်သည်။

"ဒီမှာ ကျွန်မ တကယ် ဓားနဲ့ ထိုးမှာနော်။ ရှင် ယီးတီး ယားတား မလုပ်နဲ့၊ ခုထွက်သွား" /

"ဟား ဟား ဟား . . . မင်းက အတော်ရယ်ရတာပဲ။ ငါ့လို ကျားရိုင်းတစ်ကောင်ကို အဲဒီလိုဓားလေးနဲ့ ခြိမ်းခြောက်လို့ ရမယ်ထင်နေတာလား"

သူက မထေမဲ့မြင်အပြုံး ပြုံးလျက် ရှေ့တိုးလာရာ သူ့ကို ဓားဦးဖြင့် ချိန်ရွယ်ရင်း ထားထားမြင့်က နောက်သို့ ခြေနှစ်လှမ်း ဆုတ်လိုက်ရသည်။

"ရှင် ရှင် . . . ရှေ့မတိုးနဲ့နော်"

"ဟား ဟား ဟား . . . သိပ်လည်း ထိတ်လန့်တုန်လှုပ် မနေပါနဲ့ကွာ။ မင်းကို ထိခိုက်နာကျင်အောင် ကိုယ်မလုပ်လိုပါဘူး။ ကိုယ်လိုချင်တဲ့အချစ်ကို မင်း အေးအေးဆေးဆေး ပေးစေချင်တယ်"

"ရှင် ရှင် ခွေးစကားမပြောနဲ့။ ကျွန်မကို ဘယ်လိုမိန်းမ စားမျိုး မှတ်နေလဲ။ အသက်သာ အသေခံလိုက်မယ် ရှင့်လို လူ



www.burmeseclassic.com

ယုတ်မာ လူ့အောက်တန်းစားကို အသားတောင်အထိမခံဘူး သိလား"

"ဟား ဟား ဟား ... ဟုတ်တာပေါ့။ ကျုပ်က အောက်တန်းစားပါ။ ငယ်ငယ်ကတည်းက မိဘတွေမရှိတော့လို့ ဦးလေးအိမ်မှာ နေခဲ့ရတယ်။ ကျွန်တစ်ယောက်လို သူ့ဝပ်ရှော့မှာ ဗိုင်းလုပ်ရင်း မဝရေစာစားပြီး ကြီးပြင်းလာရတဲ့ လူ့အောက်တန်းစားပါ ...။

လူ့အောက်တန်းစားဆိုတော့ အရွယ်ရောက်လာချိန်မှာ အောက်တန်းစားမိန်းမတွေနဲ့ပဲ ဆုံဆည်းခွင့်ရခဲ့တာပေါ့ ...။

အဲဒီအပေါစားကောင်မတွေကို ကိုယ်က ငြီးငွေ့နေတာကြာပြီ။ တကယ်တော့ ကိုယ် ကြုံဆုံချင်တာ မင်းလို အထက်တန်းလွှာက မိန်းကလေးမျိုးပဲ ...။

အပေါစားလမ်းဘေးမှာ အလေ့ကျပေါက်နေတဲ့ မြက်ရိုင်းပန်းတွေကို ကိုယ်ငြီးငွေ့နေပြီ။ မင်းလို တော်ဝင်သဇင်ပန်းလေးရဲ့ မွှေးရနံ့ကို နမ်းရှိုက်ခွင့်ပြုပါနော်။ ဟုတ်လား"

ပြောရင်း နေရဲက ရှေ့သို့တိုးလာရာ ဒေါသစိတ် ငယ်ထိပ်ရောက်နေသည့် ထားထားမြင့်က လက်ထဲမှ ဓားဦးချွန်ဖြင့် နေရဲ၏





ဝမ်းဗိုက်ကို အားကုန်ထိုးထည့်လိုက်သည်။

"ကဲ ... ကဲ"

သို့သော် ဓားက လေကိုသာ ထိုးမိသွား၏။

နေရဲက နောက်ခြေကို နောက်ဘေးဘက်သို့ ရုတ်ခနဲဆုတ်ပြီး ကိုယ်ခန္ဓာကို တစ်စောင်းလှည့်လိုက်ရာ ဓားဦးချွန်က သူ့ဝမ်းဗိုက်ရှေ့မှ ကပ်ထွက်သွားတော့သည်။

သူက ထားထားမြင့်၏ဓားကိုင်ညာလက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်ပြီး သူမ၏လက်ကို နောက်ပြန်လှန်ချိုးကာ ဓားကို လုယူလိုက်၏။

"ဘယ်ရမလဲ"

"အား"

ထားထားမြင့်၏လက်ကောက်ဝတ်အဆစ်နေရာမှ မီးစဖြင့် ထိုးသလို ပူခနဲဖြစ်အောင် ခံစားလိုက်ရပြီး လက်ထဲမှဓား လွတ်သွားတော့သည်။

ချက်ချင်းဆိုသလိုပင် နေရဲက သူမ၏ဦးခေါင်းနောက်မှ ဆံကျစ်စွာ ဆုပ်ကိုင်ဆောင့်ဆွဲလိုက်ရာ ထားထားမြင့်မှာ ခေါင်း

www.burmeseclassic.com



မော့လျက် သူဆွဲခေါ်ရာသို့ ရှန်းကန်ရင်း ပါလာရ၏။

နေရဲက သူမ၏ဆံပင်ကို ကြမ်းတမ်းစွာ ဆောင့်ဆွဲပြီး လေးထောင့်စားပွဲခုံဆီ အတင်းဆွဲခေါ်လေသည်။

ထားထားမြင့်က တံတောင်ဖြင့် နောက်ပြန်တွတ်လိုက်ပြီး ခြေဖြင့် နောက်ပြန်ကန်ရန် ကြိုးစား၏။

သို့သော် နေရဲက သူမ၏ဆံပင်ကို မလွှတ်စတမ်း စုကိုင်လျက် ကြမ်းတမ်းစွာ ဆွဲလှည့်လိုက်ရာ ပြင်းထန်သောနာကျင်ခြင်းဝေဒနာနှင့်အတူ ထားထားမြင့်မှာ တစ်ပတ်လည်ပါသွားပြီး ထမင်းစားပွဲခုံပေါ်သို့ ကိုယ်အပေါ်ပိုင်းက ငိုက်ကျသွားရ၏။

သူမက ဆက်လက်ရုန်းကန်နေသဖြင့် နေရဲက သူမ၏ မျက်နှာနှင့် စားပွဲမျက်နှာပြင်ကို သုံးလေးချက် ဆင့်ဆောင့်ထည့်လိုက်သည်။

"ဒုန်း ဒုန်း ဒုန်း"

"အား"

နေရဲက ဝဲဘက်လက်ဖြင့် သူမ၏ဆံပင်ကို တင်းတင်းကိုင်ထားပြီး သူမ၏ခေါင်းကို အတင်းဖိနှိပ်ထားရာ ထားထားမြင့်မှာ





ထမင်းစားပွဲမျက်နှာပြင်ပေါ် မျက်နှာဘေးတိုက်အပ်လျက် အနေအထားဖြင့် ငြိမ်သက်သွားရတော့၏။

သူမ၏ကျော၊ ခါးနောက်ဘက်တို့မှ နေရဲက သူ၏ကိုယ်လုံးကြီးဖြင့် အတင်းဖိထားရာ အင်အားကြီးမားသည့် သူ့အောက်မှ လုံးဝ ရုန်းမထွက်နိုင်တော့ချေ။

သမင်မလေးမှာ ကျားရိုင်း၏ကုတ်ဖဲ့ထားမှုအောက်၌ မလှုပ်မယှက်သာသည်သို့။

သူက သူမ၏ကုတ်ပိုးဝင်းဝင်းလေးကို နမ်းလိုက်ပြီး သူမ၏နားနောက်နားကပ်ကာ တိုးတိုးဖွဖွပြောသည်။

"မင်းလေးကို ထပ်ပြီးမနာကျင်စေချင်တော့ပါဘူးကွယ် ... ဟင်း ဟင်း ဟင်း"

"ကိုယ်ရောက်လာစကလေ ဘောင်းဘီအတိုလေး ဝတ်ထားတဲ့ စွဲမက်စရာကောင်းတဲ့ မင်းရဲ့အလှကို တွေ့ရကတည်းက သွေးဆူသွားတာ ... ဟင်း ဟင်း ဟင်း"

"မင်းလေးက အရမ်းလှတာပဲကွယ်။ မင်းလိုအဆင့်အတန်းမြင့်မြင့် လှပဂေးလေးမျိုးနဲ့ ကိုယ့်ရဲ့ဘဝမှာ တစ်ခါမှ မဆုံ



www.burmeseclassic.com

www.burmeseclassic.com



ဖူးဘူး သိလား။ ဒါကြောင့် အခု အခွင့်သာခိုက် ဆုံခွင့်ရဖို့ ကြိုးစားရတာပါ အချစ်လေးရဲ့ . . . ဟင်း ဟင်း ဟင်း''

မတရားအနိုင်အထက်ပြုကျင့်ခံရပြီ။ သူမ၏ဘဝတစ်ခုလုံး ပျက်စီးသွားရပြီဆိုသောအသိကြောင့် ထားထားမြင့်မှာ ရင်ထဲမှ ကြေကွဲဆို့တက်လာပြီး မလှုပ်မယှက် ဖြစ်သွားရသည်။

သူမ၏အသိအာရုံတို့က ပရမ်းပတာ ကြေမွလွင့်ထွက်သွားခဲ့ပြီ။

နေရဲကမူ အောင်သေအောင်သားစားလျက်မှ သူမ၏နား နောက်မှကပ်လျက် သိမန်းမန်းသည့်နှယ် ရမ္မက်စကားများကို တိုးတိုးဖွဖွ ပြောလျက်။

''မင်းရဲ့ပေါင်ဖွေးဖွေးတွေကို မြင်လိုက်ရကတည်းက ကိုယ်မင်းကို တပ်မက်ခဲ့ရတာပါကွယ်။ အဲဒီကတည်းက ဆူဖြိုးတဲ့ မင်းရဲ့ ကိုယ်လုံးအိအိလေးကို ဆွဲဖက်သိမ်းပိုက်ထားလိုက်ချင်တော့ သိလား . . . ဟင်း ဟင်း''

*



နှင်းဆီပန်းပင်များစိုက်ကာ အဆင်ပြေသလားဟု မေးရန် သမီးဖြစ်သူထံ ဦးခင်ဇော် ဖုန်းအကြိမ်ကြိမ်ခေါ်သော်လည်း ဖုန်းက တူဟူ၍ မြည်သံရှည်သာ မြည်နေခဲ့၏။

''သမီးရဲ့ဖုန်းက ဘာဖြစ်နေပါလိမ့်။ ဖုန်းများ ပျက်နေလို့လား။ ဘာများဖြစ်လို့ပါလိမ့်''

ဦးခင်ဇော်မှာ သမီးအတွက် စိတ်ပူလာပြီး ဇနီးဒေါ်ကျော့မေ ဖွင့်ထားသည့် မင်္ဂလမ်းရှိ စိန်တိုက်မှနေ၍ ဘောက်ဆောလ်ကားဖြင့် ဘောက်ထော်ဘက်သို့ လာခဲ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူ၏ခြံထဲဝင်ခဲ့ပြီး ပေါ်တီကိုအောက်တွင် ကား ထိုးရပ်ကာ ဟွန်းသံသုံးလေးချက်ပေးသည့်တိုင် တိုက်ပုလေးထဲမှ လူရိပ်လူယောင်ပင် မမြင်ရသောအခါ ယဉ်မျိုးအရာရှိဟောင်းကြီး ဦးခင်ဇော်သည် စိတ်ပူသွားပြီး ကားထက်မှ ခပ်မြန်မြန် ဆင်းလိုက် လေသည်။

"အင်း ... အိမ်ရှေ့သံဘာဂျာတံခါးကလည်း ပွင့်လို့ပါ လား"

သူက လူတစ်ကိုယ်စာ ပွင့်ဟနေသည့် သံဘာဂျာတံခါးမှ ဝင်လိုက်လေသည်။

"သမီး ... သမီး"

သူက သမီးဖြစ်သူကို တကြော်ကြော်ခေါ်ရင်း ဆိတ်ဆိတ် ငြိမ်နေသည့် အိမ်ထဲ ဟိုကြည့်သည်ကြည့်ဖြင့် ကျိုးကန်းတောင်း မှောက်ကြည့်ရင်း တစ်လှမ်းချင်းဝင်လာရာမှ နောက်ဖေးမီးဖိုခန်းဆီ ရောက်လာတော့၏။

မီးဖိုခန်းထဲမှ ထမင်းစားပွဲဘေးကြမ်းပြင်ထက်ဝယ် ရုပ်ပျက် ဆင်းပျက် လဲကျကာ သတိမေ့လျက်ရှိသော သမီးဖြစ်သူကို ဦးခင်





ဇော် အထိတ်တလန့် တွေ့လိုက်ရပြီ ...

"ဟာ ... သမီး သမီး သမီး"

"ဘယ်လိုဖြစ်ရတာလဲ သမီးရယ်"

⁕

www.burmeseclassic.com

www.burmeseclassic.com

နေရဲက အငှားကားတစ်စီးဖြင့် မြို့ထဲဘက်သို့ ထွက်လာခဲ့၏။ မဂိုလမ်းထိပ်ရောက်တော့ ကားပေါ်မှ သူ ဆင်းလိုက်ပြီး ရွှေဆိုင်တစ်ဆိုင်ထဲ ဝင်လိုက်လေသည်။

"ဘရားဆပ် ... ဘာအလိုရှိပါသလဲ ကြည့်ပါ"

ကောင်တာနောက်မှ ရွှေဆိုင်ပိုင်ရှင် ဘာဘူကြီး ဦးညွှန့်အောင်က နေရဲကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး ရွှေထည်ပစ္စည်းများ ခင်းကျင်းထားသည့် ရှိုးကေ့စ်ဆီ လက်တစ်ဖက်ဖြင့် ညွှန်ပြလိုက်သည်။





နေရဲက ဘောင်းဘီအိတ်ထဲမှ ရွှေဆွဲကြိုးအပြတ်လေးကို ထုတ်ယူကာ ကောင်တာပေါ် တင်လိုက်၏။

"ဒီဆွဲကြိုးလေး ရောင်းချင်လို့ဗျာ။ လက်နဲ့ငြိပြီး ပြတ်သွားလို့"

ဘာဘူကြီး ဦးညွှန့်အောင်က ရွှေဆွဲကြိုးလေးကို ဆွဲယူ မ,ကြည့်လိုက်၏။ အသည်းပုံရွှေလော့ကတ်ပြားလေးကိုကြည့်ပြီး မျက်မှောင်ကြုတ်သွားလေသည်။

"ဒါ ... ဘရားဆပ်ရဲ့ဆွဲကြိုးလား"

"ဟုတ် ... အဲ ကျုပ်မိန်းမရဲ့ဆွဲကြိုးပါ။ ဆွဲကြိုးကလည်း ပြတ်သွားတယ်၊ ငွေလည်း လိုနေလို့ ဆိုပါတော့"

ရွှေဆိုင်ပိုင်ရှင် ဘာဘူကြီး ဦးညွှန့်အောင်က ရွှေလော့ကတ်ပြားလေး၏ထိပ်မှ ဘုလေးကိုနှိပ်လိုက်ရာ အသည်းပုံရွှေလော့ကတ်ပြားလေးက ပွင့်ဟသွားပြီး ဟထားသည့်အသည်းလေးနှစ်ခု ဖြစ်သွားလေသည်။

အသည်းတစ်ခြမ်းစီ၏အတွင်းဘက်တွင် အမျိုးသားချောချောတစ်ဦးမျက်နှာပုံနှင့် အမျိုးသမီးချောချော၏မျက်နှာပုံ တပ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



သေးသေးလေးတွေ အသီးသီးကပ်ထားသည်ကို တွေ့ရ၏။

အသည်းတစ်ခြမ်းအတွင်းရှိ အမျိုးသား၏ပုံသည် ယခု လာရောက်ရောင်းသူ၏လူနှင့် လုံးဝမတူသည်ကို ဘာဘူကြီး ဦးညွန့် အောင်က သတိပြုမိသည်။

သူက လော့ကတ်ပြားလေးကို ပြန်ပိတ်လိုက်ပြီး ရွှေဆွဲကြိုး လေးကို ကောင်တာပေါ် ပြန်ချလိုက်ကာ ဦးခေါင်းကြီးကို ခပ်ဖြည်း ဖြည်း ယမ်းလိုက်၏။

"ချွန်ဒေါ်တို့ ရွှေထည်အပျက်တွေ မဝယ်ပါဘူး ဘရား ဆဝ်"

"ကျွတ်"

နေရဲက မကျေမနပ်ဖြင့် စုပ်တစ်ချက်သပ်လိုက်ပြီး ရွှေ ဆွဲကြိုးကို ကောက်ယူလိုက်ကာ ဆိုင်ထဲမှ လှည့်ထွက်ခဲ့တော့၏။

သူက တစ်ဆိုင်ကျော်မှ ရွှေဆိုင်တစ်ဆိုင်ထဲ ထပ်ဝင်သွား စဉ် စောစောက ရွှေဆိုင်ပိုင်ရှင်ဘာဘူကြီးက ကောင်တာအစွန်ရှိ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး ဖုန်းနံပါတ်တစ်ခုကို စတင် လှည့်လိုက်တော့၏။





နေရဲသည် ရွှေဆိုင်လေးငါးဆိုင်ကို ဆက်ပြသော်လည်း ယင်းရွှေဆိုင်တို့က ဝယ်ယူရန် ငြင်းပယ်လိုက်ကြသဖြင့် လွန်စွာ စိတ်ပျက်သွားပြီး နဖူးမှချွေးပုံလာသလို ဒေါသချွေးတို့လည်း ရင်ထဲ ၌ ဆူပွက်လာတော့သည်။

"တောက် ... ပဲခူးဘက်က ဝင်းဦးရဲ့အိမ်မှာ သွားရှောင် နေဖို့ ငွေလိုပါတယ်ဆိုမှ အဆင်ကိုမပြေဘူး"

သို့သော် ကံအားလျော်စွာပင် ဆဌမမြောက်ရွှေဆိုင်ပိုင်ရှင် ဦးစောလွင်က သူ့ဆွဲကြိုးကို ဒုံးဈေးဖြင့် ဖြတ်ကာ ဝယ်ယူလိုက်၏။

နေရဲ ပျော်သွားပြီး ရွှေဆိုင်ပိုင်ရှင် ဦးစောလွင်ပေးသည့် ငွေစက္ကူများကို ရေတွက်ကြည့်နေလိုက်စဉ်မှာပင် ဆားပုလင်း ဝင်းကြည်တို့အုပ်စုက ရွှေဆိုင်ထဲသို့ ဝင်လာတော့သည်။

ရှေ့ဆုံးမှဝင်လာသည့် ပုလိပ်အင်စပက်တာက နေရဲ၏ မျက်နှာကို စူးစူးရဲရဲကြည့်ပြီး မေးခွန်းထုတ်လိုက်၏။

"မင်း နေရဲ မဟုတ်လား"

"ဟုတ် ... အဲ"

နေရဲ ထိတ်လန့်တကြားဖြစ်သွားစဉ်မှာပင် ဆားပုလင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်က သူ့လက်နှစ်ဖက်ကို ဆွဲယူကာ လက်ထိတ်ခတ်ရန် ပြင်လိုက်လေသည်။

နေရဲ ဆောင့်ရုန်းလိုက်ကာ ဆားပုလင်းဝင်းကြည်၏ မျက်နှာကို လက်ဖြင့် ဖြတ်ရိုက်ပြီး ဆိုင်ထဲမှ ထွက်ပြေးရန် ကြိုးစားလိုက်စဉ် သူ၏ဖက်ပိုးပေါ်သို့ နံပါတ်တုတ်ချက် ပြင်းစွာကျရောက်လာတော့၏။

"ဖြောင်း"

"အ"


သူ ရှေ့သို့ ငိုက်ခနဲဖြစ်သွားစဉ် နောက်ထပ် နံပါတ်တုန်ရိုက်ချက်က သူ၏သကောက်ခွက်ဆီ ပြင်းစွာကျရောက်လာ သဖြင့် နေရဲ ဒူးညွတ်ကျသွားတော့၏။

ထိုစဉ်မှာပင် ပုလိပ်သားကံဦးက နေရဲ၏လက်နှစ်ဖက်ကို ကျောနောက်ဘက်သို့ ကြမ်းတမ်းစွာ ဆွဲယူလိုက်ပြီး လက်ထိတ် ခတ်လိုက်တော့သည်။

"ချောက်"

* * *





## ကတ္တီပါလမ်းခွဲ

ရန်ကုန်ဆေးရုံကြီးတွင် အရေးပေါ်လူနာအဖြစ် သုံးရက် တက်လိုက်ရပြီးနောက် ထားထားမြင့် ဆေးရုံမှဆင်းခွင့်ရခဲ့သည်။

သူမ ဘောက်ထော်မှအိမ်လေးသို့ ပြန်ရောက်လာတော့ အိပ်ရာပေါ်မှာပင် ခွေခွေလေး ငြိမ်သက်နေကာ မည်သူ့ကိုမျှ စကား တဟာ မပြောတော့ချေ။

"သမီး ဖေဖေနဲ့ လိုက်နေပါလားကွယ်"

ဖခင်ကြီးဦးခင်ဇော်က သူနှင့်လိုက်နေရန် အတန်တန်ခေါ် သော်လည်း ထားထားမြင့်က ဦးခေါင်းကို ဖြည်းဖြည်းယမ်းကာ



www.burmeseclassic.com

www.burmeseclassic.com



ငြင်းသည်။

ဦးခင်ဇော်သည် သမီးဖြစ်သူ၏နဖူးမှဆံစလေးများကို ကရုဏာသက်စွာ သပ်တင်ပေးရင်း သက်ပြင်းကြီးချသည်။

"ဟိုကောင်ကိုတော့ ရန်ကုန်ထောင်ကြီးမှာ ချုပ်ထားလိုက်ပြီ။ သမီးရဲ့ဆွဲကြိုးကိုပါ ဖြတ်ယူသွားတဲ့အတွက် အဲဒီတိရစ္ဆာန်ကောင်လုယက်မှုတိုးသွားတယ်။ အနည်းဆုံး ထောင်ခုနစ်နှစ်ပဲ"

ထားထားမြင့်က ဖခင်ကြီးဦးခင်ဇော်၏စကားကို ထပ်မကြားလိုတော့သဖြင့် မျက်လုံးစုံမှိတ်ထားလိုက်၏။

ဦးခင်ဇော်က သူ၏ တစ်ဦးတည်းသောချစ်သမီးလေးကို ရင်ထုမနာစွာ ငေးကြည့်ရင်း သက်ပြင်းကြီးသာ အခါခါ ချနေမိတော့သည်။

"သမီးလေး ခုလိုဖြစ်ရတာ ဖေဖေ့ရဲ့အပြစ်လည်း မကင်းပါဘူးကွယ်။ ဖေဖေ နောက်အိမ်ထောင်ပြုခဲ့မိလို့ ငါ့သမီးလေး ခုလိုဖြစ်ရတာပါ"

"အင်း . . . သမီးကလည်း ဖေဖေနဲ့လိုက်မနေချင်ပဲကိုး"

"ဘာပဲဖြစ်ဖြစ် ကျန်းမာအောင်နေပါ သမီးရယ်။ ဖြစ်ပြီးတာလည်း ပြီးခဲ့ပြီပဲ။ ဘ၀ရဲ့ဝဋ်ကြွေးပါလို့ ဖြစ်ရတယ်ပဲမှတ်ပါ။ မောင်ချစ်သွေးကလည်း သမီးကို သိပ်တွေ့ချင်နေတယ်။ သမီးက ဘယ်သူ့ကိုမှ မတွေ့ချင်ဘူးဆိုလို့ မောင်ချစ်သွေးရော သမီးရဲ့ဆေးရုံက လုပ်ဖော်ကိုင်ဖက်တွေပါ သမီးကို လာတွေ့ခွင့်မရကြဘူး . . . ၊

လောကကြီးကို ဒီထက်ပိုပြီး အဆက်မဖြတ်ထားပါနဲ့တော့ သမီးရယ်။ သမီးရဲ့မျက်နှာပေါ်က ဒဏ်ရာတွေလည်း အတော်ပျောက်သွားပြီပဲ။ မောင်ချစ်သွေးကိုတော့ သမီး တွေ့ခွင့်ပြုသင့်ပြီ"

ထားထားမြင့်က မျက်လွှာတို့ကို ပြန်ဖွင့်ပြီး ဖခင်ကြီးကို မျက်လုံးစွေကြည့်ကာ ခပ်တိုးတိုးပြောသည်။

"သမီးကို တစ်ခုကူညီပါ ဖေဖေ"

"ပြောလေ သမီး . . . ပြော။ ဖေဖေ ဘာလုပ်ပေးရမလဲ"

"သူနဲ့သမီး စေ့စပ်ထားတာကို ဖျက်သိမ်းကြောင်း သတင်းစာမှာ ကြေညာချက်ထည့်ပေးပါ"

ဦးခင်ဇော် သက်ပြင်းကြီးရှိုက်လိုက်ရပြန်သည်။

"သူ ဖေဖေ့ကို သုံးလေးကြိမ်လာတွေ့ပြီးပြီ သမီး၊ မောင်







www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးက သမီးကို သိပ်ချစ်ရှာတာပါ။ သမီး ခုလိုဖြစ်ခဲ့ရတာ သမီးရဲ့အပြစ်မပါဘူးတဲ့။ သူ အားလုံး ခွင့်လွှတ်တယ်တဲ့။ သူက သမီးကို အမြန်ဆုံးလက်ထပ်ချင်တယ်တဲ့''

''သမီးထည့်နိုင်းတဲ့ ကြေညာချက်ပဲ ထည့်ပေးပါ ဖေဖေ''

ငယ်ငယ်ကတည်းက ခေါင်းလွန်စွာမာတတ်ခဲ့သောသမီး ဖြစ်သူကို ဦးခင်ဇော် ထပ်မပြောသာတော့ပါ။

သူက သက်ပြင်းကြီးချကာ သမီးဖြစ်သူ၏ ခုတင်စောင်းမှ ခပ်ဖြည်းဖြည်းထသည်။

''ကောင်းပြီလေ၊ ဖေဖေ သမီးလုပ်ခိုင်းတဲ့အတိုင်း လုပ်လိုက်ပါ့မယ်။ ခုပဲ သတင်းစာတိုက်ဆီ သွားလိုက်ပါ့မယ်ကွယ်''

ဦးခင်ဇော်က စိတ်မချမ်းသာစွာဖြင့် သမီးဖြစ်သူကို နှုတ်ဆက်ပြီးနောက် အိမ်ဖော်မလေး နော်ဖော့သူအား မှာစရာရှိသည်တို့ မှာ၏။

ပြီးမှ ဘောက်ဆောလ်ကားလေးဖြင့် ပြန်သွားပါတော့သည်။

ထားထားမြင့်က အိပ်ရာပေါ် တစ်စောင်းလှဲရင်း မျက်လုံး





အကြောင်းသားဖြင့် ငေးငူငူလေး ကျန်ရစ်သည်။

''မမလေး ... ထမင်းစားတော့မလားဟင်၊ မမလေး ကြိုက်တဲ့ ငါးရံ့အုပ်ဟင်း ချက်ထားတယ်လေ''

ထားထားမြင့်က လက်လေးတစ်ဖက်ကိုသာ ခပ်ဖြည်းဖြည်းခါပြသည်။

နော်ဖော့လှလည်း သက်ပြင်းလေးသာ ချနိုင်ပါတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ဂေဇက်နှင့်သူရိယသတင်းစာတို့တွင် စေ့စပ်ကြောင်းလမ်းမှု ဖျက်သိမ်းကြောင်း ကြေညာချက်ပါလာပြီးမှ ထားထားမြင့်။ ချစ်သွေးကို တွေ့ခွင့်ပေးခဲ့လေသည်။

"ထားရယ် ... ဘယ်လိုလုပ်လိုက်တာလဲ။ ဘာဖြစ်လို့ စေ့စပ်ထားတာကို ပြန်ဖျက်တာလဲ။ ထားဖြစ်ခဲ့သမျှကိစ္စအားလုံး မောင် မေ့ပစ်လိုက်ပါပြီ။ ထားကို မောင်ချစ်တယ်၊ ထား ဘယ်ထ ရောက်ရောက် မောင် လက်ထပ်မယ်"

တိုက်ပုလေး၏ညှော်ခန်းထဲမှ ဆိုဖာခုံပေါ်တွင် ငြိမ်ငြိမ်လေး





ထိုင်နေသည့် ချစ်သွေးကို ပထမဆုံး ပြန်တွေ့ခွင့်ရသည်နှင့် ချစ်သွေး တဖွဖွပြောမိတော့သည်။

"ထား ... အခု နေကောင်းနေပြီပဲ။ အလုပ်လည်း ပြန်ဝင်တော့မယ်ဆို။ မောင်တို့ အရင်လို ပျော်ပျော်ကြီးပြန်နေကြရအောင်နော်"

သူမက သူ့ကို ခပ်စူးစူးလေးပြန်ကြည့်သည်။

"မောင် စောစောက ပြောလိုက်တယ်နော်။ ထားနဲ့ ပတ်သက်ပြီး ကိစ္စအားလုံး မေ့ပစ်လိုက်ပြီလို့"

"ဟုတ်တယ်လေ ထား။ မောင် မေ့နိုင်ပါတယ်။ အဲဒီကိစ္စကြီးကို မောင့်ရဲ့ခေါင်းထဲမှာ မထားတော့ဘူး။ ထားလည်း မထားနဲ့တော့။ မေ့ပစ်လိုက်ပါ။ ဘာမှမဖြစ်ခဲ့ဘူးလို့ သဘောထားလိုက်ပါ ထားရယ်"

ထားထားမြင့်က ချစ်သွေး၏မျက်နှာပေါ်မှအကြည့်ကို ခွါကာ နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက် ကွေးတက်သွားရုံလေး အထေ့မြင် ပြုံးလိုက်လေသည်။

"ထားလည်း ဘာမှမဖြစ်ခဲ့သလို သဘောထားနိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေပါတယ်။ မောင်လည်း မောင့်စကားအတိုင်း ထားနဲ့ ပတ်သက်ပြီး ကိစ္စအားလုံး မေ့ပစ်လိုက်ပါ။ အဲဒီလို မေ့ရမယ့်အထဲမှာ မောင်နဲ့ထားတို့ ချစ်သူတွေဖြစ်ခဲ့တာကိုရော ဘဝအဖော်မွန်တွေအဖြစ် လက်တွဲဖို့ သဘောတူဆုံးဖြတ်ခဲ့ကြတာတွေရော ပါပါစေ။ မောင် အဲဒါတွေဟာ ရှေ့ဆက်မဖြစ်နိုင်တော့ပါဘူး''

''ထားရယ် . . . မောင်က ထားကို အရမ်းချစ်တာ။ ထား အပေါ်ချစ်တဲ့အချစ်ကို မောင် ဘယ်လိုမေ့ပျောက်လို့ရမှာလဲ''

''ဟုတ်ပါတယ်၊ ထားလည်း မောင့်ကို သိပ်ချစ်တာပါပဲ။ အဲဒီအချစ်ကိုလည်း ထား မေ့ဖျောက်လို့မရပါဘူး''

''ဒါနဲ့များ ထားရယ်''

''မဟုတ်ဘူး မောင်၊ ရင်ထဲမှာ စွဲစွဲမြဲမြဲချစ်နေတာကိုတော့ မေ့လို့ ဘယ်ရမှာလဲ။ ထားလည်း မောင့်ကို ချစ်တာပဲ။ ဆက်ပြီး လည်း ချစ်နေမှာပဲ။ ထား သေသွားတဲ့အထိ မောင့်ကို ချစ်နေမှာပဲ။ ထားပြောတာက ထားနဲ့မောင် ချစ်သူရည်းစားတွေဖြစ်ခဲ့တာကို မေ့ ပစ်ဖို့ပြောတာ။ ထားလည်း မေ့ပစ်လိုက်ပြီ၊ မောင်ဟာ ထားရဲ့ချစ်သူ မဟုတ်တော့ဘူး။ ထားနဲ့မောင်ဟာ ချစ်သူသမီးရည်းစားတွေအဖြစ်





ဆက်ရှိနေဖို့ မသင့်တော့ဘူး။ ထားဟာ မောင့်ချစ်သူအဖြစ် မထိုက်တန်တော့ဘူး။ ဒါကြောင့် ထားတို့ ချစ်သူတွေဖြစ်ခဲ့တာကို မေ့လိုက်ပါ မောင်။ အဲဒီလိုပဲ ထားနဲ့မောင် ဒီတစ်သက် လက်ထပ်ဖို့လည်း လုံးဝမဖြစ်နိုင်တော့ဘူး''

''ထားရယ် . . . ထား ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ မောင် ထားကို လက်ထပ်မယ်လို့ ပြောပြီးပြီပဲ''

''မရဘူး မောင်။ မောင် မမှတ်မိတော့ဘူးလား။ ကျောင်း မှာကတည်းက မောင်နဲ့ထား စားသောက်ဆိုင်တွေမှာ သွားစားကြ တဲ့အခါ ထားမကုန်နိုင်တာတွေကို မောင်က ဆက်စားမယ်လို့ ပြောတိုင်း ထား ဘယ်တုန်းက ခွင့်ပြုခဲ့ဖူးလို့လဲ''

ထားထားမြင့် ပြောသည်မှာ မှန်သည်။

တစ်ခါက တစ်ညနေခင်းတွင် ချစ်သူနှစ်ဦး လှည်းတန်းမှာ ဆီချက်ခေါက်ဆွဲသွားစားကြစဉ် ထားထားမြင့်က ရင်ပြည့်လာ၍ဆိုကာ တစ်ဝက်ခန့်စားအပြီးတွင် ဆက်မစားတော့ချေ။

''မေ့သွားလို့၊ နေ့လယ်တုန်းက ကြူကြူတို့နဲ့ ကင်တင်းန်မှာ ရောက်သီးသုပ်တွေ စားထားတာ။ ဒီညနေမှ ဗိုက်ဆာသလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတာနဲ့ မောင်နဲ့ ခုလိုလိုက်စားတာ။ စားရင်း ရင်ပြည့်လာတယ်၊ မကုန်တော့ဘူး''

''ရတယ်လေ၊ မောင် ဆက်စားလိုက်မယ်။ ပေး ... မောင်က ဗိုက်အရမ်းဆာနေတာ ထားရဲ့''

သူက ထားထားမြင့်၏ဆီချက်ပန်းကန်ကို လှမ်းဆွဲယူလိုက်သော်လည်း သူမက မပေးဘဲ ခေါင်းယမ်းပြသည်။

''ဟင့်အင်း ... မောင်၊ မောင်မဝသေးရင် နောက်ထပ်တစ်ပွဲ ထပ်မှာလိုက်ပါ။ ထား စားပြီးသားကို မစားပါနဲ့''

''ထားရယ် ... ချစ်သူချင်းပဲ၊ မောင် မရွံတတ်ပါဘူး။ ပေး ... မောင် ဆက်စားလိုက်မယ်''

''မရဘူး မောင်''

''ဟင် ... ဘာဖြစ်လို့လဲ ထားရဲ့''

''ထားက သူများ စားပြီးသားကို ဘယ်တော့မှ မစားသလို ထားစားပြီးလို့ ထားရဲ့ပန်းကန်ထဲမှာ ကျန်တာကိုလည်း ဘယ်သူ့မှ မစားစေချင်ဘူး မောင်။ ပွဲသစ်တစ်ပွဲပဲ ထပ်မှာလိုက်ပါ''

ထားထားမြင့်က ထိုသို့သောမိန်းကလေးမျိုး ဖြစ်သည်။





''ဘာပဲဖြစ်ဖြစ်၊ ခုဟာက စားမရာ,သောက်စရာ မဟုတ်ဘူးလေ။ လူ လူ ... မောင်ချစ်ရတဲ့လူ''

''မရဘူး မောင်၊ ထားဟာ အကြွေပန်းဖြစ်သွားပြီ။ ကင်းဘတ်ဖြူဖြူပေါ်မှာ စွန်းထင်သွားတဲ့ ဆေးစက်မည်းမည်းကို ဆေးဖြူနဲ့ ထပ်ပြီး ဖုံးလို့ရပေမယ့် မူလကင်းဘတ်အဖြူသား ဘယ်တော့မှ ပြန်မဖြစ်တော့ဘူး မောင်။ ထားတို့ ရေဆေးပန်းချီကား ဆွဲတဲ့အခါ အဖြူသန့်သန့်လိုချင်ရင် ကင်းဘတ်အဖြူသားချန်ပြီး ဆွဲရတယ်။ အဲဒါမှ တန်ဖိုးရှိတဲ့လက်ရာသန့် ရေဆေးပန်းချီကားဖြစ်တာ။ ထားဟာ မောင့်အတွက် လက်ရာသန့်ရေဆေးပန်းချီ ကားတစ်ချပ် ဘယ်တော့မှ မဖြစ်နိုင်တော့ဘူး''

''ဟူး ... ခက်ပါလား ထားရယ်။ ဒါဆို ထားနဲ့မောင်ဟာ ထာဝရဝေးရတော့မယ်ပေါ့ ဟုတ်လား''

''ဝေးရမယ်လို့ မဆိုလိုပါဘူး။ ဒါပေမဲ့ ချစ်သူတွေအဖြစ် ဘဝအဖော်မွန် အိမ်ထောင်ဖက်အဖြစ် ဘယ်တော့မှ မနီးစပ်နိုင်တော့တာပါ''

''ထားရယ် ... ထားက မောင့်ကို ချစ်သူအဖြစ်က



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်လိုက်ပြီပေါ့ ဟုတ်လား"

"ထားကို မောင်က စွန့်လွှတ်ဖို့ပြောတာပါ"

"ဟူး . . . ခက်ပါလား၊ သွားပါပြီကွာ၊ မောင့်ရဲ့ရည်မှန်းချက်တွေ မျှော်လင့်ချက်တွေအားလုံး ပျက်သုန်းသွားရပါပြီ။ ထားရယ် . . . မောင့်ကို မရက်စက်ပါနဲ့ကွာ၊ နင့်နေအောင်နာနေတဲ့ မောင့်ရဲ့ရင်ကို ထပ်မခွဲပါနဲ့"

"မရဘူး မောင် . . . အဲဒါ ဘယ်တော့မှ ပြင်မှာမဟုတ်တဲ့ ထားရဲ့ဆုံးဖြတ်ချက်ပဲ"

* * *

## အခန်း (၂)

ရင်မီးတောက်

မမျှော်လင့်သူ

ထောင်တွင်းရန်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)



## ရင်မီးတောက်

"ထားရယ် . . . ခုတော့ ထားက မောင့်ကိုချစ်သူအဖြစ် အသိအမှတ် လုံးဝမပြုတော့ဘူးပေါ့နော်"

"ထားရဲ့သံမဏိဆုံးဖြတ်ချက်ကြောင့် မောင်နဲ့ထား ထာဝရဝေးကွာသွားရမှာလား ထားရယ်"

ရီဝေဝေမျက်လုံးများကို စင်းလျက် စားပွဲခင်းဖြူဖြူကို ခေါင်းစိုက်ငေးငူကြည့်လျက်ရှိစဉ် သူ၏နံဘေးသို့ လူရိပ်တစ်ခု ရောက်လာသည်ကို ချစ်သွေးသတိပြုမိ၏။

ဘွိုင်ဟု ထင်လိုက်သဖြင့် ခေါင်းနည်းနည်းစောင်းကာ



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်ရာ မမျှော်လင့်သူကို တွေ့လိုက်ရသောကြောင့် အံ့အားသင့်ပြီး မျက်လုံးကျယ်သွားရသည်။

"ဟာ . . . အဲ . . . အန် အန်ကယ်ပါလား"

"ဟုတ်တယ် မောင်ချစ်သွေး။ အန်ကယ်လည်း မြို့ထဲဘက်လာရင်း စိတ်နည်းနည်း ရှုပ်ထွေးလာတာနဲ့ တစ်ခွက် တစ်ဖလားမော့မယ်ဆိုပြီး ဒီရက်စတော့ရင့်ထဲ ဝင်ခဲ့တာကွ။ အန်ကယ် ဒီစားပွဲမှာပဲ ထိုင်မယ်နော်"

"ဩော် . . . ဟုတ် ဟုတ်ကဲ့ ထိုင်ပါ အန်ကယ်။ အန်ကယ် လိုတာ ဘွိုင်ကို မှာလိုက်ပါ အန်ကယ်"

ချစ်သွေးက အနည်းငယ် လျှာလေးအာလေးဖြစ်လျက် ရှိသော်လည်း ဦးခင်ဇော်ကို လေးလေးစားစား ဆက်ဆံလေသည်။

ဦးခင်ဇော်က ဘွိုင်ကို ဝီစကီနှစ်ပက် မှာလိုက်ရာ ချစ်သွေးက အမြည်းအဖြစ် ကြက်ကြော်တစ်ခြမ်း ထပ်မှာလိုက်၏။

"ဒါ . . . ဒါထက် အန်ကယ်က စိတ်ရှုပ်ထွေးလို့ ဟုတ်လား"

"ဟုတ်တယ် မောင်ချစ်သွေး။ ကျုပ်ရဲ့သမီးကြောင့် ကျုပ်ရဲ့





စိတ်တွေ ခုတစ်လော သိပ်ကို ရှုပ်ထွေးနေရတယ်ကွယ်"

ဘွိုင်လာချပေးသည့် ဝီစကီခွက်ထဲ ရေခဲတုံးလေးများ ထည့်ပြီး ဆော်ဒါပင်မရောတော့ဘဲ ဦးခင်ဇော်က တစ်ကျိုက် မော့လိုက်သည်။

"အန် . . . အန်ကယ်ရယ် . . . ထားကြောင့် အန်ကယ့်စိတ် ရှုပ် . . . ရှုပ်ထွေးနေရတယ်ပေါ့။ ကျွန် ကျွန်တော်လည်း ထားကြောင့် စိတ် အ အရမ်းရှုပ်ထွေးနေရုံမက ရင်ပါကွဲကြေနေရပြီဗျာ။ ရင်ထဲမှာ မီးတောက်နေရပြီ"

ဦးခင်ဇော်က ဝီစကီမော့လိုက်၊ ကြက်ကြော်ကို ဖဲ့ဝါးလိုက် လုပ်နေရင်း စားပွဲပေါ်သို့ ခေါင်းစိုက်လုလုဖြစ်နေသော ချစ်သွေးကို အရှုထောက်ကြည့်သည်။

"မောင်ချစ်သွေး . . . ဘယ်လိုခံစားနေရမယ်ဆိုတာ အန်ကယ် နားလည်ပါတယ်ကွာ။ အန်ကယ်လည်း သမီး ဇွတ်အတည်နိုင်းလို့ မင်းတို့ရဲ့စေ့စပ်ကြောင်းလမ်းထားမှု ဖျက်သိမ်းကြောင်း ကြေညာချက်ကို သတင်းစာမှာ သွားထည့်လိုက်ရတာပါ။ စိတ်တော့ မကောင်းပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . အဲဒါပြောတာပေါ့ အန့်ကယ်။ သူ သူ ဘယ်လိုပဲ ဖြစ်ဖြစ် သူ့ကို ကျွန်တော် လက်ထပ်မယ်။ ဒါ ဒါကို ထားက လုံးဝလက်မခံဘူး အန်ကယ်ရယ် . . . အော့"

လေချဉ်တက်လိုက်ပြီးမှ ချစ်သွေးက သူ့အနေဖြင့် အဂါရဝများ ဖြစ်နေမလားဟု ဆင်ခြင်မိလိုက်သည်။

"အန် အန်ကယ် . . . ဟို ကျွန်တော် အန်ကယ့်ရှေ့မှာ ဟို အရက်သောက်ပြီး ပြောနေမိတာ ခွင့် ခွင့်လွှတ်ပါဗျာ။ အန်ကယ့်ကို မလေးစားရာ ရောက် ရောက်နေရင် ခွင့် ခွင့်လွှတ် ပါ ခင်ဗျာ"

"ရပါတယ် မောင်ချစ်သွေးရယ်။ အန်ကယ် နားလည်ပါတယ်။ သမီးကြောင့် မင်းမှာ ခံစားနေရသလို အန်ကယ်လည်း ခံစားနေရပါတယ်ကွ။ ကျုပ်ရဲ့ရင်ထဲမှာလည်း မီးတောက်နေပါတယ်ကွယ်။ ကျုပ်တို့နှစ်ယောက် ခံစားချက်တူလို့ လာဆုံရတယ်ပဲ မှတ်ပါကွယ် . . . အော့"

ဦးခင်ဇော်က ဝီစကီမောက်နှစ်ပတ် ထပ်မှာလိုက်သည်။ မတော်ရသေးသည့် တော်ဖို့လည်း မဖြစ်နိုင်သလောက်





ဖြစ်နေသည့် ယောက္ခမလောင်းနှင့်သမက်လောင်းတို့ စားရင်းသောက်ရင်း အတော်မူးလာကြပြီး ပိုမိုပွင့်လင်းစွာ ရင်ဖွင့်မိကြတော့၏။

"အခုလို တွေ့ဖြစ်ရတာ ဟို မိစ္ဆာကောင်ကြောင့်ကွ။ အဲဒီ မိစ္ဆာကောင်ကြောင့် သိရဲ့လား။ မောင်ချစ်သွေး . . . အော့"

"ဟုတ် . . . ဟုတ်တာပေါ့ အန်ကယ်ရယ်။ အဲဒီ တိရစ္ဆာန်ကောင်ကြောင့် ကျွန် ကျွန်တော်နဲ့ထားတို့ရဲ့ အနာဂတ်ဗိမာန်ကြီး ပျက်စီးခဲ့ရပြီဗျာ။ ထား ထားက ကျွန်တော့်ကို လုံးဝ လက်မထပ်နိုင်တော့ဘူးတဲ့"

"အေး . . . ဟုတ်တယ်၊ မောင် မောင်ချစ်သွေး။ သမီးကလည်း စိတ်သိပ်ပြတ်သူဆိုတော့ ခက် ခက်ပြီပေါ့ကွာ"

"အန် အန်ကယ်ရယ် . . . ကျွန် ကျွန်တော်ပြောရမှာတော့ အား အားနာတယ်။ ဒါ ဒါပေမဲ့ ရင်ထဲမှာ ခံပြင်းလွန်းလို့။ ပြီး ပြီးတော့ နားမလည်နိုင်အောင်လည်း ဖြစ် ဖြစ်နေမိလို့ ပြော ပြောပါရစေဗျာ"

"ပြောပါ ပြောပါ မောင်ချစ်သွေးရဲ့။ မင်း ဘာပြောမလဲ ပြော ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ထား ထားဟာ သူ့ရဲ့ဖြစ်ရပ်အားလုံးကို ခွင့်လွှတ်တဲ့ ကျွန်တော့်ကိုကျတော့ သမီးရည်း ရည်းစားအဖြစ်က စွန့်ပယ် ဖြတ်တောက်ပစ်လိုက်တယ်။ သူ သူ့ဘဝကိုဖျက်ဆီးခဲ့တဲ့ အဲဟို နေရဲဆိုတဲ့ မိစ္ဆာကောင်ကိုကျတော့ အိမ်ကို အလာခံပြီး ပရော ပရည်လုပ်နေတယ် အန်ကယ်ရဲ့"

"အေး အဲ ... အဲဒီကိစ္စနဲ့ပတ်သက်ပြီး အန်ကယ်လည်း သဘောလုံးဝမကျပါဘူးကွ။ သမီးက အဲဒီကောင် နောင်တရနေပြီလို့ ထင်နေတယ် အေ့"

"ခွေးမြီးကောက် ကျည်ထောက်စွပ်ပဲ ဖြစ်မယ့်ကောင်ပါ ကွာ။ ဒါကို သမီးက ပြန်လက်ခံတယ်။ ဒါကြောင့် သမီးကို ကျုပ် ပြင်းပြင်းထန်ထန် သတိပေး ကြိမ်းဝါးခဲ့သေးတယ်ကွ။ သမီးကတော့ အဲဒီနေရဲဆိုတဲ့ကောင်ဟာ နောင်တရနေပါပြီတဲ့။ နောက်ထပ် မကောင်းမှုတွေ မကျူးလွန်တော့ပါဘူးလို့ ကတိပေးပြီး သူ တတ်တဲ့ပညာနဲ့ ဘဝရပ်တည်မှုရအောင် ကြိုးစားနေပါတယ်တဲ့ ကွာ"

ချစ်သွေးက ဦးခေါင်းကို ယမ်းလိုက်လေသည်။





"မဖြစ်နိုင်ပါဘူး အန်ကယ်။ အဲဒီနေရဲဆိုတဲ့ကောင်ကို ယုံလို့မရပါဘူး။ နေရဲဟာ အဲဒီအမှုကြီးမဖြစ်ခင်မှာ လူသုံးယောက် လောက်ကို ရိုက်ဖူးတယ်။ ထောင်ထဲမှာလည်း ထောင်သားချင်း ရန်ဖြစ်ရာက သုံးယောက်လောက် ထောင်ဆေးရုံတင်လိုက်ရ တယ်တဲ့။ အဲဒီကောင်ဟာ ရာဇဝတ်မှုကျူးလွန်တတ်သူတွေမှာရှိ တဲ့ ဗီဇညာဉ်ဆိုးရှိနေသူဖြစ်နိုင်တယ် အန်ကယ် ...။

ဒါကြောင့် နေရဲဆိုတဲ့ကောင်ဟာ ရာဇဝတ်မှုထပ်ပြီး ကျူးလွန်တတ်သူဖြစ်ကြောင်း သက်သေပြနိုင်ဖို့ ဒီနေ့ နေ့လယ် ကပဲ အင်းစိန် စီအိုင်ဒီက အငြိမ်းစားယူထားတဲ့ လက်ဗွေပါရဂူ ဗိုလ်မှူးကြီး ခင်မောင်ဇော်ကို စစ်ဆေးပေးဖို့ အကူအညီတောင်းထား ပါတယ် အန်ကယ်"

အချိန်ကြာလာသည်နှင့်အမျှ အမူးအနည်းငယ်ပြေလာ သဖြင့် ချစ်သွေးက စိတ်အားထက်သန်စွာ ပြောဆိုဆွေးနွေးလာ နိုင်သည်။

"ကျွန်တော် အကူအညီတောင်းထားတဲ့ လက်ဗွေပါရဂူ ဗိုလ်မှူးကြီး ခင်မောင်ဇော်ဟာ ရာဇဝတ်မှုကျူးလွန်ဖူးတဲ့ လူတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ဗွေပုံစံတွေ သိန်းနဲ့ချီပြီး စုဆောင်းသုတေသနပြုနေခဲ့တာ။ ဆယ့်ငါးနှစ်ရှိပါပြီ အန်ကယ်။ သူ့ရဲ့အဆိုအရ လူတစ်ယောက်ရဲ့ လက်ဗွေပုံစံတွေကို သူ သုတေသနပြုထားတဲ့ လက်ဗွေပုံစံတွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး အဲဒီလူဟာ ရာဇဝတ်မှုကို မတော်တဆ ကျူးလွန်တတ်သူလား၊ တစ်ခါတစ်ရံမှ ကျူးလွန်တတ်သူလား။ ရာဇဝတ်မှု ကျူးလွန်ချင်တဲ့စိတ်၊ တစ်နည်းအားဖြင့် အကြမ်းဖက်လိုစိတ် အမြဲလိုလို ရှိနေတဲ့သူလားဆိုတာ ခွဲခြားဆုံးဖြတ်နိုင်တယ်လို့ ဆိုပါတယ် အန်ကယ်''

''ဟုတ်ပြီ ... ဟုတ်ပြီ။ ဒါဆို မောင်ချစ်သွေးက ဟိုင်ရဲကောင် နေရဲရဲ့ လက်ဗွေပုံစံတွေကို ရယူပြီး အဲဒီကောင်ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ ဖော်ထုတ်ဖို့ ရည်ရွယ်ယ်ပေါ့ ... ဟုတ်လား''

''ဟုတ်ပါတယ် အန်ကယ်။ လက်ဗွေပါရဂူကြီးရဲ့အကူအညီနဲ့ အဲဒီနေရဲဟာ မကောင်းမှုတွေကို ထပ်ခါထပ်ခါ ကျူးလွန်တတ်တဲ့ ဉာဉ်ဆိုးမျိုးရှိကြောင်း ပေါ်လွင်ထင်ရှားသေချာသွားရင် အဲဒီအကြောင်း ထားကို အထောက်အထားခိုင်ခိုင်လုံလုံနဲ့ ပြောပြနိုင်မယ်လေ အန်ကယ်။ ထားကလည်း ပညာတတ်တစ်ယောက်မို့ လက်ဗွေပါရဂူကြီးရဲ့ မှတ်ချက်ကို လက်ခံနိုင်မှာပါ ...၊

အဲဒီလို နေရဲဟာ ဖျောက်မရတဲ့ဉာဉ်ဆိုးရှိသူမှန်း သိရှိလက်ခံသွားရင် ထားဟာ အဲဒီကောင်ကို လုံးဝလက်ခံမှာ မဟုတ်တော့ပါဘူး''

''အေး ... မောင်ချစ်သွေးရဲ့ယူဆချက်ဟာ ဖြစ်နိုင်ပါတယ်။ အရေးကြီးတာက အဲဒီရဲကောင်ကို သမီးက လုံးဝလက်မခံနိုင်ဖို့ပဲကွ။ ခုဟာက သူ့ကိုစော်ကားသွားတဲ့ကောင်အပေါ် သူက ကရုဏာသက်ပြီး ဖေးမကူညီမှုတွေလုပ်နေတာ ခက်နေတယ်ကွဲ့။ အန်ကယ်လည်း သမီးကို ပြောမရဘူး ဖြစ်နေတယ်။ သမီးဟာ ငယ်ငယ်ကတည်းက အင်မတန် ခေါင်းမာတာကွယ့်၊ တောက် ... အန်ကယ်တော့ အဲဒီကောင်ကို သတ်ပစ်လိုက်ချင်တာပါပဲကွာ''

ထိုစဉ် သူတို့နှစ်ဦး၏စားပွဲဘေးမှ လူတစ်ဦး ဖြတ်သွားရာ ထိုလူကို အမှတ်မထင် မော့ကြည့်လိုက်မိသည်တွင်။

''ဟင် ... နေရဲပါလား''

နေရဲကို မမျှော်လင့်ဘဲတွေ့ရတော့ ချစ်သွေး စိတ်ထဲ







www.burmeseclassic.com

www.burmeseclassic.com



ထောင်းခနဲ ဒေါသဖြစ်သွားမိတော့၏။

နေရဲကတော့ သူ့တို့ကို သတိမူမိသည်လား၊ မမူမိသည်လားမသိ တစ်စားပွဲကျော်တွင် အကျအနဝင်ထိုင်လိုက်ပြီး ဘွိုင်ကို အရက်နှင့်အမြည်းများ မှာနေသည်။

''အဲ ... အဲဒီကောင်ဟာ ဟိုငရဲကောင် မဟုတ်လား မောင်ချစ်သွေး''

''ဟုတ်တယ် အန်ကယ်။ ကျက်သရေမရှိတဲ့ကောင်နဲ့မှ လာတိုးနေရတယ်လို့ဗျာ''

ဦးခင်ဇော်မှာ အမူးအရှိန်လေးကျန်သေးသဖြင့် နောက်ခိုင်းထိုင်နေသည့် နေရဲ၏ကျောပြင်ကို စူးစူးရဲရဲကြီး စိုက်ကြည့်နေရာမှ ရင်ထဲဝယ် ဒေါသသွေးတို့ ဆူဝေလာပြီး ထိုင်ရာမှ ထလိုက်လေ၏။

ပြီးလျှင် ဝီစကီပုလင်းလွတ်တစ်လုံးကို လည်ပင်းမှ ကောက်ကိုင်ကာ နေရဲဆီ လျှောက်လှမ်းသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

''အန်ကယ် ... အန်ကယ်''

ခု နှစ် စဉ် ကြယ် စာ ပေ



ချစ်သွေးက ထိုင်ရာမှထပြီး ဦးခင်ဇော်၏လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ကာ တားလိုက်ရ၏။

''အန်ကယ် ... စိတ်ထိန်းပါဗျာ။ သူ့အမှားကနေ ကိုယ့်အမှား ဖြစ်သွားပါဦးမယ်။ အဲဒီကောင် လွှင့်သွားအောင် ကျွန်တော် လုပ်ပါ့မယ်။ ခုတော့ ကျွန်တော်တို့ ပြန်ကြရအောင်ပါ''

ချစ်သွေးက ဘွိုင်ကိုခေါ်ပြီး Bill ရှင်းပေးလိုက်ကာ ဦးခင်ဇော်ကို တွဲခေါ်လျက် ဘုံဘေရက်စတောရင့်ထဲမှ ထွက်ရန် ဆိုင်တံခါးဝဆီ လှမ်းလျှောက်လာ၏။

နေရဲ ထိုင်နေသည့်စားပွဲအနီးမှ ဖြတ်လျှောက်လာစဉ် ချစ်သွေးက စောင်းငဲ့ကြည့်လိုက်ရာ အရက်ခွက်ကိုမော့ရင်း နေရဲက သူ့ကို မထီတရီအကြည့်ဖြင့် မော့ကြည့်နေသည်ကို တွေ့ရ၏။

ဆက်လျှောက်ရင်း ချစ်သွေးက သူ့ကို တင်းတင်းမာမာ စောင်းငဲ့ကြည့်မြဲ ကြည့်နေမိရာ နေရဲက အရက်ခွက်ကို နှုတ်ခမ်းမှခွာကာ နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးတက်သွားရုံလေး မထေမဲ့မြင် ပြုံးလိုက်လေသည်။

''တောက်''

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေး ဒေါသကို ထိန်းချုပ်လျက် စိတ်ထဲမှ တောက်ခတ်လိုက်ကာ နေရဲထံမှ မျက်နှာလွှဲလိုက်ပြီး ဦးခင်ဇော်ကို တွဲခေါ်လျက် ဘုံဘေရက်စတော့ရင့်ထဲမှ လှမ်းထွက်ခဲ့ပါတော့သတည်း။

***



## မမျှော်လင့်သူ

ရမ်ကို တစ်ပိုင်းလောက်ကုန်အောင် မော့လိုက်ပြီး အမြည်းစားရင်း နေရဲက စားပွဲခင်းဖြူဖြူကို ငေးစိုက်ကြည့်လျက်မှ တစ်ကိုယ်တည်း မဲ့ပြုံးပြုံးလျက် ရှိသည်။

"ချစ်သွေး ချစ်သွေး ... အိုင်အိုချစ်သွေး"

"ဟင်း ဟင်း ... ထားထားမြင့်ရဲ့အနားကို ငါပြန်ရောက်လာလို့ မင်းက သိပ်ကို အံ့ဩပြီး မနာလိုဖြစ်နေတယ်ပေါ့ ဟုတ်လား"

"ဟင်း ဟင်း ဟင်း ... မင်းလိုပဲ၊ ငါလည်း အံ့ဩနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတာပါပဲကွ . . . ဟင်း ဟင်း ဟင်း"

နေရဲက စိတ်ထဲမှတွေးကာ စိတ်ထဲမှာပင် သရော်ရယ်ရယ်လိုက်၏။ သို့သော် ထိုရယ်သံသည် သူ့နှုတ်ဖျားမှ အကယ်ပင် ထွက်သွားရ၏။

"ဟင်း ဟင်း ဟင်း"

အမှန်တကယ်လည်း သူကိုယ်တိုင် ထားထားမြင့်နှင့် ပတ်သက်ပြီး အံ့သြခဲ့ရပါသည်။

ထားထားမြင့်အား ကျူးလွန်မိသည့်အမှုကြောင့် သူ အဖမ်းခံရပြီး အထူးရာဇဝတ်မှုတရားရုံးတွင် အစစ်ဆေးခံခဲ့ရ၏။

တရားရုံးခန်းထဲရှိ တရားခံထိုင်သည့် ဝက်ခြံထဲမှ ခုံတွင် သူ ခေါင်းငိုက်စိုက်ချထိုင်ရင်း တရားရင်ဆိုင်ခဲ့ရသည်။

ယင်းအမှုနှင့်ပတ်သက်ပြီး တရားလိုအဖြစ် လာရောက်ထွက်ဆိုသူ ထားထားမြင့်နှင့်သူ နှစ်ကြိမ်တိတိ အကြည့်ချင်းဆုံလိုက်မိသည်။

ထိုသို့ အကြည့်ချင်းဆုံရသည်မှာလည်း တရားလိုရှေ့နေဆွဲချက် တရားခံကို သေသေချာချာကြည့်ပါ။ မိန်းကလေးကို ကျူး





လွန်ခဲ့တဲ့ သူဟာ ဒီလူဖြစ်ပါသလားဟု မေးခွန်းထုတ်စဉ် ထားထားမြင့်က သူ့ကိုလှမ်းကြည့်သောကြောင့် ပထမအကြိမ် အကြည့်ချင်း ဆုံရခြင်းဖြစ်သည်။

ယင်းသို့ တရားဆိုင်ရစဉ်က သူ့ဘက်မှ ရှေ့နေမငှားနိုင်သဖြင့် ရုံးတော်မှပင် တရားခံအတွက် ရှေ့နေငှားပေးကာ အမှုကို အမြန်ဆုံး စစ်ဆေးပြီး သူ့ကို ရာဇဝတ်တရားသူကြီး ဦးညွန့်ဆွေက အလုပ်ကြမ်းနှင့်ထောင်ဒဏ် ခုနစ်နှစ်ချမှတ်ခဲ့ရာ အမိန့်ချပြီးပြီးချင်း သူက ထားထားမြင့်ကို လှမ်းကြည့်လိုက်ရာ သူ့ကို ငေးကြည့်နေသည့် သူမ၏မျက်ဝန်းပြာပြာများနှင့် ဒုတိယအကြိမ် အကြည့်ချင်း ဆုံလိုက်ရ၏။

ထိုသို့ နှစ်ကြိမ်တိတိ အကြည့်ချင်းဆုံရချိန်ဝယ် ထားထားမြင့် သူ့ကိုကြည့်သောအကြည့်တို့ထဲတွင် နာကျင်မုန်းတီးမှု အရိပ်အယောင်များ ထူးဆန်းစွာပျောက်ဆုံးလျက်ရှိသည်ကို သူ အကဲခတ်မိ၏။

အဓိပ္ပာယ်ဖော်ရခက်သော အေးစက်စက် အကြည့်မျိုးဖြင့်သာ သူမက သူ့ကို လှမ်းကြည့်နေခဲ့သည်။ ယင်းအကြည့်တို့



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် သူ့အပေါ် စာနာကရုဏာသက်သည့် အရိပ်လက္ခဏာလေးများ ရောပါနေသလားဟုပင် သူ အံ့ဩစွာ တွေးမိခဲ့သည်။

သူမအပေါ် မိမိက အကျည်းတန်လှစွာ ရက်စက် ယုတ်မာခဲ့သော်လည်း သူမက သူ့ကို နာနာကျည်းကျည်း မုန်းတီးသွားပုံမရဘဲ အဓိပ္ပာယ်ဖော်ရခက်သော မျက်လုံးအေးအေးများဖြင့်သာ သူ့ကို အငေးသားကြည့်နေတတ်၏။

သို့သော် သူမနှင့်အတူ တရားရုံး ရုံးချိန်းလိုက်လာကြသော သူမ၏ဖခင်နှင့် သူမ၏ချစ်သူရည်းစား အိုင်အိုချစ်သွေးတို့ကမူ သူ့ကို မီးထွက်မတတ် မျက်လုံးများဖြင့် စက်ဆုတ်ရွံရှာစွာ တစ်ချိန်လုံး ကြည့်နေလေ့ ရှိကြလေသည်။

သူတို့နှစ်ဦးတင်မက အမှုစစ်သည်ကို စိတ်ဝင်စားစွာလာရောက်နားထောင်ကြသူများကပါ သူ့ကို မိစ္ဆာမကောင်းဆိုးဝါးကောင်နယ် စက်ဆုတ်ရွံရှာစွာ ဝိုင်းကြည့်နေခဲ့ကြသည်ပဲ။

မည်သို့ပင်ဖြစ်စေ ကာယကံရှင်ဖြစ်သော ထားထားမြင့်ကမူ သူ့အပေါ် အမုန်းအာဃာတထားပုံမရဘဲ နာကြည်းမုန်းတီးပုံလည်း မရချေ။





သို့ကြောင့်လည်း နေရဲက အံ့ဩနေရခြင်းဖြစ်သည်။

ထိုအံ့ဩမှုသည် ထိုမျှနှင့်မပြီးဘဲ ရန်ကုန်ဗဟို အကျဉ်းထောင်ကြီးထဲအထိပင် ပါလာခဲ့လေသည်။

တကယ်တော့ သူက မိဘမဲ့တစ်ကောင်ကြွက်ဖြစ်သည်။ သူ လူပျိုပေါက်အရွယ်မရောက်မီမှာပင် မိဘများဆုံးပါးသွားသဖြင့် ဦးလေးဝမ်းကွဲဖြစ်သူ ဦးအောင်သိန်း၏ကားဝပ်ရှော့၌ ကပ်လျက်နေထိုင်ခဲ့ရသည်။

ဦးလေးဖြစ်သူကလည်း သူ့အပေါ် အမြင်ကြည်လှသည်မဟုတ်။ အပေါက်ဆိုးလှသည့် ဦးလေး ဦးအောင်သိန်းနှင့် ဦးလေး၏မိန်းမ ဒေါ်ကျင်မြတို့ အိမ်မှာပင် မသထာရေစာစားပြီး ပညာသင်အဖြစ် ကားပြင်သည့်အလုပ် ဝိုင်းကူလုပ်ရာမှ ထမင်းစားကျွန်ခံဘဝရောက်ခဲ့ရ၏။ လစာရယ်လို့ မည်မည်ရရ မရချေ။

သူ အရွယ်ရောက်လာတော့ ကားပြင်သည့်ဘက်မှာ ကျွမ်းကျင်သလို စက်ပစ္စည်းမှန်သမျှ သူတစ်ပါးပြုပြင်သည်ကို မြင်ရုံဖြင့် သူပြင်တတ်လာသည်။

သည်သို့ဖြင့် အလုပ်အားလပ်ရက်များတွင် ပြည်ပမှ စက်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းအချို့ကို ပြုပြင်ပေးရင်း ကြားပေါက်ဝင်ငွေ ရှာရ၏။ သို့မှလည်း သူသုံးချင်ရာသုံး စားချင်ရာစား၊ သောက်ချင်ရာသောက် လုပ်နိုင်မည် မဟုတ်ပါလား။

ယင်းသို့ ကြားပေါက်ဝင်ငွေရှာရင်း ထားထားမြင့်နှင့် ဆုံခဲ့ရခြင်း ဖြစ်သည်။

သူက လုပ်ငန်းခွင်၌ တော်သလောက် စိတ်ဆတ်သူဖြစ်သဖြင့် အလုပ်သမားအချင်းချင်း မကြာခဏ စကားများ ရန်ဖြစ်လေ့ ရှိသည်။ ဦးလေး ဦးအောင်သိန်း၏ဝပ်ရှော့မှ အလုပ်သမားများဖြစ်ကြသော ဒူးယား၊ လှမြင့်၊ အဒူလေး၊ ကြင်စိန်၊ လှကြိုင်တို့ ငါးယောက်စလုံးနှင့် သူ ရန်ဖြစ်ဖူး၏။

သူနှင့် ပဋိပက္ခဖြစ် စကားများရန်ဖြစ်သူမှန်သမျှ သူ့လက်စာမိပြီး မရှုမလှ ခံစားသွားရစမြဲဖြစ်သည်။ ကြာတော့ အလုပ်သမားများသာမက ပတ်ဝန်းကျင်မှလူများကပါ သူ့ကို ရွံ့ကြောက်ဖြစ်လာကြသည်။

ငယ်စဉ် လူပျိုပေါက်အရွယ် မရှိတရှိလောက်ကတည်းက မိဘနှစ်ပါး ဆုံးပါးသွားသလို ညီအစ်ကိုမောင်နှမလည်း မရှိသဖြင့်





မေတ္တာတရားကို သူ ငွေ့ငွေ့မျှပင် မခံစားရတော့ချေ။

သူ ကျင်လည်ကြီးပြင်းရသည့်ဝန်းကျင်တွင်လည်း သူ့ဦးလေး ဦးအောင်သိန်းကိုယ်တိုင်က သူ့အပေါ် မေတ္တာမထားဘဲ နိုင်းကောင်းသည့်အတွက် အိမ်မှာ ခေါ်ထားရခြင်းဖြစ်ရာ နေရဲမှာ ငယ်စဉ်ကတည်းက သူ့အပေါ် မေတ္တာဖြင့် ဆက်ဆံသူကို မတွေ့ဖူးချေ။

မေတ္တာတရားနှင့် ကင်းကွာခဲ့သောကြောင့်လည်း သူ့စိတ်က ငယ်စဉ်ကတည်းက ကြမ်းတမ်းခဲ့သည်။ ငယ်စဉ်ကတည်းက လူတွေကို စိတ်အချဉ်ပေါက်ပြီး စိတ်ကြမ်း ကိုယ်ကြမ်း ဖြစ်လာခဲ့ရ၏။

"လောကကြီးဟာ နိုင်ရာစားပဲ။ နိုင်တဲ့ကောင်က စားမယ်။ ရှုံးနိုင်တဲ့ကောင်က ခံစားသွားရမယ် . . . ၊

ဒါကြောင့် ဘယ်တော့မဆို ငါ နိုင်အောင်လုပ်ရမယ်။ ငါ ရှုံးနိုင်ရင် ငါ ခံသွားရမယ် . . . ၊

အဲဒီလို အနိုင်ရဖို့လုပ်တဲ့နေရာမှာလည်း ဘယ်သူ့မှ ညှာတာစရာမလိုဘူး။ ငါ အနိုင်ရဖို့အဓိကပဲ အနိုင်ရဖို့ အမြဲတမ်း လက်ဦး



www.burmeseclassic.com

www.burmeseclassic.com



မှု ယူရမယ်''

ယင်းသို့သော အတွေးအခေါ်မျိုးဖြင့် ကြီးပြင်းလာရသဖြင့် ရန်ပွဲဖြစ်တိုင်း သူက သူတစ်ပါးကို ရက်ရက်စက်စက် လုပ်လေ့ရှိ၏။ ကြာတော့ သူ လက်ယဉ်လာသည်။ သူတစ်ပါးအား ရက်ရက်စက်စက် လုပ်ရခြင်းကို နှစ်သက်လာသည်။ သူ့စိတ်အလိုမကျလျှင် အကြမ်းဖက်ရမှ ကျေနပ်သည်။ သို့ကြောင့်လည်း သူ့ကို လူမုန်းများလာကြ၏။

ဘယ်သူမုန်းမုန်း သူကမမှု။ ပြဿနာဖြစ်ပြီးဆိုသည်နှင့် သူက လက်ပါပြီးသား။ သို့ကြောင့်လည်း ခုနစ်တန်းကျောင်းသား အရွယ်တွင် သူနှင့် ရန်ဖြစ်သည့်အခြားကျောင်းသား ကျော်စိုး၏ ကျောပြင်ကို ကွန်ပါချွန်ဖြင့်စိုက်ခဲ့ရာ အမှုမဖြစ်သော်လည်း ကျောင်း ထုတ်ခံခဲ့ရလေသည်။

ရပ်ကွက်ထဲမှာလည်း ရန်ပွဲများ နွှဲမိသဖြင့် အချုပ်နှစ်ခါ ကျဖူး၏။

အမှုမကြီးသဖြင့် ချုပ်ရက်နှင့် လွတ်လာခဲ့ရသည်ချည်း ယင်းသို့လျှင် ပြည်သူ့ချဉ်ဖတ်တစ်ဦးဖြစ်သဖြင့် မုဒိမ်း





ဖြစ်ပြီး ထောင်ခုနစ်နှစ်ကျသောအခါ သူ့နောက်မှ ပံ့ပိုးပေးမည့်သူ မရှိ။ သူ အချုပ်ခံရကတည်းက သူ့ဦးလေး ဦးအောင်သိန်းက သူ့ကို လာမတွေ့ချေ။

အကျဉ်းထောင်တို့၏ထုံးစံအတိုင်း နောက်မှပံ့ပိုးပေးမည့် သူမရှိလျှင် (ထောင်ဝင်စာလာတွေ့မည့်သူမရှိလျှင်) ထောင်ထဲ၌ ရဲကျသလို ခံစားရလေ၏။

နေရဲသည် ထိုသို့လျှင် နောက်ပိုင်းမှ ထောက်ပံ့ကူညီပေး သူ မရှိ ထောင်ဝင်စာပင်လာတွေ့သူ မရှိသဖြင့် ထောင်ထဲရောက်စ ပထမတစ်လလုံးလုံး သူတစ်ပါး၏အဖိနှိပ်ခံဘဝ ရောက်ခဲ့ရ၏။

မည်သူမျှ မလုပ်ချင်သော မိလ္လာဒန့်ဖလား၊ သေးအိုး၊ ချေး အိုးတို့ကိုပင် သယ်ခဲ့ ထမ်းခဲ့ရလေသည်။

သို့သော် ထောင်ကျပြီး ပထမလကုန်ချိန်မှာပင် သူ့ကို ထောင်ဝင်စာလာတွေ့သူပေါ်လာ၏။

''နေရဲ . . . ထောင်ဝင်စာ''

CO (ခေါ်) ၁၂-မှတ်ရဗာရာ၏အော်သံကြောင့် သူ အံ့ဩ သင့်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် . . . ငါ့ကို ထောင်ဝင်စာလာတွေ့သူ ရှိပါ သေးလား။ ဦးလေး ဦးအောင်သိန်းများလား မသိဘူး"

သူ ဝမ်းသာအားရဖြင့် ထောင်ဘူးဝဆီသွားပြီး ထောင် ဝင်စာအတွေ့ခံရန် စာရင်းပေးကာ တန်းစီလိုက်၏။

သူပါသည့်အလှည့်ရောက်သည့်တွင် အခြားအကျဉ်းသား များနှင့်အတူ ထောင်ဝင်စာတွေ့သည့် အခန်းအရှည်ကြီးထဲ ယောင်ချာချာဖြင့် ဝင်လာခဲ့ရသည်။ သူ့ကို မည်သူက ထောင်ဝင်စာ လာတွေ့မှန်းမသိ။

"ရှုတ် . . . ကိုနေရဲ ဒီမှာ"

ရုတ်တရက် မမျှော်လင့်ဘဲ ခေါ်သံကြားသဖြင့် ကြည့် လိုက်ရာ ထောင်ဝင်စာလာတွေ့သူများဘက်အခြမ်းတွင် ထိုင်နေ သည့် ထားထားမြင့်ကို မထင်ထားဘဲ တွေ့လိုက်ရသဖြင့် လွန်စွာ အံ့ဩသွားရတော့၏။ သူ မမျှော်လင့်ဆုံးသူလေးပါလား။ သူ့ မျက်လုံးကိုပင် သူ မယုံသလိုဖြစ်သွားသည်။

သူက သူမနှင့်မျက်နှာချင်းဆိုင်ရှိ ခုံလေးမှာ မယုံမကြည် ထိုင်လိုက်ရလေသည်။





"ဘယ့်နှယ်လဲ . . . ရှင့်ကို ကျွန်မလာတွေ့လို့ အံ့ဩနေ သလား"

ထားထားမြင့်က သူ့ကို ခပ်အေးအေးမျက်ဝန်းများဖြင့် ကြည့်ရင်း အသံမှန်ဖြင့် မေးလိုက်သည်။

သူနှင့် သူမတို့ကြားတွင် သံဆန်ခါနှစ်ထပ် ခြားထား သော်လည်း သူမ၏လှပလွန်းသောမျက်နှာလေးကို သူ ကောင်းစွာ မြင်နေရ၏။

သူမက နောက်တွဲဆံထုံးလေး ထုံးထားကာ ကျောက်စိမ်း ရောင် မှန်နိုင်လွန်အကျီလက်စကလေးနှင့် ဘရိုကိတ်ပွင့်ရိုက်ထဘီ တို့ကို တွဲဖက်ဝတ်ဆင်ထားပြီး မှုန်နှံ့သာလည်း ခြယ်သထားသဖြင့် သူမ၏သွင်ပြင်က သေသပ်လှပလို့နေသည်။

နေရဲက သူမထံမှ မျက်နှာဆွဲလိုက်ပြီး သက်ပြင်းရှိုက် လိုက်မိသည်။

"မင်း မင်း . . . ဘာဖြစ်လို့ တို့ကို လာတွေ့တာလဲ"

"တရားရုံးမှာ အမှုစစ်တော့မှ ရှင့်ရဲ့အကြောင်းကို ကျွန်မ သေချာသိခဲ့ရတယ်။ ဒီတော့ တစ်ကောင်ကြွက် တစ်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့ ရှင့်ကို ထောင်ဝင်စာလာတွေ့သူ ရှိမှာမဟုတ်ဘူးလို့ ကျွန်မ တွေးမိတာနဲ့ ထောင်ဝင်စာ လာပို့တာပါ"

သူ အံ့ဩစွာ သူမ၏မျက်နှာကို ဖျတ်ခနဲ တစ်ချက်မော့ကြည့်မိသည်။ ထားထားမြင့်ကတော့ အေးဆေးတည်ငြိမ်စွာ သူ့ကိုကြည့်ရင်း ဆက်ပြောသည်။

"တစ်ခါက ကိုယ်ဝန်ကြီးနဲ့ ထောင်ကျခဲ့တဲ့ မိန်းမတစ်ယောက် မွေးဖွားဖို့ ခက်ခဲလွန်းတာနဲ့ ထောင်ဆေးရုံကနေ ကျွန်မ အလုပ်ဝင်နေတဲ့ ဂျင်မခန်နာ ဆေးရုံကြီးကို ရောက်လာခဲ့ဖူးတယ်။ အဲဒီမိန်းမပြောပြလို့ ထောင်ထဲကအကြောင်းတွေကို ကျွန်မ အတော်လေး သိခဲ့ရတယ် . . .၊

ထောင်ထဲမှာ နောက်က မပံ့ပိုးနိုင်ရင် ထောင်ဝင်စာ လာတွေ့သူမရှိရင် အရမ်းဒုက္ခရောက်တယ်လို့ပြောတယ် . . .၊

ဒါကြောင့် ရှင် ဒုက္ခရောက်နေမှာစိုးလို့ ကျွန်မ ထောင်ဝင်စာလာတွေ့တာပါ"

သူမက နံဘေးမှာချထားသည့် ထောင်ဝင်စာ အိတ်ကိုပြညွှန်ပြသည်။





နေရဲက မျက်လွှာလှန်ပြီး သူမကို ခပ်ငေးငေးကြည့်လိုက်သည်။

"မင်းကို ကျေးဇူးတင်ပါတယ်"

ထားထားမြင့်က တည်တည်ငြိမ်ငြိမ် ပြုံးလိုက်သည်။

"ဒီထက် ကျေးဇူးတင်စရာတွေ ရှင် ကြုံရဦးမှာပါ"

ထိုစဉ် ခေါင်းလောင်းခေါက်သံ ကြားရ၏။ ထောင်ဝင်စာတွေ့ချိန်စေ့ပြီဖြစ်ကြောင်း သတိပေးခေါင်းလောင်းသံပင်။

သူမ ထိုင်နေရာမှထလိုက်သည်။

"ကဲ . . . ကျွန်မ ပြန်မယ်။ ရှင့်ကို နေကောင်းအောင်နေစေချင်တယ်"

ထို့နောက် သူမက သူ့ကိုပြုံးလျက် နှုတ်ဆက်ပြီးလျှင် ခန်းဆောင်ကြီး၏အပြင်ဘက်သို့ ထွက်ခွာသွားပါတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ထောင်တွင်းရန်ပွဲ

"ဘယ်လိုလဲ နေရဲ၊ မင်းကို ထောင်ဝင်စာလာ,လာတွေ့နေတဲ့ အမျိုးသမီးက တယ်ချောပါလားကွ"

၁၂-မှတ်ရ ဗာရာခြေမကြီး (ခေါ်) မျိုးတင့်က လက်သမားရုံးတွင် ဘုတ်ကိုင်အဖြစ် တာဝန်ကျနေသည့် နေရဲကို လာပြောခြင်း ဖြစ်လေသည်။

ထားထားမြင့် ဒုတိယအကြိမ် ထောင်ဝင်စာလာတွေ့သည်ကို ခြေမကြီး (ခေါ်) မျိုးတင့်လည်း ထောင်ဝင်စာ ထွက်တွေ့ရင်း မြင်ဖူးထားသဖြင့် လာပြောခြင်းဖြစ်၏။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထားထားမြင့်က ထောင်မှူး ထောင်ပိုင်တို့ကို လာဘ်ထိုးကာ ထောင်ထဲတွင် အနေချောင်စေရန် ဖန်တီးပေးထားသဖြင့် နေရဲမှာ သာမန်အကျဉ်းသားနှင့်ပြားအဆင့်မှနေ၍ ဦးထုပ်အဖြူဆောင်းရသော (၈) မှတ်ရ ဗာရာဖြစ်လာရာ အောက်ခြေသိမ်းအလုပ်များ မလုပ်ရတော့ဘဲ လက်သမားဘုတ်ကိုင် ဖြစ်နေရ၏။

''ပြောပါဦးကွ နေရဲရဲ့။ ငါ ဝါဒါတွေကတစ်ဆင့် ကြားထားတာကတော့ မင်းဆီကို ထောင်ဝင်စာလာလာတွေ့နေတဲ့ မိန်းမဟာ မင်း မုဒိမ်းကျင့်ခဲ့တဲ့ မိန်းမဆို ဟုတ်လား''

အကျဉ်းသားများ အလုပ်လုပ်နေသည့် လက်သမားရုံ၏ တံခါးဝအပြင်ဘက်တွင် ကုလားထိုင်တစ်လုံးဖြင့် ထိုင်နေသည့် နေရဲက သူ့ထက်ရာထူးကြီးသော (၁၂) မှတ်ရ ဗာရာခြေမကြီးကို မကြေမချမ်း မော့ကြည့်လိုက်မိသည်။

''အဲဒီတော့ ဘာဖြစ်လဲဗျာ''

''ဟား ဟား ဟား ... ဘာဖြစ်ရမလဲကွ၊ အင်မတန်ထူးဆန်းနေတာပေါ့။ ဘယ့်နှယ် ကိုယ့်ကိုမုဒိမ်းကျင့်လို့ ထောင်နန်းစံသွားရတဲ့ မုဒိမ်းကောင်ကို အကျင့်ခံလိုက်ရတဲ့ မိန်းကလေး





ကိုယ်တိုင်က ထောင်ဝင်စာ လာလာတွေ့ပြီး ထောက်ပံ့နေရတယ်လို့၊ ကြား ကြားဖူးပေါင်ကွာ ... ဟား ဟား ဟား''

ဤတွင် ခြေမကြီးနှင့်အတူ လိုက်ပါလာသည့် (၈) မှတ်ရ ဦးထုပ်အဖြူရောင်ဆောင်း ဗာရာ ဒုတ် (ခ) သောင်းမြင့်က ခနဲ့တဲ့တဲ့ ဝင်ပြောလေသည်။

''အဲဒီဟာမက အပေါစား ဟိုတယ်မယ် ဖြစ်မှာပေါ့ဗျာ ... ဟား ဟား ဟား''

နေရဲ ဒေါသထောင်းခနဲထွက်သွားပြီး ထိုင်ရာမှ ဆတ်ခနဲထကာ –

''ဟေ့ကောင် ဒုတ် ... မင်းရဲ့မယားလို အောက်တန်းစားမ မဟုတ်ဘူးကွ သိလား။ ဟိုက ဆရာဝန်မ သိရဲ့လား''

နေရဲနှင့် ဒုတ် (ခေါ်) သောင်းမြင့်တို့မှာ ရာထူးအဆင့် တူ (၈) မှတ်ရ ဗာရာချင်းဖြစ်သဖြင့် ဒုတ်လည်း ဒေါကန်သွားကာ သူ့မယားခင်စိန်ကလည်း တကယ့်မိန်းမပျက်မို့ အနာပေါ် တုတ်ကျသွားပြီး ဆတ်ဆတ်ခါသွားတော့၏။

''ဟေ့ မုဒိမ်းကောင် ... မင်းကများ လူပါးဝလို့ ငါ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကို မပုတ်ခတ်နဲ့။ မင်းလို မိလ္လာပုံးထမ်းခဲ့ရတဲ့ မုဒိမ်းကောင်ကို ဆရာဝန်မလို အဆင့်မျိုးက လာတွေ့မလားကွ။ အောက်တန်းစားမ၊ သင်ငတ်နေတဲ့ အပျက်မပဲ လာတွေ့မယ်။ ထွီ . . . တန်ရာ တန်ရာ ပြောဘူး''

''ဘာကွ . . . မင်း ဘာစော်ကားတာလဲ။ ခါးပိုက်နှိုက် သူခိုးကများ''

''ကဲကွာ''

''ခွပ်''

''ဖောင်း''

''အား အ အု အု''

လျှက်မြန်ခြေမြန် နေရဲက ဒုတ်ကို ရုတ်ခနဲ ထိုးချလိုက်ပြီး ယိုင်သွားသည့် ဒုတ်၏နံစောင်းကို ခြေစောင်းဖြင့် ခတ်ထည့်လိုက်ရာ ဒုတ်မှာ နံကို နှိပ်လျက် မြေပြင်ပေါ် တစောင်းလဲကျသွားတော့သည်။

''ဟော့ကောင်တွေ . . . ဟော့ကောင်တွေ . . . ရန်မဖြစ်ကြနဲ့လေ။ နှစ်ကောင်စလုံး တိုက်ပိတ်ခံရချင်လို့လား''





နေရဲ၏ဒေါသက ခြေမကြီးဘက်သို့ လှည့်သွားသည်။

''ဟော့ကောင် . . . ဝါဒါကို သွားတိုင်လိုက်။ တိုက်ပိတ်လည်း သောက်ဂရုမစိုက်ဘူး''

ခြေမကြီး ဒေါသထောင်းခနဲထွက်သွားသည်။ သူက စားပြမှုနှင့်ထောင်ကျလာသူဖြစ်သော်လည်း လက်နက်ရှိမှ မိုက်ရဲသူမို့ သူ့ထက် ကြံ့ခိုင်ပြီး လက်သံပြောင်လှသည့် နေရဲကို လူချင်းမယှဉ်ဝံ့သဖြင့် မျက်ထောင့်နီကြီးဖြင့်သာ အံကြိတ် ကြည့်လိုက်သည်။

အကျဉ်းထောင်ထဲတွင် ရန်ဖြစ်ခြင်းသည် ပြစ်မှုကြီး ကျူးလွန်ခြင်းပင်ဖြစ်၏။ အကျဉ်းသားချင်း ရန်ဖြစ်ပါက မည်သူမှားမှား ရန်ဖြစ်သူမှန်သမျှ တိုက်ပိတ်ခံရမည်သာဖြစ်၏။ ထောင်ကျအကျဉ်းသားဟူသမျှမှာ တိုက်ပိတ်ခံရမည်ကို အကြောက်ဆုံး ဖြစ်သည်။

ယခု ရန်ပွဲကို ဝန်ထမ်းဝါဒါတို့၊ ထောင်မှူးတို့ သိသွားပါက နေရဲရော ဒုတ်ပါ တိုက်ပိတ်ခံရမည်ဖြစ်၏။

ခြေမကြီးက ဂျစ်ကန်ကန်နိုင်လှသော နေရဲကို တိုက်ပိတ်ပို့ချင်သော်လည်း သူ၏တပည့် ဒုတ်ပါ တိုက်ပိတ်ခံရမည့်အရေးမို့



www.burmeseclassic.com

www.burmeseclassic.com



အထက်ကို မှထိုင်သာသလို သူလည်း နေရဲကို ကိုယ်ထိလက်ရောက် မဆုံးမဝံ့သဖြင့် ဒေါသကို မျိုချပြီး အံကြိတ်လို့သာ နေရတော့၏။

သို့သော် ၁၂-မှတ်ရဗာရာ CO (Conviet Overseer) ဟူသော မာနဖြင့် သိက္ခာထိန်းပြီး ဟိန်းဟောက်လိုက်၏။

"နေရဲ ... မင်း ထောင်ထောင် ထောင်ထောင် မလုပ်နဲ့နော်။ မနေ့တစ်နေ့ကမှ ရထားတဲ့ ၈-မှတ်ရဗာရာ ရာထူးက ပြုတ်ပြီး သာမန်အကျဉ်းသား ပြန်ဖြစ်သွားမယ် ... ဟင်း"

"ကျုပ်က ဘာမှထောင်နေတာမဟုတ်ဘူး။ အေး ... ကျုပ်ကိုတော့ မစော်ကားနဲ့။ အစိတ်သားကောင်တောင် ချမ်းသာမပေးဘူးမှတ်"

သူက နံကိုနှိပ်ကာ မြေပေါ်မှမထနိုင်သေးသည့် ဒုတ်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး –

"ဟော့ကောင် ... နောက်မှတ်ထား။ ငါ့ကိုလာတွေ့တဲ့ ဆရာဝန်မလေးကို ထပ်စော်ကားရင် မင်းရဲ့နံရိုးတွေ ကျိုးသွားမယ်မှတ်"

သူက နံကိုနှိပ်ကာ မြေပေါ်မှမထနိုင်သေးသည့် ဒုတ်ကို





လက်ညှိုးငေါက်ငေါက်ထိုးပြီး ...

"ဟော့ကောင် ... နောက်မှတ်ထား။ ငါ့ကိုလာတွေ့တဲ့ ဆရာဝန်မလေးကို စော်ကားရင် မင်းရဲ့နံရိုးတွေ ကျိုးသွားမယ်မှတ်"

ဟု ဟိန်းဟောက်ကာ ဒုတ်၏နားရင်းကို တစ်ချက်အုပ်ထည့်လိုက်တော့၏။

"ဖြောင်း"

"အ"

"ဟော့ကောင် နေရဲ ... မင်းလွန်နေပြီနော်။ တော်တော့"

ခြေမကြီးက ဟန့်တားလိုက်ပြီး သူ့တပည့် ဒုတ်ကို တွဲထူသည်။ သူတို့ပြဿနာဖြစ်နေသည့် လက်သမားရုံမှာ မိန်းဂျေးနှင့်ဝေးပြီး သစ်ပင်များလည်း ကွယ်နေသဖြင့် ထောင်ဝါဒါတို့ မမြင်မတွေ့ကြချေ။

လက်သမားရုံထဲ၌ အလုပ်လုပ်နေသည့် အကျဉ်းသားတို့က သူတို့ရန်ပွဲကို တစေ့တစောင်း လှမ်းကြည့်နေကြ၏။

"ကဲ ဒုတ် ... လာ လာ မင်း ဘုတ်ကိုင်ရတဲ့ဂိုဒေါင်ဟောင်းဘက်သွားရအောင်။ ဟိုကောင်တွေ ဘီလပ်မြေအိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထမ်းထုတ်နေတာ ပြီးလောက်ရောပေါ့"

ခြေမကြီးက ရန်ကိုရှောင်သည့်အနေဖြင့် အလိမ္မာသုံးကာ သူ့တပည့်ကို ဂိုဒေါင်များဘက်ဆီသို့ ခေါ်သွားတော့၏။

နေရဲက ကုလားထိုင်မှာ ပြန်ထိုင်လိုက်ပြီး သူတို့ကို ဘု ကြည့်ကြည့်ရင်း ကျန်ရစ်ခဲ့တော့သည်။

*

"တော်ချက် ... အဲဒီနေရဲဆိုတဲ့ကောင်ကို နည်းနည်းမှ မကျေနပ်ဘူးဗျာ"

ဒုတ်က နွတ်ခမ်းထောင့်စွန်းမှ သွေးစကို လက်ခုံဖြင့် သုတ်ရင်း နံကို လက်တစ်ဖက်ဖြင့် နှိပ်ကာ မကျေမချမ်းပြော၏။

"အေး ... ငါလည်း ကြည့်မရဘူး။ ဒါပေမဲ့ ငါတိုင်လိုက် ရင် မင်းပါ တိုက်ပိတ်ခံရမှာကွ။ တိုက်ပိတ်ခံရမယ့်အတူတူ အဲဒီ ကောင်ကို ခြေတွေလက်တွေ ရိုက်ချိုးပြီး တိုက်ထဲဝင်မှတန်မှာ"

"ရေဆင်ဟို့ တောကျိုးကန်းတို့နဲ့တိုင်ပင်ပြီး အဲဒီကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြိုမယ်ဗျာ''

''အေး ... ကောင်းတယ်၊ အဲဒီကောင်ရဲ့ဘဝရော အလုပါ ပျက်အောင်ကို ဆော်ထည့်ကွာ''

မထူးတော့ပြီမို့ ခြေမကြီးက မြှောက်ပေးလိုက်၏။

ရထားသံလမ်းဖြုတ်ခိုးမှုဖြင့် ထောင်ကျလာကြသော ရေဆင်နှင့် တောကျီးကန်းတို့မှာ နောက်ကလည်း ထောင်ဝင် စာ လာမတွေ့နိုင်သဖြင့် ဒုက္ခရောက်လျက်ရှိရာ ဒုတ်က ကျွေးမွေး ပေးကမ်းစောင့်ရှောက်ထားရသူများဖြစ်၏။

ယခုတော့ သင်းနှစ်ကောင်ကို အသုံးချပြီး နေရဲကို တစ်စစီ ဖြစ်အောင် ဆုတ်ဖြဲပစ်ရမည်ဟု ဒုတ် တွေးကာ မဲ့ပြုံး ပြုံးလိုက် သည်။

''ဟင်း ဟင်း ဟင်း နေရဲ ... မင်း မကြာခင် ဒုတ်ရဲ့ အကြောင်း သိရစေ့မယ်ကွာ ... ဟင်း ဟင်း ဟင်း''

*



ဒုတ်က ရေဆင် (ခေါ်) မြဝင်း၊ တောကျီးကန်း (ခေါ်) သူမျိုးမြင့်တို့နှင့် တိုင်ပင်ပြီးနောက် နေရဲအား လုပ်ကြံနိုင်ရန် အခွင့်အခါကောင်းကို စောင့်နေလိုက်ကြ၏။

''အခွင့်အရေးရတာနဲ့ အပိုင်လုပ်နော် ဟေ့ကောင်တွေ''

''စိတ်ချစမ်းပါ ဒုတ်ရာ''

''အဲဒီနေရဲဆိုတဲ့ကောင်ရဲ့ ဇကတော့ မသေးဘူးကွ။ တော်လက်မြန်တဲ့ကောင်။ သူတို့လုပ်ပြီဆိုရင် တစ်ချီတည်း မထ အောင် လုပ်မှဖြစ်မှာ။ မင်းတို့ တကယ်သွေးရှိတယ်နော်''

ခု နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"သွေးက ရှိပြီးသားပါ ဒုတ်ရာ။ ငါတို့ကို စိတ်ချစမ်းပါ။ ငါတို့လည်း ရှာလူ့မိုက်တွေပါပဲကွ"

"ဟုတ်တယ် ဒုတ်။ ငါတို့ရဲ့ကျောက်ပန်းတောင်းက နှစ်ကျပ်ခွဲရွာမှာဆို ငါနဲ့ ရေဆင်ကို မျက်စောင်းထိုးကြည့်ရဲ စောင့်ကြည့်ရဲတဲ့သူ မရှိဘူး"

"ဒုတ်ရာ . . . ထောင်ထဲရောက်လာတဲ့ကောင် မှန်သမျှ မိုက်လို့ရောက်လာတဲ့ ကောင်ချည်းပဲကွ။ နေရဲဆိုတဲ့ကောင်က ဘာကောင်မို့လို့လဲ။ အလကား မိန်းမတစ်ယောက်ကိုပဲ အနိုင်ယူနိုင်တဲ့ မုဒိမ်းကောင်းပါကွာ။ မင်းကြည့်နေ အဲဒီကောင်ရဲ့ဘဝရော အလှပါ ပျက်သွားစေရမယ်"

ရေဆင်နှင့် တောကျီးကန်းတို့က နေရဲကို ဝိုင်းဝိုင်းပြင်ပြင် ဝိုင်းဝန်းလုပ်ကြဖို့ ရဲရဲကြီး ကတိပေးကြသဖြင့် ဒုတ် အားတက်သွား၏။

"ဟင်း ဟင်း ဟင်း . . . တွေ့ကြသေးတာပေါ့ နေရဲရယ် တစ်သျှိုတည်းနဲ့ မင်း မထနိုင်အောင်ကို ငါတို့လုပ်ပြမယ်။ တွေ့ကြသေးတာပေါ့ . . . ဟင်း ဟင်း ဟင်း"



ဒုတ်တို့ စောင့်စားနေသည့် အခွင့်အခါကောင်းက ရောက်ရှိလာခဲ့ပြီဖြစ်၏။

ထိုနေ့က ဒုတ်ရော နေရဲပါ အပြင်ဘုတ်ပုခေါ်တွင် သည့် တောင်ယာခင်းတွင် ဘုတ်ကိုင်များအဖြစ် တာဝန်ကျသည်။

ဒုတ်ရော နေရဲပါ ဘုတ်ကိုင်များဖြစ်သဖြင့် တစ်ဦးလျှင် အကျဉ်းသားဆယ်ယောက်ဆီကို ကြီးကြပ်စေခိုင်းရ၏။

ထောင်မှူးများ၏ညွှန်ကြားမှုဖြင့် ထောင်ဝါဒါများက နေရာသတ်မှတ်ပေးသည့် မြေရှိုင်းအကွက်တို့ကို ပေါက်တူးပေါက်ရှုန်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပြားကိုယ်စီဖြင့် အကျဉ်းသားတို့အား တူးဆွ ရှင်းလင်းစေရသည်။

ဒုတ် တာဝန်ယူရသည့်လုပ်ကွက်နှင့် နေရဲတာဝန်ယူရ သည့်လုပ်ကွက်က ကပ်လျက်ဖြစ်၏။

ဒုတ်ကြီးကြပ်ရသည့် အကျဉ်းသားတို့အထဲတွင် ရေဆင်နှင့် တောကျီးကန်းတို့ ပါဝင်သည်။

တောကျီးကန်းနှင့်ရေဆင်တို့က ပေါက်ချွန်း တစ်ယောက်တစ်လက်စီဖြင့် မြေပေါက်ဆွရင်း ဒုတ် အချက်ပြသည့်အချိန်ကို စောင့်လင့်လို့နေ၏။

ဒုတ်ကလည်း လက်ထဲတွင် ဂေါ်ပြားတစ်ခုကိုင်ထားပြီး အကျဉ်းသားတို့ကို ညွှန်ကြားရင်း နေရဲ၏အနေအထားကို အကဲခတ်နေသည်။

နံနက်စောစောကတည်းက ချုံရှင်းမြက်ပေါက် မြေဆွ လုပ်နေကြရာ နေအတော်မြင့်လာချိန်တွင် တာဝန်ကျ ထောင်ဝါဒါက ဝီစီမှုတ်ပြီး ခေတ္တနားခွင့်ပြုလိုက်၏။

အကျဉ်းသားတို့လည်း တောင်ယာခင်းအစပ်မှ ကုက္ကိုပင်





ရိပ်တို့ အောက်ခိုဝင်ကာ အနားယူကြလေသည်။

အနားရချိန်တွင် အပြင်ဘုတ်မှ စကားလွတ်လွတ်လပ်လပ် ပြောခွင့်ရကြသည်။ ဝါဒါ ခပ်ဝေးဝေးသို့ ထွက်သွားပါက ဆေးလိပ်ပါ သောက်လို့ရ၏။

နေရဲက ကုက္ကိုပင်ကြီးတစ်ပင်၏မြစ်ပျဉ်းကို ခေါင်းအုံးလျက် ပက်လက်လဲလျောင်းရင်း မျက်လုံးမှိတ်ကာ အနားယူနေလိုက်၏။

နေရဲ စိတ်အေးလက်အေး အနားယူနေပုံကိုကြည့်ပြီး ဒုတ်က သူ့လူနှစ်ယောက်ကို လုပ်ငန်းစရန် အချက်ပြလိုက်သည်။

“ဒီအချိန်ဟာ အခွင့်ကောင်းပဲ။ သေဖို့သာပြင်ထားပေတော့”

ဒုတ်၊ တောကျီးကန်းနှင့် ရေဆင်တို့က ပေါက်ချွန်း ပေါက်ပြားများ ကိုယ်စီအသင့်ကိုင်လျက် နေရဲ လဲလျောင်းနေရာသို့ ခြေသံလုံစွာ တစ်လှမ်းချင်း ချဉ်းလှမ်းကာ ချဉ်းကပ်သွားကြ၏။

ကျန် အကျဉ်းသားများမှာ သူတို့သုံးဦး၏လှုပ်ရှားမှုကို အံ့သြစွာ ဆိတ်ဆိတ်ငြိမ်လျက် စောင့်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမှိတ်လျက် လဲလျောင်းမှေးစက်နေသည့် နေရဲ၏ နားထဲတွင် သစ်ရွက်သစ်ကိုင်းတို့ကို လေတိုးသံသာ ကြားနေရ၏။

သူ့ဝန်းကျင်မှ အကျဉ်းသားတို့၏စကားသံများ လှုပ်ရှားသံများ ရုတ်ချည်း တိတ်ဆိတ်သွားသည်ကို နေရဲ သတိပြုမိလိုက်သည်။

နဖူးပေါ် လက်တစ်ဖက်တင်ထားလျက်မှ မျက်လုံးမဖွင့်ဘဲ နေရဲက နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက် တွန့်တက်သွားရုံလေး မထေမဲ့မြင်ပြုံးလိုက်၏။

သူက သတိရှိသူဖြစ်သဖြင့် ယနေ့မနက်ကတည်းက ဒုတ်၊ အောကျိုးကန်းနှင့် ရေဆင်တို့ မူပျက်နေသည်ကို ရိပ်မိခဲ့လေသည်။

သို့သော် သူက မသိဟန်ဆောင်ပြီး သင်းတို့၏အရိပ်အကဲကို မသိမသာ စူးစမ်းခဲ့၏။

"ဒီကောင်တွေဟာ ငါ့ကိုပဲ တစ်ချိန်လုံး သတိထားကြည့်နေကြပါလား။ ငါ လှမ်းကြည့်လိုက်ရင် ဖျတ်ခနဲ မျက်နှာလွှဲပြီး တောင်လိုလို မြောက်လိုလို လုပ်နေကြတယ်"

"ဒုတ်ဆိုတဲ့ကောင်က ငါ့ကို အခဲမကြေဘူး။ ဟိုကောင်





နှစ်ကောင်ကလည်း သူနဲ့ တတွဲတွဲလုပ်နေကြတဲ့ကောင်တွေ။ ဒီကောင်တွေ ငါ့ကို အကောက်ကြံကြံမလို့နဲ့တူတယ် ... ဟင်း ဟင်း တွေ့ကြသေးတာပေါ့ကွာ"

နေရဲသည် နဂိုကတည်းက စိတ်ထဲမှ ကြုံးဝါးထားပြီး ဖြစ်၏။

ယခု သူမှေးစက်နေသည့်အခိုက်တွင် ဝန်းကျင်တစ်ခုလုံး ရုတ်ချည်းတိတ်ဆိတ်သွားသည်ကို သူ မသက်ာပေ။ ထိုသို့သော တိတ်ဆိတ်ခြင်းမျိုးက တစ်စုံတစ်ရာ ဆိုးဆိုးဝါးဝါးဖြစ်ခါနီးတွင် ဖြစ်တတ်သည့်သဘောရှိကြောင်း နေရဲသိသည်။

ထို့ကြောင့် သူက ဣန္ဒြေမပျက် လဲလျောင်းရင်း မျက်လုံးမဖွင့်ဘဲ နားကိုသာ အစွမ်းကုန်စွင့်နေ၏။

ခြေသံ။

တိုးတိုးဖွဖွ ခြေသံတို့ကို သူက လွန်စွာနားပါးသူမို့ ကြားလာရသည်။

နေရဲက ထိုခြေသံများ သူ့ထံ ဗဟိုပြုလျက် တစ်လှမ်းချင်း လျှောက်လှမ်းလာနေကြကြောင်းသိလိုက်ရသည်နှင့် မျက်လွှာကို



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲဖွင့်ကြည့်လိုက်၏။

ယင်းသို့ သူ မျက်လုံးဖွင့်လိုက်ချိန်မှာပင် တောကျိုးကန်းက လက်ထဲမှ ပေါက်ချွန်းကြီးဖြင့် သူ့ကို မိုးခုတ်ထည့်လိုက်လေသည်။

"သေစမ်းကွာ"

"ဗိုး"

သို့သော် တောကျိုးကန်း၏ပေါက်ချွန်း သူ့ဝမ်းဗိုက်ပေါ် ကျရောက်လုလုမှာပင် နေရဲက ကိုယ်ကို တစ်ပတ်လှည့် ရှောင်လိုက်ရာ ပေါက်ချွန်းက မြေအပြင်ကိုသာ ပေါက်မိသွားတော့၏။

ဤတွင် ဟန်ချက်လွဲပြီး ရှေ့သို့ ငိုက်ကျလာသည့် တောကျိုးကန်း၏ရင်ဝကို လူရဲက ခြေထောက်ဖြင့် ပင့်ကန်ထည့်လိုက်တော့၏။

"ဖောင်း"

"အု အု အု"

ယင်းအခိုက်မှာပင် နေရဲက လျှပ်တစ်ပြက် ခုန်ထလိုက်၏။

ရေဆင်က ထင်မှတ်ထားသလို မဖြစ်သဖြင့် ရှုတ်တရက်





ကြောင်အအဖြစ်သွားပြီးမှ ချက်ချင်း သတိဝင်ကာ လက်ထဲမှ ပေါက်ချွန်းဖြင့် နေရဲကို လှဲခုတ်လိုက်တော့သည်။

သို့သော် နေရဲက ဓားလွှယ်ခုတ်ဝင်လာသော ပေါက်ချွန်း ခုတ်ချက်ကို နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ကိုယ်အထက်ပိုင်းကို နောက်အသာယိမ့်ရှောင်လိုက်၏။

"ဗိုး"

ပေါက်ချွန်းက လေကိုသာခွင်းကာ နေရဲ၏ရင်ဘတ်ရှေ့မှ စိုက်ဆင်းသွားရာ လှသည်လည်း ဟန်ချက်ပျက်သွားတော့သည်။

ယင်းသို့ ဟန်ချက်ပျက်သွားသည့် ရေဆင်၏နံစောင်းကို ညာခြေစောင်းဖြင့် နေရဲက ကန်ထည့်လိုက်ရာ –

"ဖောင်း"

"ဖြောက်"

"အား"

နံရိုးကျိုးသံနှင့်အတူ ရေဆင်မှာ မြေကြီးပေါ်လိမ့်သွားပြီး နံကိုနှိပ်ကာ တအီးအီး တအားအားဖြင့် ညည်းညူသွားတော့သည်။

ထိုစဉ် သူ့ကို ကျောပေးသလိုဖြစ်သွားသည့် နေရဲကို



www.burmeseclassic.com

www.burmeseclassic.com



ဒုတ်က လက်ထဲရှိ ပေါက်ပြားဖြင့် အားကုန်လွှဲရိုက်ချလိုက်တော့သည်။

“ဝိုး”

သို့သော် နေရဲက ဒုတ်၏လှုပ်ရှားမှုကို မျက်လုံးထောင့်စွန်းမှ ရိပ်ခနဲမြင်လိုက်ရသဖြင့် နောက်သို့ ဆတ်ခနဲလှည့်ကြည့်ကာ ဒူးညွှတ်ရှောင်လိုက်ရလေ၏။

နေရဲ အချိန်မီရှောင်လိုက်နိုင်သဖြင့် ပေါက်ပြားကြီးက ဝီခေါ်လျက် နေရဲ၏ပခုံးစွန်းနားမှ ကပ်သီးလေးဖြတ်သန်းသွားတော့သည်။

ထိုအခိုက်မှာပင် နေရဲက နောက်ပြန်ကန်ချက်ဖြင့် ကန်ထည့်လိုက်ရာ ယင်းခြေကန်ချက်က ဒုတ်၏အရှိုက်ကို နင့်နင့်သီးသီးထိသွားပါတော့၏။

“ဖောင်း”

“အူး”

ခေါင်းငိုက်ကျလာသည့် ဒုတ်၏မေးရိုးကို ညာပင့်လက်သီးဖြင့် ကော်သတ်လိုက်ပါတော့၏။





“ခွပ်”

ဒုတ် မြေပေါ်သို့ အရုပ်ကြိုးပြတ်ကျသွားပါတော့၏။

ထိုစဉ်မှာပင် ထောင်ဝါဒါတို့၏ဝီစီမှုတ်သံများ ဆူညံသွားပါတော့သတည်း။

“ရှီ ရှီ ရှီ ရှီ”

*

www.burmeseclassic.com

www.burmeseclassic.com

"ပြီးခဲ့တဲ့အပတ်တုန်းက ကျွန်မ လာသေးတယ်။ ရှင့်ကို တွေ့ခွင့်မရခဲ့ဘူး။ အဲဒါ ဘာဖြစ်လို့လဲ၊ ရှင်က မတွေ့ချင်လို့လား"

ထားထားမြင့်က သံဆန်ကာနှစ်ထပ်ကြားမှ တွေ့မြင်နေရသည့် နေရဲ၏မျက်နှာကိုကို စူးစူးစိုက်စိုက်ကြည့်လျက် မေးလိုက်ခြင်းဖြစ်လေသည်။

"တို့က မတွေ့ချင်လို့ မဟုတ်ပါဘူး။ အခြေအနေတစ်ခုကြောင့်ပါ"

သူမ မျက်မှောင်လေးအတွန့်ချိုးသွား၏။





"ဘာ ... အခြေအနေလဲ၊ ဘယ်လိုအခြေအနေလဲ"

"အဲဒီတုန်းက တို့တိုက်ထဲရောက်နေလို့"

သူမ၏မျက်ဝန်းလေးများ ပိုင်းသွားသည်။

"တိုက်ထဲရောက်နေလို့ ဟုတ်လား။ ရှင် ရှင် တိုက်ပိတ်ခံရတာလား"

"အစစ်ပေါ့"

သူက ဝန်ခံရင်း သူမ၏မျက်ဝန်းပြာပြာလေးများကို စူးစိုက်ကြည့်လိုက်၏။ သူမ၏မျက်ဝန်းတို့အထဲတွင် စိုးရိမ်ပူပန်မှု အရိပ်အငွေ့လေးများ ယှက်သန်းသွားသည်ကို သူ ကျေနပ်စွာ မြင်ရသည်။

"ရှင် ရှင်က ဘာဖြစ်လို့ တိုက်ပိတ်ခံရတာလဲဟင်"

"တို့ကို အကျဉ်းသားသုံးယောက်က ရန်စစော်ကားတယ်။ ဒါကြောင့် အဲဒီကောင်တွေကို ထောင်ဆေးရုံရောက်အောင် ပို့လိုက်တယ်။ အဲဒါကြောင့်ပါ"

သူ့စကားကြောင့် ထားထားမြင့် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"အို ရှင် ရှင် ... အဲဒီလိုလုပ်လို့ မဖြစ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုပြောတာလဲ"

"ရှင် ရှင် ထောင်ထဲမှာ ရန်တွေဘာတွေ မဖြစ်သင့်ဘူး။ ထောင်ဆိုတာ လူဆိုးလူမိုက်ပေါင်းစုံနေတဲ့နေရာလေ။ တော်ကြာ အဲဒီလူဆိုးလူမိုက်တွေက ရှင့်အပေါ် ရန်ငြိုးထားပြီး တစ်ခုခု လုပ်လိုက်မှဖြင့်"

"မင်းက တို့ တစ်ခုခုဖြစ်မှာစိုးရိမ်သလား"

သူမ မျက်လွှာလေး ချသွားသည်။ ပြီးမှ ခပ်တိုးတိုးပြောဏ်။

"ဟုတ်တယ်၊ ရှင့်ကို တစ်ခုခုမဖြစ်စေချင်ဘူး"

နေရဲက ထားထားမြင့်၏ နုပျိုချောမောလှပလွန်းသည့် မျက်နှာလေးကို ကျေနပ်စွာကြည့်ရင်း ပြုံးလိုက်သည်။

"ဟား . . . တို့တာဝတစ်လျှောက်လုံး မတွေ့ခဲ့ရတဲ့ မေတ္တာတရားကို တို့ အခုတွေ့ပြီထင်တယ်"

သူမက ခေါင်းပြန်မော့လာပြီး သူ့ကိုကြည့်ကာ ပြုံးသည်။ သူမ၏အပြုံးက ကြည်လင်တောက်ပလို့နေ၏။

*



အလုံဘက်မှ အော်စတင်ကားနက်လေး မောင်းလာသည့် အိုင်အိုချစ်သွေးသည် ထောင်ကြီးကွေ့အရောက်တွင် ထောင်ဘူးဝဘက်မှမောင်းလာသည့် ဟီးလ်မင်းကားအပြာလေးကို တွေ့လိုက်ရရာ အံ့အားသင့်သွား၏။

"ဟာ . . . ဒါ ထားရဲ့ကားပဲ၊ သူ ဒီရန်ကုန်ထောင်ကြီးဆီ ဘာလာလုပ်ပါလိမ့်"

ထားထားမြင့်၏ဟီးလ်မင်းကားလေးက မောင်ဂိုမာရီလမ်း (ယခု–ဗိုလ်ချုပ်လမ်း) အတိုင်း တောင်ဘက်သို့ မောင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကမူ အမှုကိစ္စတစ်ခုအတွက် ဘားလမ်းအချုပ်ခန်းဆီ အရေးတကြီး သွားစရာရှိသဖြင့် သူမ၏ကားနောက်မှ မလိုက်သွားနိုင်ချေ။

သို့သော် ...

သူ့ချစ်သူ ထားထားမြင့်တစ်ယောက် ဘာကိစ္စအတွက်နဲ့ ရန်ကုန်ထောင်ကြီးဆီ လာရပါလိမ့်ဟု တစ်နေကုန် တွေးနေမိတော့၏။

※

ညရောက်သည့်အခါမှာမူ သူ မနေနိုင်တော့သဖြင့် ထားထားမြင့်ဆီ ဖုန်းဆက်ရတော့သည်။

"ဒီမှာ ထားကို မနက်က မောင်တွေ့လိုက်တယ်။ ထားရဲ့ကား ရန်ကုန်ထောင်ကြီးရဲ့ ထောင်ဘူးဝဘက်က ထွက်လာတာကို တွေ့လိုက်ရတာပါပဲ။ ထား အဲဒီထောင်ကြီးဆီ ဘာကိစ္စသွားရတာလဲ"

"ထောင်ကျနေတဲ့ အသိတစ်ယောက်ကို ထောင်ဝင်စာသွားတွေ့တာပါ"

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဘယ်သူများလဲ ထား"

"ကိုနေရဲ"

"ဘာ"

ချစ်သွေးမှာ သူ့နားကို သူ မယုံနိုင်အောင်ဖြစ်သွားရသည်။

"ထား ထား . . . ထောင်ဝင်စာသွားတွေ့သူဟာ နေရဲ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"အာ . . . ဘာဖြစ်ရမှာလဲ၊ ကိုယ့်အပေါ် ဒီလောက် ရက်စက်ယုတ်မာထားတဲ့ကောင်ကိုများ ထားက ထောင်ဝင်စာ သွားတွေ့ရတယ်လို့"

"သူဟာ တစ်ကောင်ကြွက်ပါ မောင်။ သူ အခု ထောင်ကျနေချိန်မှာ သူ့ဆီ ဘယ်သူကမှ ထောင်ဝင်စာ လာမပို့ကြဘူး။ ထောင်ဝင်စာမရှိတဲ့ အကျဉ်းသားဟာ ဘယ်လောက်ဒုက္ခရောက်ရသလဲဆိုတာ မောင် သိပါတယ်"

"တော် တော်ပါတော့ ထားရယ်။ အခု မောင်ကြားနေရတဲ့စကားတွေကို ပြောနေသူဟာ ထားလို့ မောင် မယုံနိုင်အောင်





ဖြစ်နေရတယ်။ ထား ဘာတွေလျှောက်လုပ်နေတာလဲကွယ်"

"ထား လုပ်နေတာက ကောင်းတဲ့အလုပ်ပါ မောင်။ ဒုက္ခရောက်နေတဲ့ သတ္တဝါတစ်ဦးကို ကယ်တဲ့အလုပ်ပါ"

"တော် တော်ပါတော့ ထားရယ်။ ထား ထားမှာ ကုသိုလ်ကောင်းမှုလုပ်ဖို့ ဒီလောက်ရွေးစရာလူ ရှားရလား။ အဲဒီကောင်က ထားကို တိရစ္ဆာန်တစ်ကောင်လို စော်ကားခဲ့သူ ထားရဲ့"

"ထားသိပါတယ်၊ မောင်လည်း ငယ်ငယ်တုန်းက အနာပေါက်ဖူးမှာပေါ့။ အဲဒီအနာကို အမြဲတကြည့်ကြည့်လုပ်နေပြီး တူးနေဆွနေရင် အဲဒီအနာဟာ ခုအချိန်အထိ ကျက်ပါ့မလား . . .၊ ဒီလိုပါပဲ ကိုနေရဲ ကျူးလွန်ခဲ့တဲ့အပြစ်က ပြီးသွားခဲ့ပြီလေ မောင်ရဲ့။ အဲဒီအပြစ်အတွက် ထိုက်သင့်တဲ့အပြစ်ဒဏ်ကိုလည်း ခံယူနေရတယ်လေ။ သူ အပြစ်ဒဏ်ခံလို့ပြီးရင် အနာတစ်ခု ကျက်သလိုဖြစ်သွားရမှာပဲလေ"

"ဒါဆို မောင် မေးမယ်"

ချစ်သွေး၏အသံက နည်းနည်းမာသွားသည်။

"မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ထား အဲဒီမုဒိမ်းကောင်ကို ခွင့်လွှတ်သလား"

ထားထားမြင့်၏တညှဉ်းညှဉ်း ရယ်သံလေး။ တယ်လီဖုန်းခွက်ထဲမှ လွင့်ပျံထွက်ပေါ်လာသည်။

"ထား သူ့ကို ထောင်ဝင်စာသွားတွေ့တာ လေးကြိမ် ရှိပြီ မောင်။ အခုအချိန်ထိ ကိုနေရဲဟာ သူ ကျူးလွန်ခဲ့တဲ့အမှုအတွက် ထားကို မတောင်းပန်သေးဘူး။ သူ တောင်းပန်ဖို့ခက်နေပုံလည်း ရပါတယ်။ ဘာပဲဖြစ်ဖြစ် သူက မတောင်းပန်သေးတော့ သူ့အပေါ် ခွင့်လွှတ်သလား ခွင့်မလွှတ်ဘူးလားဆိုတာကို ထား မဝေခွဲနိုင်သေးပါဘူး မောင်"

"ထား ထား ဘယ်လိုဖြစ်နေတာလဲ။ ထားဟာ အရင်တုန်းက စကားပြောရင် ပြတ်ပြတ်သားသား ပြောတတ်သူပါ။ ခုမှ ဘာဖြစ်လို့ ဝေ့လည်ကြောင်ပတ်လုပ်နေရတာလဲ။ ပြတ်ပြတ်သားသားပြောပါ ထားရယ်။ ထား အဲဒီကောင်ကို ခွင့်လွှတ်သလား။ မောင်ကတော့ အဲဒီမုဒိမ်းကောင်ကို လုံးဝခွင့်မလွှတ်ဘူး"

တစ်ဖက်မှ စကားသံ တိတ်သွားသည်။ ခဏနေမှ ထားထားမြင့်က လေသံမှန်မှန်ဖြင့် မေးသည်။





"မောင် ငယ်ငယ်ကလေးဘဝတုန်းက မိဘရဲ့ပိုက်ဆံ နည်းနည်းပါးပါး ခိုးဖူးသလား။ အနည်းဆုံး ဟင်းတော့ ခိုးစားဖူးမှာပေါ့နော်"

"ပိုက်ဆံတော့ မိဘမသိအောင် မယူခဲ့ဖူးဘူး။ ဟင်းတော့ ခိုးစားခဲ့ဖူးပါတယ်"

"ခိုးစားတယ်ဆိုတာ ခိုးတာပဲ မောင်ရဲ့။ အခြားသူပဲဖြစ်ဖြစ် ကိုယ့်ရဲ့မိသားစုဝင်ထဲကပဲဖြစ်ဖြစ် လင်မယားချင်းပဲဖြစ်ဖြစ် သားသမီးနဲ့မိဘပဲဖြစ်ဖြစ် တစ်ဦးတစ်ယောက်ရဲ့ပစ္စည်းကို ပိုင်ရှင်မသိအောင် ယူရင် ခိုးတာပဲ။ တစ်ဦးက ချက်ပြုတ်ပြင်ဆင်ထားတာကို မသိအောင် ယူစားရင်လည်း ခိုးမှုမြောက်တာပဲ မောင်ရဲ့ . . . ၊

ဒါပေမဲ့ အဲဒီလို မောင်ငယ်ငယ်က ဟင်းခိုးစားတာကို လူတွေက အနာဂေဟာင်းဆွသလို ဆွနေပြီး မောင့်ကို သူခိုးလို့ တစ်သက်လုံး စွပ်စွဲရင် မောင် ဘယ်လိုခံစားရမလဲ . . . ၊

ကိုနေရဲဟာလည်း အဲဒီလိုပါပဲ။ သူ ကျူးလွန်ခဲ့တဲ့ တစ်ကြိမ်တစ်ခါအမှားအတွက် တစ်သက်လုံးပေးဆပ်စရာ မလိုပါဘူး။ သူ အဲဒါမျိုး ထပ်ပြီးမကျူးလွန်ဘူးဆိုရင် သူ့ကို မုဒိမ်းကောင်လို့



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး မခေါ်သင့်ဘူးထင်တယ်”

ချစ်သွေးက ဘာမျှ ဆက်မပြောတော့ဘဲ ဖုန်းကိုချကာ သက်ပြင်းကြီးသာ မှုတ်ထုတ်လိုက်မိပါတော့၏။

“ထားရယ် … မင်း ဘယ်လိုဖြစ်သွားရတာလဲ”

*

“ဘယ်လို … ရှင် လွှတ်တော့မယ် ဟုတ်လား”

“ဟုတ်တယ်၊ မင်းကတော့ ဝမ်းသာချင်မှ ဝမ်းသာမှာပေါ့။ ဗြိတိသျှနိုင်ငံက ဝေလမင်းသား မြန်မာပြည်လာလည်တဲ့ အထိမ်းအမှတ်အနေနဲ့ အကျဉ်းသား တော်တော်များများကို လွှတ်ပေးမှာတဲ့။ အဲဒီအထဲမှာ တို့လည်း ပါတယ်”

ထားထားမြင့်က နေရဲကို စိုက်ကြည့်ရင်း ခပ်တိုးတိုးပြောသည်။

“ရှင် လွှတ်မယ်ဆိုတာသိရတော့ ရှင် ဝမ်းသာမှာပေါ့နော်

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါထက် ရှင် လွတ်လာရင် ဘယ်မှာနေမှာလဲ။ ရှင့်ဦးလေး ဦးအောင် သိန်းအိမ်မှာတော့ ပြန်မနေဘူးထင်တယ်''

''မနေဘူး။ တို့ကို ဆွေမျိုးသားချင်းလို့ မသတ်မှတ်တဲ့ နေရာမှာ မနေချင်တော့ဘူး။ သူနဲ့ သူ့မိသားစုကလည်း တို့ကို လက်ခံချင်မှလက်ခံမှာပါ။ ဒီထောင်ထဲမှာပဲ ရင်းနှီးခဲ့တဲ့ မိတ်ဆွေ ကိုလှတင်ဆိုတဲ့သူတစ်ဦးရှိတယ်။ သူလည်း တို့နဲ့အတူတူ လွတ် မယ်ထင်တယ်။ သူ့အိမ်က သယံနီးကျွန်းဘက်မှာ ရှိတယ်။ သူနဲ့ သူ့အဖေနဲ့ နှစ်ယောက်တည်းပဲ နေတာတဲ့။ သူ့အိမ်မှာ လိုက်နေဖို့ တို့ကိုခေါ်နေတယ်။ ဒါပေမဲ့''

''ဒါပေမဲ့ . . . ဘာဖြစ်လဲ''

''တို့ မင်းနဲ့ဝေးရာကို သွားမလားလို့ စိတ်ကူးတယ်''

''ဘာဖြစ်လို့လဲ''

''ဩော် . . . တို့ ရန်ကုန်မှာရှိနေရင် မင်းများ စိတ်အနှောင့် အယှက် ဖြစ်နေမလားလို့ပါ''

ထားထားမြင့်က ပြုံးလိုက်လေသည်။

''အခု ဒီနေရာဟာလည်း ရန်ကုန်မဟုတ်ဘူးလား''





''ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းနဲ့တို့က သံဆန်ကာနှစ်ထပ် ခြားနေတယ်လေ။ တို့ ဒီအုတ်နံရံလေးဖက်ကနေ လွတ်လာရင် အမှားတွေ ထပ်လုပ်မလားလို့ မှင်းစိုးရိမ်နေမှာကို တို့ မလိုလား ဘူး''

''ရှင်ကရော အမှားတွေ ထပ်လုပ်ဦးမှာလား''

နေရဲက သက်ပြင်းချပြီး ခေါင်းယမ်းသည်။

''တို့ အမှားတွေ မလုပ်တော့ပါဘူး။ မင်းကိုလည်း ထိခိုက် နာကျင်စေမယ့်အပြုအမူမျိုး လုံးဝမလုပ်တော့ပါဘူး။ တစ်ခုပဲ လုပ်ချင်တယ်''

''ဘာလဲ''

''စက်ပစ္စည်းကိရိယာတွေ ပြင်ချင်တယ်''

ထားထားမြင့်က ခေါင်းညိတ်ပြီး ပြုံးပြသည်။

''ရှင် ပြင်ရမှာပေါ့။ အဲဒါဟာ ရှင် အလုပ်သင့်ဆုံး အလုပ် ပဲလေ''

နေရဲက ဝိစကီခွက်ကို တမျှင်းမျှင်းမော့ရင်း ထားထား မြင့်နှင့် သူ ပြောခဲ့သောစကားတို့ကို ပြန်လည်ကြားယောင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ မျှော်လင့်ထားသည့်အတိုင်း ဖြတ်သွားဘုရင်ခံ၏ လွှတ်ငြိမ်းချမ်းသာခွင့်နှင့် သူ လွှတ်လာခဲ့သည်ပဲ။

နရသိန်အကျဉ်းထောင်ကတော့ လွတ်ခဲ့ပါရဲ့။ သို့သော် ရှေ့အနာဂတ်တွင် သမုဒယအကျဉ်းထောင်က သူ့ကို ဆီးကြိုနေသည်ဟု တွေးဆမိကာ ကျေနပ်စွာ ပြုံးလိုက်မိပါ၏။

***

## အခန်း (၃)

တားမရသူ

မရဏလျှော်ကြေး

လှည့်ကွက်ကြမ္မာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)



## တားမရသူ

"ဒေါက်တာ ၉–နာရီခွဲမှာ ခွဲမွေးရမယ့်လူနာအတွက် ဒေါက်တာအောင်သန်းဦးက ဒေါက်တာ့ကို ခွဲခန်းထဲ လွှတ်ပေးပါတဲ့"

ဂျူတီမှတ်တမ်းကူးနေစဉ် ရုံးခန်းထဲဝင်လာသည့်စစ္စတာကြီးက လှမ်းပြောလိုက်သဖြင့် ထားထားမြင့် ရင် ဒိန်းခနဲခုန်သွားရသည်။

ခွဲစိပ်ပါရဂူကြီးဒေါက်တာအောင်သန်းဦးသည် သူမအား ချစ်ခင်ပြီး သူမကို ခွဲစိတ်ပါရဂူသင်တန်းတက်ရန် လွန်စွာအားပေးသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

ထို့ကြောင့်လည်း သူ ခွဲစိတ်သည့်အခါတိုင်း သူမကို လက်ထောက်အကူဆရာဝန်အဖြစ် ခေါ်လေ့ရှိပြီး သူခွဲစိတ်သည်ကို အနီးကပ်ကြည့်နိုင်းလေ့ရှိရုံမက သူမကိုပါ ဝင်ရောက်ခွဲစိတ်နိုင်းလေ့ ရှိသည်။

ဒေါက်တာအောင်သန်းဦးက လူနာကိုခွဲစိတ်ရင်း သူမကို သင်ပြပေးလေ့ရှိသလို သူမ ဝင်ရောက်ခွဲစိတ်သည့်အခါလည်း အနီးကပ် ညွှန်ပြပေးတတ်သူဖြစ်၏။

ယနေ့လည်း ခွင့်ရက်ရှည်ယူထားရာမှ အလုပ်ပြန်ဝင်လာသည့် ဒေါက်တာအောင်သန်းဦးက သူမကို ခွဲခန်းထဲခေါ်ချေပြီ။

တကယ်တော့ ထားထားမြင့်သည် ခွဲစိတ်ခန်းထဲ မဝင်ရအောင် ရှောင်နေသည်မှာ ကြာပြီဖြစ်၏။ ခွဲခန်းထဲဝင်ရလျှင်လည်း ခွဲစိတ်ပါရဂူဆရာဝန်ကြီးတို့ ခွဲစိတ်သည်ကို နံဘေးမှ ကူရုံသာကူရပြီး ကိုယ်က ခွဲစိတ်ဆရာဝန်မဟုတ်သဖြင့် ဝင်ရောက်ခွဲစိတ်ခြင်း မပြုရပေ။

သို့သော် ဒေါက်တာအောင်သန်းဦးကမူ အခြားခွဲစိတ်





ဆရာဝန်ကြီးများကဲ့သို့ မဟုတ်ဘဲ သူ၏တပည့်ရင်းကို ခွဲစိတ်ဆရာဝန်မကြီး ဖြစ်စေချင်သဖြင့် သူမကို အသေးအဖွဲ့ကိစ္စများ၌ ဝင်ရောက်ခွဲစိတ်ရင်း လေ့လာစေခဲ့၏။

ထို့ကြောင့် ယနေ့နံနက်အဖို့ ခွဲစိတ်ခန်းထဲ ဝင်ရပါက ဒေါက်တာအောင်သန်းဦး က သူမကို တစ်ခုခုနိုင်းဦးမှာ သေချာသည်။

"အင်း . . . ခက်ပါလား။ ငါ့ရဲ့လက်ဟာ ထိခိုက်မိထားတဲ့အတွက် အကြောသေသလိုဖြစ်ပြီး အရာဝတ္ထုတစ်ခုခုကို ကြာကြာကိုင်ထားရင် မတည်မငြိမ် တုန်လာတတ်တယ်။ ငါ လူနာကို ခွဲနေတုန်း အဲဒီလိုဖြစ်လာရင် အားလုံး ဒုက္ခဖြစ်ကုန်လိမ့်မယ် . . .၊

ငါ့ရဲ့လက် သုံးမရဖြစ်နေတဲ့အကြောင်းကို ဘယ်သူ့မှ အသိခံလို့မဖြစ်ဘူး။ ငါ နိုင်ငံခြားမှာ ပါရဂူသင်တန်းသွားတက်ဖို့ဆိုတာ ဒီဆေးရုံက ဆေးရုပ်အုပ်ကြီးနဲ့ ဒေါက်တာအောင်သန်းဦးတို့ ထောက်ခံမှုဖြစ်မှာ။ ငါ ငါ . . . ဘယ်လိုလုပ်ရပါ့မလဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ဒေါက်တာအောင်သန်းဦးနဲ့အတူခွဲခန်းထဲ မဝင်ရဖို့ ကြိုးစည်မှုဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးဝယ် ဆုံးဖြတ်ချက်ချလိုက်ပြီး ဆေးရုံအပေါ်ထပ် ကော်ရစ်တာအတိုင်း လျှောက်သွားလိုက်ကာ ဆရာဝန်ကြီး ဒေါက်တာအောင်သန်းဦး၏ အခန်းထဲသို့ ဝင်လိုက်သည်။

"ဂွဒ်မောနင်း ဆာ"

"ဟိုင်း . . . ဂွဒ်မောနင်း၊ ဂွဒ်မောနင်း။ ခွဲခန်းဝင်ဖို့ ဆယ့်ငါးမိနစ်လောက်ပဲ လိုတော့တယ်နော်။ အဆင်သင့်ပြင်ထား"

"အဲဒီအတွက် ဆရာ့ကို ကျွန်မ ကျွန်မ ခွင့်တောင်းချင်လို့ပါ"

"ဘယ်လိုခွင့်တောင်းမှာလဲ"

"ကျွန်မ ညတုန်းက အိပ်ရေးပျက်ပြီး ခေါင်းမူးနောက်နောက် ဖြစ်နေတယ်။ ဆရာ . . . ဒါ ဒါကြောင့် ဒီမနက်ခွဲခန်းထဲ မဝင်ပါရစေနဲ့ ဆရာ"

"သြော် သြော် . . . ဟုတ်ပြီလေ။ ဒါဆို အခြားလက်ထောက်တစ်ယောက်ကိုပဲ ခေါ်သွားပါ့မယ်"

ယခုမှ ထားထားမြင့်တစ်ယောက် သက်ပြင်းချလိုက်နိုင်ပါတော့၏။

ခု နစ် စဉ် ကြယ် စာ ပေ



"ဟူး . . . ဓတော်ပါသေးရဲ့"

"ဒါပေမဲ့ . . . နောက်အပတ်စနေနေ့မှာတော့ ခွဲခန်းဝင်ရမယ်နော်"

"ဟုတ် . . . ဟုတ်ကဲ့"

✳

www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းဂျူတီမှထွက်သည်နှင့် မဂိုလမ်းရှိ အရိုးအကြော ပါရဂူဆရာဝန်ကြီး ဒေါက်တာသောင်းထွန်း၏ကိုယ်ပိုင်ဆေးခန်းဆီသို့ ဟီးလ်မင်းကားလေးမောင်းကာ အပြေးအလွှားသွားရလေသည်။

သူမက လက်ယာဘက်လက်၊ အကြောသလိုလို အကြောသေသလိုလို အကြောညှပ်သလိုလို ဖြစ်နေခြင်းကို ဆရာဝန်ကြီးအား ပြသလေသည်။

ဆရာဝန်ကြီး သောင်းထွန်းက လက်ကောက်ဝတ်မှ





ဦးနှောက်အာရုံကြောနှင့် ဆက်သွယ်ထားသော အချို့အကြောလေးများ ပြတ်နေသဖြင့် အရာဝတ္ထုတစ်ခုခုကို ကြာကြာကိုင်ထားပါက တုန်ယင်လာခြင်းဖြစ်ကြောင်း ရှင်းပြလေသည်။

"ဒါက ပြင်းပြင်းထန်ထန် ထိခိုက်မိလို့ ဖြစ်ရတာပါ။ ဖြစ်တောင့်ဖြစ်ခဲ အရေးကြီးတဲ့အာရုံကြောသေးသေးလေးတွေ ပြတ်သွားတာပါ။ ခွဲစိပ်ပြီးအာရုံကြောလေးတွေ ပြန်ဆက်ဖို့ဆိုတာ မလွယ်ပါဘူး။ ဆက်ပြီးသည့်တိုင်အောင် အဲဒီအာရုံကြောလေးတွေက အလုပ်လုပ်ချင်မှ လုပ်လိမ့်မယ်"

"အို . . . ဒါ ဒါဆို ကျွန်မရဲ့လက်ဟာ အခုလိုပဲ ထာဝရဖြစ်နေတော့မှာလား . . . ဒေါက်တာ"

"ဟုတ်တယ်၊ အဲဒီလိုပဲ ဖြစ်နေဖို့များတယ်။ ပြန်ကောင်းဖို့ကတော့ တော်တော်မလွယ်ဘူး။ အခုပေးတဲ့ဆေးကို နှစ်ပတ်လောက် လိမ်းကြည့်ပါ။ ပေးထားတဲ့ဆေးလည်း သောက်ပါ"

အရိုးအကြောပါရဂူကြီး ဒေါက်သောင်းထွန်းထံမှ ပြန်လာတော့ သူမ စိတ်ဓာတ်အကြီးအကျယ် ကျလျက် ရှိတော့၏။

အိမ်ပြန်ရောက်သည်နှင့် မြေအောက်ခန်းထဲသို့ သူမ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာခဲ့သည်။

မြေအောက်ခန်းစတူဒီယို၏ ထောင့်တစ်နေရာတွင် ပန်းချီကားများသည် ပြီသည့်ဟာပြီ စုတ်သည့်ဟာစုတ်ဖြင့် ဖရိုဖရဲ ပြိုလဲလျက် ရှိချေ၏။

ယင်းပန်းချီကားတို့ကို အတန်ကြာအောင် ငေးငေးငူငူကြီး စိုက်ကြည့်နေလိုက်ပြီးနောက် . . .

ခွေးခြေပုလေးပေါ် ထိုင်လိုက်ကာ မျက်နှာကို လက်ဖဝါးတို့အထဲထည့်လျက် တရှိုက်ရှိုက်ငိုနေလိုက်ပါတော့သတည်း။

⁕

ထားထားမြင့်သည် ဆေးကုသမှုခံယူနေစဉ်အတွင်း ဒေါက်တာအောင်သန့်ဦး ကိုရှောင်လိုသဖြင့် ဆေးရုံမှ ခွင့်တစ်လယူလိုက်၏။

အရိုးအကြောပါရဂူကြီး ဒေါက်တာသောင်းထွန်းက လက်ကို လေ့ကျင့်ခန်းလည်း လုပ်ပေးရမည်ဟု မှာကြားပြီး လေ့ကျင့်ခန်းမည်သို့လုပ်ရမည်ကိုပါ သင်ကြားပေးရာ ထားထားမြင့်မှာ ပါရဂူကြီးညွှန်ကြားသည့်အတိုင်း လေ့ကျင့်ခန်းလုပ်လိုက်၊ ဆေးလိမ်းလိုက်၊ ဆေးသောက်လိုက်ဖြင့် သူမ၏လက် ပြန်ကောင်းလာစေဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိလေ၏။

သူမအိမ်မှာ နားနေစဉ်ကာလအတွင်း အိမ်ဖော်မလေး နော်ဖော့လူက ကရင်ပြည်နယ်ရှိ မိဘများထံ ခေတ္တပြန်လိုကြောင်း ခွင့်တောင်းလာရာ သူမက ရှောရှောရှူရှူ ခွင့်ပြုလိုက်လေသည်။

"အင်း . . . ကောင်းပါတယ်၊ အခုအချိန်မှာ ငါတစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တာနဲ့ အတော်ပဲပေါ့"

တစ်ယောက်တည်း အေးအေးလူလူနေလို့ပါသည်ဆိုမှ ဧည့်သည်က ရောက်လာသေးသည်။

ထိုဧည့်သည်က ခြံထဲတွင် သူမ နှင်းဆီပန်းအိုးများကို ရေဖြန်းလျက် ရှိစဉ် ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။

"ဟင် . . . ရှင်ပါလား"

ခြံထဲသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်ဝင်လာသူကို လှမ်းကြည့်ရင်း သူမက ရေခရားလေးကို မြေပြင်ပေါ် ချလိုက်လေသည်။

"ရှင် ရှင် တကယ်လွတ်လာပြီပေါ့နော်"

"ဟုတ်တယ် ထားထား၊ တို့ အခုလွတ်လပ်သွားပြီပေါ့နော်"





"ဟုတ်တယ် ထားထား၊ တို့ အခု လွတ်လပ်သွားပြီ . . . ဟဲ ဟဲ ဟဲ"

နေရဲက စစ်လွယ်အိတ်အဟောင်းလေးကို စလွယ်သိုင်းလွယ်ထားရင်း ဘောင်းဘီရှည်၏ ဘေးအိတ်နှစ်ဖက်ထဲ လက်များကို နှိုက်ထားလျက် ခပ်လှမ်းလှမ်းတွင် သက်သောင့်သက်သာ ရပ်နေကာ သူမကို ငေးကြည့်နေသည်။

ထားထားမြင့်က သူ့ကို ပြုံးကြည့်ရင်း ခေါင်းလေးညိတ်လိုက်၏။

"ရှင့်ကြည့်ရတာ လှောင်ချိုင့်ထဲက လွတ်လာတဲ့ ငှက်ကလေးလိုပဲ၊ စိတ်လက်ပေါ့ပါးပျော်ရွှင်နေပုံရတယ်။ အင်း . . . ရှင် လွတ်လာတဲ့အတွက် ကျွန်မလည်း ဝမ်းသာပါတယ်"

"တို့ မင်းကို အနှောင့်အယှက်ပေးသလိုများ ဖြစ်သွားသလား"

"မဖြစ်ပါဘူး"

"တို့ မနေ့ကပဲ လွတ်တယ်။ မင်းကို သိပ်တွေ့ချင်လို့ ဒီမနက်ဘဲ ထွက်လာတာ။ မင်းကို တောင်းပန်ချင်လို့ လာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



တို့ ကျူးလွန်ခဲ့တဲ့ကိစ္စအတွက် တောင်းပန်ပါတယ်၊ အနူးအညွတ် တောင်းပန်ပါတယ်''

သူမက သူ့ထံမှ မျက်နှာလွှဲကာ မြေပြင်ကို ငုံ့ကြည့်ရင်း ပြီးလျှက် ခေါင်းတဆတ်ဆတ်ညိတ်သည်။

''ရှင်တောင်းပန်တာကို ကျွန်မ လက်ခံပါတယ်။ ဒါထက် သယ်န်းကျွန်းက ရှင့်သူငယ်ချင်းအိမ်မှာပဲ နေတာလား''

''ဟုတ်တယ်၊ အဲဒီသူငယ်ချင်းက တာမွေဘက်မှာ စက်ပစ္စည်းအပေါင်းတွေ အရောင်းအဝယ်လုပ်တယ်။ တို့က သူ့ဆိုင်မှာ ကူရောင်းရင်း စက်ပစ္စည်းအပျက်တွေ လာအပ်သူရှိရင် ပြင်မယ်လေ။ သူငယ်ချင်းက ဆိုင်ဖွင့်ဖို့ စီစဉ်တုန်းပါ''

''အင်း . . . အလုပ်လုပ်တာ ကောင်းပါတယ်။ ကျွန်မလည်း ရှင်နဲ့သင့်တော်တဲ့အလုပ်တစ်ခုခု စဉ်းစားနေတယ်''

''ကျေးဇူးတင်ပါတယ်''

''ကျေးဇူးတင်ဖို့ မလိုပါဘူး''

''ဒါထက် . . . ဒီမှာ မင်းတစ်ယောက်တည်းပဲလား''

''ဟုတ်တယ် . . . အိမ်ဖော်ကောင်မလေးက ရွာခဏ





ပြန်သွားလို့''

''ဪ . . . ဒါထက် မင်းမှာ ပြုပြင်စရာတွေ ဘာတွေရှိရင် ပြောပါနော်။ တို့အပေါ် ကျေးဇူးရှိတဲ့ မင်းအတွက် ဘာပဲဖြစ်ဖြစ် တို့ ပြန်လုပ်ပေးပါရစေ''

''အင်း . . . ရှင် လက်သမားအလုပ်လုပ်တတ်သလား''

''အင်း . . . ပရိဘောဂတွေ ဘာတွေတော့ လုပ်တတ်တယ်။ ဟို အထဲမှာတုန်းက တို့က လက်သမားဘုတ်ကိုင်ရတာများတယ်လေ။ ထောင်ကျတွေထဲမှာ လက်သမားဆရာကြီးတွေ ပါတယ်။ တို့က သူများလုပ်တာကိုင်တာ ကြည့်ရှုနဲ့တတ်တယ်''

ထားထားမြင့်က သူ့ကို ပြုံးကြည့်ရင်း ပခုံးလေးနှစ်ဖက် တွန့်ပြလိုက်၏။

''ရှင်က လူတော်ပဲ''

''မင်းက ဘာလုပ်ပေးစေချင်လို့လဲ''

သူမက အိမ်ဘေးမြက်ခင်းပြင်မှ စွယ်တော်ပင်အုပ်ဆီ လက်ညှိုးညွှန်ပြလိုက်၏။

''အဲဒီနေရာမှာ သစ်သားအိမ်နန်းလေး လုပ်ချင်တယ်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



မှိုပါတဲ့ဟာပေါ့''

''တို့သိပြီ၊ ခြံထဲမှာ အပန်းဖြေထိုင်ဖို့ပေါ့။ ရတယ်လေ တို့ လုပ်ပေးပါ့မယ်''

''အဲဒါဆို . . . ကျွန်မ သစ်သားတွေဝယ်လိုက်မယ်။ အိမ်မှာ လက်သမားပစ္စည်းတွေ ရှိတယ်။ ရှင် ဘယ်တော့လာမလဲ''

''မနက်ဖြန် မနက်ပိုင်းပဲ လာခဲ့မယ်၊ ဖြစ်မလား''

''ကောင်းသားပဲ . . . ကျွန်မလည်း အလုပ်ကနေ ခွင့်ယူ ထားတယ်။ ရှင် လာခဲ့လေ''

''အိုကေ . . . ဒါဆို အခု တို့ပြန်တော့မယ်''

သူမက ပြုံးလျက် ခေါင်းလေးညိတ်ပြသည်။

နေရဲက သူမကို ပြုံးကြည့်လျက်မှ လက်တစ်ဖက်မြှောက် ပြပြီးနောက် ခြံဝဆီ လှမ်းလျှောက်သွားေ၏။

လေးငါးလှမ်းလှမ်းပြီးမှ နေရဲက လှမ်းလက်စခြေလှမ်းကို ရပ်ကာ သူမကို လှည့်ကြည့်သည်။

''တို့ တောင်းပန်ပြီးပြီ။ မင်းက ခွင့်လွှတ်တယ်လို့ မပြော ရသေးဘူးနော်''

ရ နှစ် ဝဦ်ကြယ် တ ပေ



သူမက ပြုံးရင်း ပြန်ပြောသည်။

''တစ်ချိန်ချိန်ပေါ့''

နေရဲက ပြုံးလျက် ပခုံးတွန့်ပြပြီးနောက် ခြံထဲမှ လှမ်း ထွက်သွားရာ သူ့ကျောပြင်ကို ငေးကြည့်ကျန်ရစ်ရင်း ထားထား မြင့်က ပြုံးလိုက်သည်။

*

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုချစ်သွေးက သူ၏အော်စတင်ကားနက်လေးကို ထားထားမြင့်၏ခြံဝင်းထဲ ချိုးကွေ့မောင်းဝင်လိုက်ပြီး ကားပေါ်မှ ဆင်းလိုက်သည်နှင့် ခြံဘေးမြက်ခင်းပြင်မှမြင်ကွင်းကို တွေ့လိုက်ရသည်တွင် မျက်မှောင်ကို အတွန့်ချိုးလိုက်မိလေ၏။

ယင်းမြက်ခင်းပြင်အစပ် စွယ်တော်ပင်အုပ်အနီးတွင် လူရွယ်တစ်ဦးက သစ်ချောင်းများကို လွှတစ်စင်းဖြင့် ဖြတ်တောက်လျက် ရှိလေသည်။

ထိုလူရွယ်မှာ ဖျင်ကြမ်းဘောင်းဘီရှည်အနက်ရောင်ကို





စွပ်ကျယ်ချိုင်းပြတ်အဖြူရောင်နှင့် တွဲဖက်ဝတ်ဆင်ထားကာ ချစ်သွေးဘက်ကို ကျောခိုင်းလျက် အလုပ်လုပ်နေခြင်း ဖြစ်၏။

နံနက်ခင်း နေရောင်ခြည်အောက်တွင် ကြံ့ခိုင်လှသည့် ညိုမောင်းသော ထိုလူရွယ်၏လက်မောင်းကြွက်သားများက လှိုင်းထလျက် ရှိသည်။

"ဘယ်ကလူပါလိမ့်"

ချစ်သွေးက ဇဝေဇဝါအတွေးဖြင့် ပေသုံးဆယ်ခန့်အကွာရှိ ထိုလူရွယ်၏နောက်ကျောကို စိုက်ကြည့်လျက်ရှိစဉ် ထိုလူရွယ်က ပျဉ်တစ်ချပ်ဖြတ်ပြီးသဖြင့် နံဘေးမှ နောက်ပျဉ်တစ်ချောင်းကို လက်လှမ်းယူလိုက်ရာ သူ၏မျက်နှာက ဘေးစောင်းအနေအထား ဖြစ်သွားသည်။

"ဟာ ... နေ နေရဲပါလား"

ချစ်သွေးမှာ ခေါင်းမွေးများ ထောင်ထသွားမတတ် အံ့ဩခြင်းကြီးစွာ ဖြစ်သွားရ၏။

"နေ နေရဲက ဒီခြံထဲမှာ အလုပ်လာလုပ်နေတာပါလား"

သူ မယုံနိုင်အောင် ခံစားနေရစဉ် တိုက်ပုလေး၏အိမ်ရှေ့

www.burmeseclassic.com



တံခါးပွင့်သွားပြီး တံခါးဝမှ လင်ပန်းလေးကိုင်လျက် ထားထားမြင့် လှမ်းထွက်လာသည်ကို တွေ့ရလေသည်။

သူမက သူ့ကိုမြင်တော့ မျက်ခုံးလေးများ ပင့်သွားရှာသည်။ ပြီးမှ အားပါးတရ ပြုံးလိုက်၏။

"ဟော ... လာလေ၊ ဘာရပ်လုပ်နေတာလဲ"

ထားထားမြင့်က ဘာမှမဖြစ်သလို အမူအရာဖြင့် သူ့ကို လှမ်းခေါ်သည်။

"အိမ်ထဲဝင်နှင့်လေ ... ထား အအေးသွားဖို့ပြီး လာခဲ့မယ်"

သူမက ဒါပဲပြောပြီး အအေးဖန်ခွက်တင်ထားသည့် လင်ပန်းလေးကို နေရဲထံ ယူဆောင်သွား၏။

ချစ်သွေးက ထားထားမြင့်၏နောက်ကျောကို မကြေမချမ်း လိုက်ကြည့်နေမိသည်။

ထားထားမြင့်က အအေးဗန်းကို နေရဲအနီးရှိ ခွေးခြေလေး ပေါ် တင်လိုက်ပြီး ပြုံးလျက် ပြောသည်။

"ကဲ ... အအေးသောက်လိုက်ဦး။ နားနားနေနေလုပ်ထေ





ဟိုမှာ ညှော်သည်လာလို့ စကားသွားပြောလိုက်ဦးမယ်"

နေရဲက ချစ်သွေးရှိရာဆီ လှည့်မကြည့်ဘဲ လွှတိုက်ခြင်း ကို ခဏရပ်ပြီး တိုးတိုးပြောသည်။

"ညှော်သည်မဟုတ်ပါဘူး ... မင်းရဲ့ချစ်သူပါ။ သူ့ရဲ့ကား ခြံဝရောက်ကတည်းက တို့မြင်ပြီးသား"

ထားထားမြင့်က ပြုံးလျက် ခေါင်းညိတ်လိုက်သည်။

"အင်း ... ထားပါတော့၊ အအေးသောက်လိုက်ဦး"

သူမက ပြောပြီးပြီးချင်း လက်ဖဝါးလေးနှစ်ဖက်ကို ပွတ် ရင်း လက်ဖဝါးလေးနှစ်ဖက်ကို ပွတ်ရင်း တိုက်ပုလေး၏ရှေ့ဆီ လျှောက်လှမ်းလာလိုက်၏။ သူမ၏သွင်ပြင်က ခပ်မြူးမြူးကြွကြွပဲ ဖြစ်သည်။

"ကဲ လာလေ ... အိမ်ထဲသွားကြမယ်"

ထားထားမြင့်က သူ့ရှေ့မှဖြတ်ကာ အိမ်ထဲဝင်သွားရာ ချစ်သွေးပါ လိုက်ဝင်ခဲ့ရတော့၏။

"ဘယ်လိုလဲ မျက်နှာကြီးကလည်း စူပုပ်လို့ပါလား။ ဘာဖြစ်လာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲရှိ ဆိုဖာဆက်တီခုံများတွင် ထိုင်မိကြသည်နှင့် ထားထားမြင့်က မေးလိုက်သည်။

"တစ်လမ်းလုံး ဘာမှမဖြစ်ဘူး။ ဒီကျမှ ဖြစ်တာ"

"အို . . . ဟုတ်လား၊ ဘာဖြစ်လို့များလဲ"

ထားထားမြင့်၏အမူအရာက အကယ်ပင် ဘာမျှမရိပ်မိသည့် အမူအရာမျိုးမို့ ချစ်သွေးမှာ ပို၍ကျွဲမြီးတိုသွားရ၏။

"ဒီမှာထား . . . ထားကိုယ်ထား ဘာတွေလုပ်မိနေတယ်ဆိုတာရော သတိပြုမိရဲ့လားဟင်"

သူ့လေသံက အတော်မာသွားသဖြင့် ထားထားမြင့်၏မျက်နှာပေါ်မှ အပြုံးတို့ လွင့်ပျောက်သွားရသည်။

"မောင် ဘာကိုဆိုလိုတာလဲ"

ချစ်သွေး ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

"မောင် အဲဒါတွေမကြိုက်တာ သိလား။ ထားဟာ အရင်...ာ စကားပြောရင် ရှင်းတယ်၊ ပြတ်တယ်။ ဝေ့လည်ကြောင်ပတ်...ယ်တော့မပြောတတ်ဘူး"

"မိန်းမတော်တော်များများမှာ ရှိတတ်တဲ့မာယာမျိုး





ထားမှာမရှိဘူး။ အခု ထားမှာ အဲဒါတွေ ရှိနေပြီ။ သိရဲ့သားနဲ့လည်း မသိသလို ပြန်မေးတယ်"

"မောင် စိတ်အေးအေးထားပြီးပြောပါ။ ထားတို့ အေးအေးဆေးဆေး ဆွေးနွေးလို့ ရပါတယ်"

အေးစက်စက်လေသံဖြင့် ပြောလိုက်သည့် ထားထားမြင့်ကို ချစ်သွေးက ခါးထောက်ရပ်လျက် မျက်မှောင်ကြီးကြုတ်ကာ ကြည့်သည်။

"ထားကတော့ အေးအေးဆေးဆေးပေါ့။ မောင်ကတော့ လုံးဝ မအေးဆေးနိုင်ဘူး။ မောင့်ရင်ထဲမှာ မီးတောက်နေတယ် သိလား . . .!

ဒီခြံထဲမှာ ဟိုမိစ္ဆာကောင်ကို မြင်လိုက်ရကတည်းက မောင့်ရင်ထဲမှာ မီးဟုန်းဟုန်းတောက်သွားတယ် သိလား"

သူက ဒေါသတကြီးပေါက်ကွဲနေသလောက် ထားထားမြင့်က အေးဆေးစွာပဲ သူ့ကိုမော့ကြည့်လျက်ရှိသည်။

"ညှော် . . . ကိုနေရဲကို တွေ့ရလို့လား"

"ဟုတ်တယ် . . . ဟုတ်တယ်။ အဲဒီကောင်ဟာ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဆိုတာ သိလျက်နဲ့ ထားသူ့ကို ဒီခြံထဲ ဘာဖြစ်လို့ အဝင်ခံတာလဲ''

''ဒါက ဒီလိုပါမောင်။ သူထောင်က ထွက်လာလာချင်း အလုပ်အကိုင်မရှိသေးလို့၊ ပြီးတော့ ထားကလည်း အိမ်မှာ လုပ်စရာလေးတွေရှိတာနဲ့ သူ့ကိုခိုင်းခဲ့ရတာပါမောင်။ အဲဒါလည်း မနက်ပိုင်းလေးပါပဲ။ တော်ကြာဆို သူ ပြန်တော့မှာပါ။ ဒီနေ့ သူ့သူငယ်ချင်းရဲ့ဆိုင် စဖွင့်တယ်တဲ့။ သူက နေ့ဝက်လောက်ကူပြီး ဆိုင်ထိုင်ပေးရမယ်တဲ့။ တစ်မနက်ကို နှစ်နာရီ၊ သုံးနာရီလောက်ပဲ။ ဒီမှာ အလုပ်လာလုပ်မှာပါ မောင်ရဲ့''

''အဲဒီလိုကောင်မျိုးကိုလေ နှစ်နာရီ သုံးနာရီမပြောနဲ့ နှစ်မိနစ်, သုံးမိနစ်တောင် စိတ်မချဘူး သိလား။ အဲဒီမိစ္ဆာကောင်ဟာ ထားကို အချိန်မရွေး ဒုက္ခအကြီးအကျယ် ထပ်ပေးမှာသိလား။ ထားဟာ ပညာတတ်ဖြစ်ပြီး စဉ်းစားသင့်တယ်''

ထားထားမြင့်က ထရပ်လိုက်ပြီး လက်လေးပိုက်ကာ သူ့ကို စူးစူးလေးကြည့်သည်။

''ထားဟာ ဘယ်အရာကိုမဆို မဆင်ခြင် မစဉ်းစားဘဲ





လုပ်တတ်သူတွေ့ မောင် ယူဆသလား။ အဲဒီလို ယူဆချင်ရင်လည်း ယူဆပေါ့။ ဒါပေမဲ့ အဲဒါဟာ အမှန်တရား ဟုတ်ချင်မှဟုတ်မယ်။ သံသယလည်း ဖြစ်နိုင်တယ်။ နေရာတကာမှာ သံသယလွှမ်းမိုးလွှမ်းရင် မကောင်းပါဘူး မောင် . . .၊

သံသယလွှမ်းမိုးလွှမ်းရင် အကောင်းမြင်တတ်တဲ့စိတ် ပျောက်သွားတတ်ပါတယ်။ အကောင်းမြင်စိတ်လေးလည်း ထားပါဦး''

''ဘာကို အကောင်းမြင်စိတ်ထားရမှာလဲ ထား''

''ကိုနေရဲနဲ့ ပတ်သက်လို့ပေါ့။ သူ မမှားခဲ့ဘူးလို့ မဆိုလိုပါဘူး။ သူ မှားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလိုမှားခဲ့ရတာဟာလည်း ပတ်ဝန်းကျင်ရဲ့စေ့ဆော်မှုကြောင့် ဖြစ်ချင်ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်တုန်းက ဒီအိမ်ထဲမှာ သူနဲ့ထား နှစ်ယောက်တည်း ရှိနေခဲ့တယ်လေ။ ပြီးတော့ သူ စရောက်လာတဲ့အချိန်မှာ ထားရဲ့ မလုံ့တလုံ ဝတ်စားဆင်ယင်မှုပုံစံကြောင့် သူ စိတ်လှုပ်ရှားပြီး စိတ်ရိုင်းဝင်ခဲ့တာပဲ မောင်။ အခုလို ထားဟာ ဘောင်းဘီရှည်နဲ့ ဗိုက်ရှုပ်လက်စကမျိုး ဝတ်ထားရင်တောင် သူ စိတ်ရိုင်းဝင်ချင်မှဝင်မှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ ထားရယ်။ ကိုယ့်အပေါ် လူမဆန်အောင် ယုတ်မာခဲ့သူဘက်က ထား ဘာဖြစ်လို့ ဒီလောက်တောင် ရပ်တည်နေရတာလဲ။ မောင်လည်း ထားနဲ့ မကြာခဏ ဒီအိမ်ထဲမှာ တွေ့နေခဲ့ရတာပါပဲ။ ထား ဘယ်လိုပဲဝတ်စားထားထား မောင် လက်ဖျားနဲ့တောင် တို့ဖူးရဲ့လား။ ချစ်သူရည်းစားဆိုပြီး အခွင့်အရေး ယူဖူးလို့လား။ ထား ကန့်သတ်ထားခဲ့တဲ့ စည်းဘောင်ထဲကပဲ နေခဲ့တာပါ"

"ဪ မောင်နဲ့တော့ မယှဉ်နဲ့လေ။ မောင်က ပညာတတ်တစ်ယောက်ပဲ။ မိဘတွေရဲ့သွန်သင်ဆုံးမမှုအောက်မှာ နေခဲ့ရတယ်။ သူက ပညာလည်း ဘာမှမတတ်ဘူး။ အရွယ်ရောက်စအချိန်မှာပဲ မိဘမဲ့ပြီး ခွေးတိုးဝက်ဝင် နေခဲ့ရတယ်။ ဒီတော့လည်း စိတ်ဆင်ရိုင်းကို ထိန်းချုပ်နိုင်မှုစွမ်းအား နည်းမှာပဲပေါ့"

"အဲဒါကြောင့် မောင်ပြောတာပေါ့။ ဒီကောင်ကို လုံးဝလက်ခံမထားသင့်ဘူးလို့။ အဲဒီကောင်ကို ထောင်ဝင်စာသွားတွေ့တာ။ ခုလို ထားရဲ့အနား ပြန်လည်ချဉ်းကပ်ခွင့်ပေးတာတွေဟာ အဆိပ်ပင် ရေလောင်းနေတာပဲ။ မြွေပွေး ခါးပိုက်ပိုက်နေတာပဲ။ မောင်က အဲဒါပြောချင်တာ။ အဲဒီကောင်ကို မောင်းထုတ်လိုက်ပါ။





အိမ်ကို မလာစေနဲ့တော့"

"ထားကတော့ သူ့ကိုမောင်းမထုတ်နိုင်ဘူး မောင်။ သူဟာ မှားရာကနေ မှန်ဖို့ပြင်နေခဲ့ပြီ။ သူ့ရဲ့ဘဝလမ်းကြောင်း တည့်မတ်စေဖို့ ထားက သူ့ကိုလမ်းကြောင်းမှန်အပေါ် ဆွဲခေါ်နေတာ ခရီးအတော်ရောက်နေပြီ မောင်ရဲ့"

"ကျွတ်"

ချစ်သွေး စိတ်ပျက်စွာ စုပ်သတ်ပြီး ခေါင်းယမ်းလိုက်သည်။

"ထားဟာ ပညာတတ်တစ်ယောက်ဖြစ်ပြီး အတော် ခေါင်းမာတာပါလား။ ဒီမှာ ထား . . . အဲဒီကောင်ဟာ တကယ်ပဲ နောင်တရပြီး တကယ်ပဲ နောက်ထပ်ပြစ်မှုတွေ မကျူးလွန်ဘူးလို့ ထား ယုံကြည်သလား"

"ယုံကြည်တယ် မောင်၊ သူ နောက်ထပ် အဲဒီလိုပြစ်မှုတွေ မကျူးလွန်တော့ပါဘူးလို့ ထားကို ကတိပေးတယ်"

"တော်စမ်းပါ ထားရယ်။ အဲဒီလို အရိုင်းစိတ်ဝင်နေတဲ့ မိစ္ဆာကောင်ရဲ့စကားကိုများ ထားက ယုံသလား။ အဲဒီကောင်ဟာ ယုံကြည်စိတ်ချသင့်သူလား စိတ်မချသင့်သူလားဆိုတာ ထား



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းကြီး သိမြင်ရအောင် မောင် ဆောင်ရွက်ပြမယ်"

"ဘယ်လိုဆောင်ရွက်မှာလဲ မောင်"

"အဲဒီကောင်ရဲ့လက်ဗွေရာတွေ မောင်တို့ အင်းစိန်စီအိုင်ဒီရဲ့လူဆိုးမှတ်တမ်းမှာ ရှိတယ်။ သူ့ရဲ့လက်ဗွေရာတွေကို အဲဒီမှတ်တမ်းကနေ ကူးယူပြီး စီအိုင်ဒီကနေ အငြိမ်းစားယူထားတဲ့ လက်ဗွေပါရဂူကြီး ရဲမှူးကြီးခင်မောင်ဇော်ကို စစ်ဆေးခိုင်းကြည့်မယ်...။

အဲဒီလက်ဗွေပါရဂူ ရဲမှူးကြီး ခင်မောင်ဇော်ဟာ ဆယ့်ငါးနှစ်လုံးလုံး ရာဇဝတ်သားတွေရဲ့လက်ဗွေရာတွေကို စစ်ဆေးပြီး သုတေသနလုပ်ခဲ့သူ ထားရဲ့...။

သူ့ရဲ့သုတေသနပြုချက်က အတော်အောင်မြင်နေပြီလေ။ သူက လက်ဗွေရာကြည့်လိုက်တာနဲ့ အဲဒီလူဟာ ဘယ်လိုလူစားလဲ။ လူကောင်းလား လူဆိုးလား။ လူဆိုးဆိုရင်လည်း ဘယ်လောက်ဆိုးမယ့်လူလဲ။ လူသတ်ကောင်လား၊ ရာဇဝတ်မှုမှာ ပျော်မွေ့နေသူများလား စသည်ဖြင့် ခွဲခြားသတ်မှတ်နိုင်တယ်...။

နေရဲရဲ့လက်ဗွေရာတွေကို သေချာစိစစ်လေ့လာပြီးမှ





ရလဒ်အဖြေထုတ်ပေးမှာပါ။ အဲဒီအခါ အဲဒီကောင်ဟာ ဘာကောင်လဲလို့ ထား ပီပီပြင်ပြင် သိရစေမယ်"

"ကောင်းပြီလေ၊ မောင် သူ့ရဲ့လက်ဗွေရွှေတွေကို စိစစ်ချင်စိစစ်လိုက်ပါ။ လက်ဗွေပါရဂူကြီးရဲ့မှတ်ချက်ဆိုရင်တော့ ထား လက်ခံနိုင်လိမ့်မယ် ထင်တယ်"

"ဟုတ်ပြီ ... မောင် အမြန်ဆုံး အဲဒီကိစ္စကို ဆောင်ရွက်မယ်။ ဒီကြားထဲတော့ ထား သတိနဲ့နေပါ"

"ထားအတွက် စိတ်ချပါ။ အရင်တစ်ခါလို မဖြစ်ရအောင် ထားကိုယ်ထား ကာကွယ်ဖို့ အသင့်ပြင်ထားပါတယ်။ ဒီမှာကြည့်"

ထားထားမြင့်က ပြောပြောဆိုဆိုဖြင့် သူမ၏လက်ယာဘက် ဘောင်းဘီအောက်အနားစကို အသာလိပ်တင်ပြလိုက်ရာ သူမ၏ခြေသလုံးတွင် သားရေဓားအိမ်နှင့် ဓားမြှောင်ကို သားရေကြိုးဖြင့် ပတ်ချည်ထားကြောင်း တွေ့ကြရလေသည်။

"အင်း ... ထားက သတ္တိရှိတဲ့အပြင် အခုလို အကာအကွယ် ပြုလုပ်ထားတာတွေရတော့ မောင်နည်းနည်း စိတ်အေးသွားရပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခဏအကြာမှာပင် အလုပ်တာဝန်ရှိသေးသဖြင့် ချစ်သွေးက နှုတ်ဆက်ပြီး ပြန်သွားသည်။

သူ ခြံဝင်းထဲမှ ကားမောင်းထွက်နေစဉ်မှာပင် နေရဲက ရွှေဘော်ကိုကိုင်ထားရင်း သူ့ကို သရော်ပြုံးပြုံးလျက် ကြည့်နေသည်ကို တွေ့လိုက်ရသဖြင့် ချစ်သွေး ဒေါသထောင်းခနဲဖြစ်သွားရ၏။

နေရဲကတော့ သူ့ကို မထေမဲ့မြင်ပြုံးလျက် လိုက်ကြည့်မြဲ ကြည့်နေလေသည်။

✳

"ဘာ ဘယ်လို သ သမီးက အဲဒီငရဲကောင်ကို အိမ်မှာ ခေါ်နိုင်းထားတယ် ဟုတ်လား"

"ဟုတ်တယ် အန်ကယ်။ အဲဒီကောင် ထောင်ကျနေတုန်း ကလည်း ထားက ထောင်ဝင်စာ အကြိမ်ကြိမ်သွားတွေ့ပြီး ကူညီ ထောက်ပံ့မှုတွေ ပေးခဲ့တယ်"

"တောက် ... အဲဒါတွေ ကျုပ် မသိခဲ့ဘူး"

"ဟုတ်ကဲ့၊ ထောင်ဝင်စာတွေ့တာလောက်ကတော့ ကိစ္စ သိပ်မရှိလို့ ကျွန်တော် အန်ကယ့်ကို မပြောတာပါ။ ခုဟာက

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထောင်တ လွတ်ပြီးတာနဲ့ အဲဒီကောင် ထားရဲ့အနားပြန်ရောက်နေတာကို ဘဝင်မကျလွန်း၊ စိတ်မချလွန်းလို့ အန်ကယ့်ကို အကြောင်းကြားရတာပါ။ ကျွန်တော်ကလည်း အလုပ်တာဝန်တစ်ဖက်နဲ့မို့ ထားကို အချိန်ပြည့်မစောင့်ရှောက်နိုင်ဘူး အန်ကယ်။ မနက်ဖြန်ဆို တရားခံတစ်ယောက်ဖမ်းဖို့ မန္တလေးကို သွားရမယ်။ သုံးလေးရက် ကြာချင်ကြာလိမ့်မယ်။ ကျွန်တော်မရှိတုန်း အန်ကယ် စောင့်ရှောက်နိုင်အောင် ခုလို ဖွင့်ပြောရတာပါ”

“အေးကွာ ... ပြောရမှာပေါ့။ ဒါမှ အန်ကယ်လည်း သမီးကို စောင့်ရှောက်ကာကွယ်နိုင်မယ်လေ”

“ဟုတ်ကဲ့”

ချစ်သွေးနှင့်ဖုန်းပြောပြီးပြီးချင်းမှာပင် ဦးခင်ဇော်က ဘောက်ဆောလ်ကားကြီးကို ကိုယ်တိုင်မောင်းကာ သမီးရှိရာ ဘောက်ထော်ဘက် ထွက်ခဲ့တော့၏။

ခြံထဲ ကားကို တရကြမ်းမောင်းကာ ချိုးဝင်ခဲ့ပြီး တိုက်ပုလေးရှေ့ရှိ ပေါ်တီကိုအောက်၌ ထိုးရပ်လိုက်၏။

ဦးခင်ဇော် ကားထဲမှ ဆင်းလာပြီးလျှင် ကားတံခါးကို





ဆောင့်ပိတ်လိုက်ကာ ကျောက်သားလှေကားထစ်များအတိုင်း လှမ်းတက်လာစဉ်မှာပင် ...

အိမ်ရှေ့တံခါးပွင့်သွားပြီး တံခါးဝ၌ သမီးဖြစ်သူ ထားထားမြင့် ရပ်လာသည်ကိုတွေ့ရ၏။

“ဖေဖေ ... လာလေ”

“မလာဘူး။ ငါ အိမ်ထဲမဝင်တော့ဘူး”

“ဟင် ... ဘာဖြစ်လို့လဲ ဖေဖေရဲ့”

“သမီး ... သမီးကို ပြတ်ပြတ်သားသားပြောချင်လို့ အခုလာခဲ့တာပဲ။ သမီးက ဟိုမိစ္ဆာကောင်နေ့ရဲ့ကို အိမ်မှာ အလုပ်တွေလာလုပ်ခိုင်းနေတယ်ဆို”

“ဟုတ်ပါတယ် ဖေဖေ၊ ခြံထဲမှာ ဒန်းလေးတစ်စင်း လုပ်ခိုင်းခဲ့တာပါ”

“ဘာပဲဖြစ်ဖြစ် အဲဒီမိစ္ဆာကောင်ကို သမီး လုံးဝလက်မခံနဲ့တော့”

“ဘာဖြစ်လို့လဲ ဖေဖေ”

“ဟာ ... ဘာဖြစ်ရမှာလဲ။ အဲဒီကောင်ဟာ လူ့တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



ကောင်။ အဲဒီလိုကောင်မျိုးကို သမီး လက်ခံထားစရာအကြောင်း လုံးဝမရှိဘူး''

''မဟုတ်သေးဘူး ဖေဖေ။ ကိုနေရဲဟာ လူကောင်း သူ ကောင်းဖြစ်ဖို့ ကြိုးစားနေတဲ့သူပါ''

''သူ့ဘာသာ ကြိုးစားချင်ရင် ဒီပြင်မှာ သွားကြိုးစားပါ စေ။ သမီးရဲ့အနီးအနားမှာ အဲဒီကောင် ရှိနေတာကို ဖေဖေ လုံးဝ လက်မခံဘူး''

''ခက်ပါလား ဖေဖေရယ်။ ကိုနေရဲကို အားလုံးက မကောင်း အမြင်နဲ့ပဲ မြင်နေကြတယ်''

''မကောင်းတဲ့ကောင်ကို မကောင်းမြင်တာ ဘာဆန်းလဲ။ ဘာပဲဖြစ်ဖြစ် အဲဒီကောင်ကို ဒီအိမ်မလာစေနဲ့ ဒါပဲ''

''အဲဒါတော့မဖြစ်နိုင်ဘူး ဖေဖေ။ သူ့ကို သမီးခိုင်းစရာ တွေရှိသေးတယ်''

''ဩော် . . . ဒါဆို အဲဒီကောင်ကို သမီးက ဆက်ပြီးလက် ခံထားမယ်ပေါ့ ဟုတ်လား''

''ဟုတ် . . . ဟုတ်ကဲ့''





''သမီး . . . နင် ဦးနောက်မဲ့လုချေလားဟင်။ အဲဒီမိစ္ဆာ ကောင်ဟာ ဒီအိမ်ထဲမှာပဲ နင့်ကို မတရားကျင့်ခဲ့တာကို မေ့သွား ပြီလား''

''မမေ့ပါဘူး ဖေဖေ။ သမီး လုံးဝမမေ့ပါဘူး။ ဒါပေမဲ့ သူ့ကို သမီးခိုင်းစရာတွေ ရှိသေးတယ်။ ယောကျ်ားသားမရှိတဲ့ အိမ်မှာ လိုအပ်တာတွေ တော်တော်များများ ရှိနေတယ်လေ''

''တော်ပြီ သမီး။ နင်ဟာ ငယ်ငယ်တုန်းကလိုပဲ တားမရ ဆီးမရနဲ့ လုပ်ချင်တာလုပ်ပြီး ခေါင်းမာလွန်းတယ်။ နင့်ကို ငါ့ သမီးအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီသိလား''

ဦးခင်ဇော်က ဒေါသတကြီးဖြင့် ပြောလိုက်ပြီးနောက် သူ၏ဘောက်စ်ဟော်ကားကြီးကို မောင်းထွက်သွားခဲ့တော့၏။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

# မရဏာလျှော်ကြေး

ဒေါက်တာထားထားမြင့်က လက်ဗွေပါရဂူ ရဲမှူးကြီး ဦးခင်မောင်ဇော်၏မှတ်ချက်စာသားတို့ကို စူးစူးစိုက်စိုက် ဖတ်ကြည့်လျက်ရှိသည်။

သူမ ဖတ်ပြီးသည်အထိ အိုင်အိုချစ်သွေးက စိတ်အားထက်သန်စွာ စောင့်ကြည့်လို့နေ၏။

လက်ဗွေရာတို့ကိုကြည့်လိုက် မှတ်ချက်စာရွက်ကို ကြည့်လိုက်ဖြင့် အတန်ကြာ ငြိမ်နေပြီးနောက် ထားထားမြင့်က ထိုစာရွက်တို့ကို ဆက်တီခုံတို့၏အလယ်ရှိ ကျွန်းစားပွဲပုလေးပေါ် အသာတင်လိုက်သည်။





“သိပ်ပြီမဟုတ်လား ထား။ အဲဒီ နေရဲဆိုတဲ့ကောင်ဟာ ပင်ကိုယ်ဗီဇကတည်းက မကောင်းမှုတွေ ကျူးလွန်တတ်တဲ့စရိုက်ရှိပြီးသားဆိုတာ”

ထားထားမြင့်က သက်ပြင်းရှိုက်လိုက်ပြီးမှ ခပ်တိုးတိုးဖြေသည်။

“ဖြစ်နိုင်ပါတယ်။ မြန်မာပြည်ရဲ့အတော်ဆုံး လက်ဗွေပါရဂူကြီးရဲ့မှတ်ချက်ကို ထား လက်ခံပါတယ်”

“ဆရာကြီးခင်မောင်ဇော်ဟာ ၁၅–နှစ်လုံးလုံး ရာဇဝတ်သားတွေရဲ့လက်ဗွေရာပေါင်း ထောင်သောင်းချီလေ့လာသုတေသနပြုထားတဲ့သူပါ ထား . . . ।

ဆရာကြီးဟာ စိတ်ပညာကိုပါ အထူးပြုလေ့လာခဲ့ပြီး မကောင်းမှုကျူးလွန်တတ်သူတွေရဲ့အကြောင်း ကောင်းကောင်းကြီးသိသူပါ”

“ဟုတ်ပါတယ်လေ . . . ဒါပေမဲ့ သူက ဘုရားမှမဟုတ်တာ”

“ထား . . . မင်း ဘယ်လိုပြောလိုက်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်လေ . . . သူ့ရဲ့မှတ်ချက်တွေဟာ အမြဲတမ်း မှန်တယ်လို့ တစ်ထစ်ချယုံကြည်ရအောင် သူက ဘုရားမှ မဟုတ်တာ။ သူ့ရဲ့မှတ်ချက်တစ်ခုတလေဟာ လွဲချင်လည်း လွဲနေမှာပေါ့''

အိုင်အိုချစ်သွေးက ဒေါသတကြီးဖြင့် ထိုင်ရာမှထလိုက်သည်။

''ထား . . . မင်းက မောင့်ရဲ့အားထုတ်ခဲ့မှုတွေကို သဲထဲရေသွန်သလို လုပ်ပစ်တော့မလို့လား''

''ရှင့်ရဲ့ အားထုတ်မှုက ဘာလဲ၊ ရည်ရွယ်ချက်က ဘာလဲ၊ ကိုနေရဲကို ထားရဲ့အနားကနေ ကန်ထုတ်ဖို့ပဲ မဟုတ်လား''

''ထား . . . ဒါဟာ မောင့်ရဲ့အတ္တအတွက်လုပ်တာ မဟုတ်ဘူး''

''လုပ်လို့လည်း မရဘူးလေ။ ရှင့်ကို လက်မထပ်နိုင်ဘူးလို့ ထား ဟိုတစ်ခါကတည်းက ပြောခဲ့ပြီးပြီပဲ''

''ထားကို မောင် ချစ်လို့ရတယ်၊ ထားကလည်း မောင့်ကို ချစ်တုန်းပဲ။ ဒါပေမဲ့ . . . ချစ်သူတွေအဖြစ် သူငယ်ချင်းတွေအဖြစ်ပဲ နေလို့ရမယ်။ ထားကို လက်ထပ်ဖို့တော့ ဘယ်တော့မှ မဖြစ်နိုင်





ဘူး၊ ကိုနေရဲ ထားရဲ့အနားမှာမရှိလည်း အဲဒီဆုံးဖြတ်ချက်ကို ထား တစ်သက်လုံးပြင်မှာ မဟုတ်ဘူး''

''ထား မင်း မောင့်အပေါ် အထင်လွဲနေပြီ၊ နေရဲကို မောင် မနာလိုဖြစ်နေတာ မဟုတ်ဘူး၊ ထားရဲ့အန္တရာယ်အတွက် စိုးရိမ်လို့ ဒီလိုသက်သေအထောက်အထားတွေရအောင် မောင် ကြိုးစားခဲ့ရတာပါ''

''ထားပါတော့လေ၊ သူဟာ ထားကို နောက်ထပ် အန္တရာယ်မပြုနိုင်ဘူးလို့ ထား ယုံကြည်ထားပြီးသားပါ''

ချစ်သွေးက ငူငူကြီးရပ်လျက် ထားထားမြင့်ကို နာကျင်စွာ စိုက်ကြည့်နေသည်။ ထားထားမြင့်ကတော့ သူ့ကို မကြည့်ဘဲ ကြမ်းပြင်ကိုသာ စိုက်ကြည့်နေ၏။

အတန်ကြာမှ ချစ်သွေးက ကျွန်းစားပွဲပုလေးပေါ်မှ စာရွက်စာတမ်းတို့ကို ကောက်ယူလိုက်သည်။

''ကောင်းပြီလေ၊ ထား ဒီလောက်ခေါင်းမာနေရင်လည်း ထားထိုက်နဲ့ထားကံ ရှိပါစေတော့လို့ မောင် မှတ်ယူလိုက်ရတော့မှာ ပေါ့။ ရာဇဝင်ထဲမှာ ရေမန်ကန်းရဲ့လက်ထဲက စောဘုန်းမင်းကို



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ကောင်းကြီး ကျန်စစ်သားတောင် ကယ်လို့ မရသေးတာပဲ''

ချစ်သွေးက နာကြည်းစွာပြောရင်း အိမ်ထဲမှ ချာခနဲ လှည့်ထွက်ခဲ့၏။

ထားထားမြင့်ကိုပင် နှုတ်မဆက်တော့ဘဲ သူ့ အော်စတင်ကားနက်လေးကို သူမ၏ခြံထဲမှ တစ်ရှိန်ထိုးမောင်းထွက်သွားပါတော့သည်။

ထားထားမြင့်က ပြုံးလိုက်ပြီး ထိုင်ရာမှထသည်။

ပြီးတော့ နောက်ဖေးဘက်ဆီ လျှောက်လှမ်းခဲ့ကာ စတိုခန်းထဲ ဝင်ခဲ့၏။

စတိုခန်းထဲမှ ရဲတင်းကြီးကိုယူကာ နောက်ဖေးဆောင်ထဲ လှမ်းဝင်ခဲ့ပြီး လှေကားမှတစ်ဆင့် မြေအောက်ခန်းထဲ ဆင်းလာခဲ့သည်။

သူမက မြေအောက်ခန်း၏အလယ်တွင်ရပ်လျက် အခန်းထောင့်ရှိ သူမ၏ရေးလက်စပန်းချီကားများကို အတန်ကြာ စိုက်ကြည့်နေ၏။

ပြီးလျှင်မှ . . .

ခုနစ်စဉ်ကြယ်တာပေ



ပန်းချီကားများဆီ လျှောက်လှမ်းသွားလိုက်ပြီး ရဲတင်းကြီးဖြင့် ပန်းချီကားတို့ကို အားပါးတရ ခုတ်ဖြတ်လျက် ရှိပါတော့သတည်း။

✳

www.burmeseclassic.com

www.burmeseclassic.com

နေရဲက စစ်လွယ်အိတ်အဟောင်းလေးလွယ်လျက် ထားထားမြင့်တို့ခြံထဲသို့ ရှင်မြူးသွက်လက်စွာ ဝင်လာသည်။

နံနက်ဦးနေရောင်ခြည်က သူ့မျက်နှာပေါ်သို့ ရွှန်းလက်စွာ ကျရောက်လို့နေသည်။

နှင်းဆွတ်လေအေးအေးကလည်း သူ့တစ်ကိုယ်လုံးကို ထိခတ်သွား၏။

သူ့နဖူးပေါ် ခွေလိပ်ဝဲကျနေသော ဆံနွယ်တို့ကို နံနက်လေပြည်ထဲ လွင့်ဝဲလို့သွားကြသည်။





တိုက်ပုလေး၏ရှေ့ ပေါ်တီကိုအောက်တွင် ကျွန်းသားသွပ် ကုလားထိုင်ကြီးတစ်လုံးကို တွေ့ရသည်။

သူ ကုလားထိုင်အနီးရောက်သွားစဉ်မှာပင် အိမ်ထဲမှ ထားထားမြင့် ထွက်လာ၏။

သူ့ကို ပြုံးကြည့်လျက် ကျောက်သားလှေကားထစ်များ အတိုင်း ဆင်းလာသည့် ထားထားမြင့်၏လက်ထဲမှ လက်သမားသေတ္တာလေးကို နေရဲက ပြုံးလျက် လှမ်းယူလိုက်သည်။

"ဒီနေ့တော့ ဒီကုလားထိုင်ကို ပြင်ပေးရမှာလား"

"ဟုတ်တယ်၊ ဒါ ကျွန်မရဲ့မေမေ ထိုင်ခဲ့တဲ့ ကုလားထိုင်လေ။ လက်တန်းတစ်ခုကျိုးနေတာကို အစားထိုးပြီးပြင်မယ်။ ပြီးရင် ဆေးအဖြူရောင် သုတ်မယ်"

နေရဲက ကုလားထိုင်အနီးမှ ခွေးခြေပုလေးပေါ်ထိုင်လိုက်ပြီး လက်သမားသေတ္တာလေးကို နဘေးတွင် ချကာ ကုလားထိုင်ကို စစ်ဆေးကြည့်ရှုလိုက်၏။

"နောက် ခြေထောက်တစ်ချောင်းလည်း အက်နေပြီ။ အစားထိုးလိုက်မှကောင်းမှာ . . . ဒီမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



နေရဲက အက်နေသည့်ကုလားထိုင်၏နောက်ခြေ တစ်ချောင်းကိုပြသည်။

"အို . . . ဟုတ်တယ်နော်၊ အဲဒါကို ကျွန်မ သတိမထားမိဘူး"

နေရဲက စလွယ်သိုင်းလွယ်ထားသည့် စစ်လွယ်အိတ်ကို ပခုံးမှဖြုတ်လိုက်ပြီးနောက် ရှပ်အင်္ကျီအကွက်ကြားကို ချွတ်လိုက်သည်။

ရှပ်အင်္ကျီနှင့် စစ်လွယ်အိတ်လေးကို ထားထားမြင့်က လှမ်းယူလိုက်ပြီး ပေါ်တီကိုတိုင်လုံးမှ သံချိတ်တွင် ချိတ်လိုက်၏။

"အမောဖြေပါဦး၊ ရှင့်အတွက် အအေးတစ်ခွက် ကျွန်မ သွားယူလိုက်ဦးမယ်"

ထားထားမြင့်က ပြုံးလျက်ပြောပြီး ကျောက်သားလှေကားထစ်များပေါ် ပြန်တက်သွားသည်။

နေရဲက သူမ၏နောက်ကျောကို လှမ်းကြည့်နေ၏။

သည်နေ့မှာတော့ ထားထားမြင့်က ထူးထူးခြားခြား ဘောင်းဘီအတိုနှင့်သာရောင်လေးကို ဘလောက်စ်အင်္ကျီချိုင်းပြတ်





အဝါရောင်လေးနှင့် တွဲဖက်ဝတ်ထားသည်။

နှံ့သာရောင်ဘောင်းဘီတိုလေး၏ အနားသားအောက်မှ ဖြူဝင်းလုံးပြည့်နေသည့် သူမ၏ပေါင်တံအလှတို့ကြောင့် နေရဲ၏ရင် လှုပ်ခတ်သွားရသည်။

သူမကို ဤအိမ် ဤခြံထဲမှာ ပထမဆုံး စတွေ့ခဲ့ရသည့်နေ့ကအတိုင်း သူမက နှင်းဆွတ်ပန်းလေးတစ်ပွင့်ကို သန့်စင်လှပလို့နေသည်ပဲ။

ထားထားမြင့်က အိမ်တံခါးကို လက်တစ်ဖက်ဖြင့် တွန်းဖွင့်ရင်း သူ့ကိုလည်း ပြန်လှည့်ကြည့်သည်။

"အောရင်ခ် သောက်မလား"

သူက ပြုံးကြည့်ရင်း ခေါင်းညိတ်ပြလိုက်၏။

သူမက ပခုံးတွန့်ပြကာ ချစ်စဖွယ်ပြုံးရင်း အိမ်ထဲသို့ ဝင်သွားသည်။

နေရဲသည် ကုလားထိုင်ကို အသာလှုပ်ကြည့်ရင်း ရင်တွေခုန်နေသည်။ သည်နေ့မှ ထားထားမြင့် ပိုလှနေသည်ဟု သူ တွေးလိုက်မိ၏။ ချို့မြိန်လွန်းသောအလှ၊ သူတပ်မက်ခဲ့ရသည့် အလှ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ခူးဆွတ်ခဲ့ဖူးသည့်အလှ။

ထောင်ထဲမှာ ကုန်ဆုံးခဲ့ရသည့်ညများစွာ၏အိပ်မက်ထဲမှာပင် တမ်းမက်ခဲ့ရသည့်အလှ။

ထိုအလှသည် သူ၏လက်တစ်ကမ်းမှာ ရှိနေသည်ပဲ။ သူ၏အိပ်မက်တို့ အမှန်တကယ် ဖြစ်လာတော့မည်လားဟု ရင်ခုန်ပူနွေးစွာ တွေးမိနေစဉ်မှာပင် အအေးခွက်လေးကိုင်လျက် ထားထားမြင့်က အိမ်ထဲမှ ပြန်ထွက်လာသည်။

ပြုံးမြမြမျက်နှာလေးဖြင့် သူမ ကမ်းပေးသည့် လိမ္မော်ရည်ခွက်ကို လှမ်းယူလိုက်ပြီး သူ တစ်ရှိန်ထိုးမော့သောက်လိုက်သည်။

ချိုမြပြင်းရှသော လိမ္မော်ရည်တို့က ခြောက်သွေ့နေသည့် သူ့လည်ချောင်းထဲ စီးဝင်သွားကြသည်။

အနီး ချိုမြမြအရသာထဲတွင် ခါးသက်မှုတစ်ခုခုကို ခံစားလိုက်ရသလို ရှိသဖြင့် သောက်လက်စကို ရပ်လိုက်မိသည်။

ထားထားမြင့်က ပြုံးကြည့်နေရင် မျက်ခုံးလေးတစ်ဖက် မြင့်တက်သွားသည်။





"ဘာလို့လဲဟင် အချိုလိုလို့လား"

"မဟုတ်ပါဘူး အိုကေပါတယ်"

သူ ပြုံးလျက် ပြောပြီးနောက် ဖန်ခွက်ထဲမှ လက်ကျန်လိမ္မော်ရည်ကို မော့သောက်လိုက်၏။

ဖန်ခွက်ကို သူမထံပြန်ကမ်းပေးလိုက်ပြီးနောက် ကုလားထိုင်ကို စကိုင်သည်။

ခွေးခြေပုလေးတစ်လုံးပေါ်တွင် ထိုင်လျက် ထားထားမြင့်က သူလုပ်ကိုင်သမျှကို လိုက်ကြည့်နေသည်။

ချိုင်းပြတ်စွပ်ကျယ်ဖြူဖြူအောက်မှ ဖောက်ကြွလျက်ရှိသော ရင်အုပ်သားများ၊ ကြွက်သားအပြိုင်းပြိုင်းထနေသည့် နေရဲ၏ လက်မောင်းသားများက လှုပ်ရှားလိုက်တိုင်း လှိုင်းထလျက် ကြည့်၍ကောင်းလှသည်။

"ရှင်က တော်တော်ယောကျ်ားပီသတယ်နော်"

ရုတ်တရက် ပွင့်ထွက်လာသည်။ ထားထားမြင့်၏ ချီးကျူးစကားကြောင့် နေရဲက မျက်ခုံးများပင့်သွားပြီး သူမကို ငဲ့စောင်းလျက် ပြုံးကြည့်သည်။

www.burmeseclassic.com



"မင်းလည်း မိန်းမပီသပါတယ်၊ အရမ်းလှတယ်"

"ဟင်း ဟင်း . . . ဟုတ်လို့လား"

"တကယ်ပါ"

နေရဲက ပြုံးလျက်ပြောရင်း သစ်ချောင်းတစ်ချောင်းကို တိုင်းထွာပြီး လွှဖြင့် စတင်ဖြတ်သည်။ သူ့ရင်ပူနွေးစွာ ခုန်နေသဖြင့် လွှကြောင်းမတည့် ဖြစ်နေ၏။

ထိုစဉ် သူ့ဗိုက်ထဲမှ စစ်ခနဲဖြစ်သွားသည်။

လွှတိုက်ခြင်းကို သူ ရပ်လိုက်၏။

"ဘာဖြစ်လို့လဲဟင်"

"ဗိုက်ထဲက အောင့်လာသလိုပဲ"

"ရှင် မနက်စာ ဘာတွေစားခဲ့သလဲ"

"အင်း . . . ဘူတာနားက ဘယာကြော်သုတ်တော့ စားခဲ့တယ်"

"ဘယာကြော်က ပဲတွေမနှပ်ရင်လည်း ဖြစ်တတ်တာပဲလေ။ မပူပါနဲ့ ကျွန်မက ဆရာဝန်ပါ။ ရှင်သက်သာသွားအောင် ဆေးတိုက်ပါ့မယ်"





ထားထားမြင့်က ပြုံးလျက် ပြောပြီးနောက် ထိုင်ရာမှထကာ အိမ်ထဲဝင်သွား၏။

နေရဲက ထားထားမြင့်၏ဖွံ့ထွားလှပသော နောက်ပိုင်းအလှကိုငေးကြည့်ရင်း ခံစားရသည့်ဝေဒနာကိုပင် မေ့လျော့သွားရသည်။

ခဏအကြာမှာပင် ထားထားမြင့်က ရေတစ်ဖန်ခွက်ကို ကိုင်လျက် အိမ်ထဲမှ ပြန်ထွက်လာ၏။

"ရော့ . . . ဒီဆေးကို သောက်လိုက်"

သူမက ပြုံးလျက်ပြောရင်း လက်ဖဝါးတစ်ဖက်ထဲမှ ဆေးပြားဖြူဖြူလေးကို ပေးသည်။

နေရဲက ဆေးပြားလေးကို ပါးစပ်ထဲထည့်လိုက်ပြီး ဖန်ခွက်ထဲမှ ရေဖြင့် မျှောချလိုက်၏။

ပြီးလျှင် သူက လုပ်လက်စအလုပ်ကို ဆက်လုပ်သည်။

သို့သော် လွှဖြတ်နေရင်း သူ့တစ်ကိုယ်လုံး နုံးချည့်သလို ဖြစ်လာ၏။ ခေါင်းက မူးရိပ်ရိပ် ဖြစ်လာသည်။

"ဘယ်လိုနေသေးသလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ထဲက စစ်ခနဲ, စစ်ခနဲဖြစ်တာတော့ ပျောက်သွားပြီ။ ဒါ ဒါပေမဲ့ . . . ခေါင်း မူး မူးလာသလိုပဲ"

"အင်း . . . ညက ရှင် အိပ်ရေးပျက်ခဲ့တယ် ထင်တယ်"

"ဟုတ်တယ် . . . ညက ဟိုတွေး ဒီတွေးနဲ့ တော်တော်နဲ့ အိပ်မပျော်ခဲ့ဘူး"

"ရှင် ပြန်ချင်သလား။ နောက်နေ့မှ ဆက်လုပ်လေ ပြန်ချင်ပြန်"

"တို့ တို့ . . . တစ်နေရာရာမှာ လှဲအိပ်ပြီး ခဏလောက် နားချင်တယ်"

သူကပြောရင်း စွယ်တော်ပင်အုပ်နားမှ ရောင်စုံလှပလျက်ရှိသော ဒါန်းကိုလှည့်ကြည့်သည်။

"အဲဒီဒန်းက ဆေးတွေမခြောက်သေးဘူး။ ရှင်လှဲချင်ရင် အိမ်ထဲက ဆိုဖာခုံမှာ ဝင်လှဲလေ"

"တို့ တို့ကို အိမ်ထဲဝင်ခွင့်ပြုမှာလား"

"ရှင် လှဲမှဖြစ်မယ်ဆိုရင်တော့ ရပါတယ်၊ ကဲ . . . ထ"

သူ အားယူလျက် ထရပ်လိုက်သည်။ ပြီး ပေါ်တီကို၏





တိုင်တွင် ချိတ်ထားသည့်စစ်လွယ်အိတ်ကို လွယ်လိုက်၏။

ထားထားမြင့်က ကျောက်သားလှေကားထစ်များပေါ် တက်သွားပြီး အိမ်တံခါးကို အသင့်ဖွင့်ပေးသည်။

နေရဲက ကျောက်သားလှေကားထစ်များအတိုင်း ခမ်းယိုင်ယိုင်လှမ်းတက်လာသည်။

သူ အိမ်ထဲဝင်ပြီးသည်နှင့် ထားထားမြင့်က အိမ်တံခါးကို ပြန်ပိတ်လိုက်၏။

နေရဲက ဧည့်ခန်းထဲမှ ဆိုဖာဆက်တီခုံများဆီ လှမ်းလိုက်စဉ်မှာပင် ဒူးညွှတ်ကာ ကြမ်းပြင်ပေါ် လဲပြိုကျသွားပါတော့သတည်း။

*

နေရဲ သတိပြန်ရလာတော့ ခုတင်တစ်လုံးပေါ်တွင် ပက်လက်လဲလျောင်းလျက်ရှိသော သူ့ကိုယ်သူ သတိပြုမိသည်။

သူ့ကိုယ်ပေါ်တွင် ရင်ခေါင်းအထိ စောင်တစ်ထည်ခြုံထား၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ်နိမ့်သောမျက်နှာကြက်နှင့် ဝန်းကျင်ကိုမော့ကြည့်လိုက်ရာ နံရံနှင့်မျက်နှာကြက်ထောင့်စွန်းဝယ် ပင့်ကူအိမ်တို့ကို မြင်ရ၏။

ထိုစဉ် သူ့အနီးသို့ လျှောက်လှမ်းလာသော ထားထားမြင့်ကို တွေ့ရသည်။

"တို့ တို့ ဘယ်ရောက်နေတာလဲ"

"ကျွန်မတို့ မြေအောက်ခန်းထဲ ရောက်နေတာပါ"

"မြေအောက်ခန်း ဟုတ်လား"

"ဟုတ်တယ်။ [illegible] မူးပြီးမေ့လဲကျသွားလို့ ဒီမြေအောက်ခန်းဆီ ရှင့်ကို မနည်းဆွဲခေါ်လာရတယ်"

နေရဲက လဲလျောင်းနေရာမှ ထဖို့ကြိုးစားကြည့်သည်။ သို့သော် သူ့ကိုယ်အထက်ပိုင်းကို အနည်းငယ်သာ ကြွလို့ရသည်။ သူ့လက်တို့က လှုပ်၍မရချေ။ သူ၏ကိုယ်အောက်ပိုင်းတစ်ခုလုံးကလည်း ထုံနေသလို ခံစားရ၏။

ထားထားမြင့်က ခုတင်အနားသို့ ချဉ်းကပ်လာပြီး ပြုံးလျက် သူ့နဖူးပေါ် ခွေလိပ်ကျနေသည့်ဆံနွယ်တို့ကို လက်ချောင်းလေး





များဖြင့် သပ်တင်ပေးသည်။

"ရှင် နားနားနေနေ လှဲချင်တယ်ဆို။ ဒီခုတင်မှာပဲ လှဲနေလေ။ ဘာဖြစ်လို့ ထဖို့ကြိုးစားရတာလဲ"

"တို့ တို့ရဲ့လက်တွေ လှုပ်လို့မရဘူး"

"ဒါပေမဲ့ . . . ရှင်စကားပြောလို့တော့ ရတယ်လေ"

နေရဲက ထားထားမြင့်၏မျက်နှာကို ငေးကြည့်ရင်း စိတ်ထဲမှာ ဖဝေဖဝါဖြစ်နေ၏။ သူမက သူ့ကိုပြုံးလျက် ငုံ့ကြည့်နေသည်။

သူ ထထိုင်ဖို့ ထပ်မံကြိုးစားကြည့်သည်မရ။

"တို့ တို့ ဘာဖြစ်နေတာလဲ ဟင်"

"ဘာမှမဖြစ်ပါဘူး။ ရှင် အခုလို သက်သက်သာသာ လှဲနေလို့ရအောင် ကျွန်မ စီစဉ်ပေးထားတာပါ။ ရှင် အေးအေးဆေးဆေး လှဲနေလို့ရတယ်လေ။ ဒီမြေအောက်ခန်းထဲမှာ ရှင်ရှိနေတာကို ဘယ်သူမှမသိနိုင်ဘူး။ ကျွန်မရဲ့အဖေနဲ့ ကျွန်မရဲ့ချစ်သူကရှင့်ကို ကျွန်မရဲ့ခြံထဲ အိမ်ထဲမှာ ရှိနေတာကို လုံဝမကြိုက်ကြဘူး။ ခုဆို ရှင်ရှိနေတာကို ဘယ်သူမှမသိနိုင်တော့ဘူး။ ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မြေအောက်ခန်းထဲ ဆင်းတဲ့လှေကားထိပ်နားက တံခါးကို ပိတ်လိုက်ရင် ဒီမြေအောက်ခန်းထဲကအသံတွေကို အပြင်က မကြားနိုင်လို့လေ''

ပြုံးနေသည့် သူမ၏မျက်နှာကိုကြည့်ရင် သူ ထိတ်လန့်တုန်လှုပ်သလို ခံစားလာရ၏။

''ငါ ငါ ဒီအိုထဲမှာ မနေချင်ဘူး။ ငါ့ကို အပြင်ထုတ်ပေးပါ''

ထားထားမြင့်က ပြုံးလျက် ခေါင်းခါသည်။

''အဲဒီလိုလုပ်လို့မရဘူးလေ။ ရှင် လေးငါးရက်တော့ ဒီမြေအောက်ခန်းထဲမှာပဲ နေရမှာရှင့်''

နေရဲ ထိတ်လန့်တုန်လှုပ်သလို ဒေါသလည်း ဖြစ်လာသည်။

''မင်း မင်း . . . ဒါ ဘာလုပ်တာလဲ။ ငါ့ကိုရော ဘာဆေးတွေ ထိုးတာလဲ''

''အန်တီဂလူတန်ဆိုတဲ့ဆေးတစ်မျိုးပါ။ အဲဒီဆေးရဲ့ အာနိသင်က လေးငါးရက်လောက် ရှင့်ရဲ့ရင်ခေါင်းပိုင်းကနေ ခြေဖျားအထိ လှုပ်လို့မရအောင်ပဲ လုပ်ပေးနိုင်တယ်။ ဦးနှောက်ဆီကို ပို့လွှတ်တဲ့ အာရုံခံအကြောတွေ၊ ဦးနှောက်ကနေ ပို့လွှတ်တဲ့ အာရုံကြောတွေ သေသွားအောင်ပဲ လုပ်နိုင်တာပါ။ ဒါကြောင့် ရှင့်ရဲ့ အောက်ပိုင်းက ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုကို လွှနဲ့ တိုက်ဖြတ်ရင်တောင် ရှင် နာကျင်မှုကိုခံစားရမှာ မဟုတ်ဘူး''

''မင်း မင်း ငါ့ကို ဘာဖြစ်လို့ အဲဒီဆေးထိုးရတာလဲ ဟင်။ ဘာရည်ရွယ်ချက်နဲ့ ငါ့ကို အဲဒီလိုလုပ်ရတာလဲ''

''ဘာကြောင့်လဲဆိုတော့ ရှင်ဟာ မုဒိမ်းကောင်ဖြစ်နေလို့ပဲ။ နောက် . . . ကျွန်မ ဘာလုပ်မလဲဆိုတာ ရှင် မကြာခင် သိရမှာပေါ့''

ထားထားမြင့်က သူ့အနီးမှ ပြန်ထွက်သွားသည်။ ခဏနေတော့ ဘီးတပ်လေးထောင့်သံစင်လေးကို သူ့ခုတင်အနီးသို့ တွန်းလာ၏။ ယင်း သံစင်လေးပေါ်တွင် လေးထောင့်စတီးလ်လင်ပန်းတစ်ချပ်ကို တင်ထားပြီး ထိုလင်ပန်းထဲ၌ ခွဲစိပ်ဓား၊ ကပ်ကြေး၊ ဆေးဘူးအချို့နှင့် ဂွမ်းလိပ်တို့ ပါလာသည်။

အနီ အရာဝတ္ထုတို့ကိုကြည့်ပြီး နေရဲ လွန်စွာသွေးပျက်ချောက်ချားသွားတော့၏။





www.burmeseclassic.com

www.burmeseclassic.com



"မင်း မင်း ငါ့ကို ဘာလုပ်မလို့လဲဟင်။ မင်း မင်း . . . မဟုတ်တာ မလုပ်နဲ့နော်"

သူမက ခါးထောက်ရပ်ကြည့်ရင်း ပြုံးသည်။

"ကျွန်မက မဟုတ်တာ မလုပ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မှားမှန်ကောင်းဆိုးကို ကျွန်မက ခွဲခြားပြီးသိသူပဲဟာ။ ခွဲခြားသိတယ်။ ပြီးတော့ ခွဲလည်း ခွဲစိပ်တတ်တယ် . . . ဟင်း ဟင်း ဟင်း"

"ထား ထားထားမြင့် မင်း ငါ့ကို ဘာမှမလုပ်ပါနဲ့ကွာ။ ငါ တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်"

"ရှင့်ကိုလည်း ကျွန်မ တောင်းပန်ခဲ့ဖူးတယ်လေ"

"ငါ ငါ မင်းကို တောင်းပန်ပါတယ်ကွ။ ငါ့ ငါ့ကို ဒီအထဲကနေ သွားခွင့်ပြုပါ။ ငါ ငါ မင်းနဲ့အဝေးကြီးကို သွားမှာပါ။ ငါ ကတိပေးပါတယ်"

"ဟင်း ဟင်း ဟင်း . . . ရှင်သွားရမှာပါ။ ဒါပေမဲ့ ရှင့်ရဲ့ ခန္ဓာကိုယ် ဒီအတိုင်းနဲ့တော့ မသွားရဘူး"

"မင်းကို တောင်းပန်တယ် . . . တောင်းပန်တယ်"





"တောင်းပန်တယ်"

နေရဲက အသံကုန်ဟစ်အော်လိုက်သည်။

ထားထားမြင့်က သူ့အနားသို့ လျင်မြန်စွာ ချဉ်းကပ်လာသည်။

"ဟိတ် . . . မအော်နဲ့"

"ဖြောင်း"

သူမက သူ့ပါးတစ်ဖက်ကိုပါ ရိုက်လိုက်၏။

"ရှင်အော်လည်း အလကားပဲ။ ကျွန်မက မြေအောက်ခန်းဆင်းတဲ့ တံခါးကို ပိတ်ထားပြီးပြီ"

"အဲဒီတံခါးပိတ်လိုက်ရင် ဒီမြေအောက်ခန်းထဲကအသံကို အပြင်က မကြားရဘူး။ အပြင်ကအသံလည်း မြေအောက်ခန်းထဲက မကြားရဘူးလို့ ရှင့်ကို ပြောပြပြီးပြီလေ။ ဒီမြေအောက်ခန်းထဲမှာ အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် ရှာန်ဝင်စားပြီး ပန်းချီဆွဲနိုင်ဖို့ ကျွန်မ စီစဉ်ထားတာလေ"

"ရော့ . . . လောလောဆယ်။ ဒါကို ရှင်ရှူလိုက်"

ထားထားမြင့်က ကလိုရိုဖောင်းမေ့ဆေးရည်ဆွတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် အဝတ်ဖြင့် နေရဲ၏နှာဝကို အုပ်လိုက်သည်။ နေရဲ ခေါင်းကို အတင်းယမ်းကာ ရုန်းကန်သော်လည်း မေ့ဆေးအငွေ့က သူ့နှာခေါင်းထဲသို့ စူးရှစွာ ဝင်ရောက်သွားတော့၏။

*

နေရဲ မည်မျှကြာအောင် သတိမေ့သွားရသည်မသိ။

သူ ပြန်သတိရလာတော့ သူ့ခုတင်ခေါင်းရင်းဘက်မှ သံတိုင်လေး၏ သံချိတ်တွင် ဂလူးကို့စ်ပုလင်းချိတ်ထားသည်ကို တွေ့ရပြီး ဂလူးကို့စ်တို့က ပိုက်ဖြူဖြူလေးမှတစ်ဆင့် သူ့လက်မောင်းထဲ စီးဝင်နေသည်ကိုတွေ့ရသည်။

သူ အားယူပြီး ထရန်ကြိုးစားကြည့်၏ မရ။

သူ့လက်တွေကို လှုပ်ရှားဖို့ ကြိုးစားကြည့်သည် မရ။

ခဏာအတွင်းမှာပင် ...

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့အနီးသို့ ထားထားမြင့်ရောက်လာသည်။ သူမ၏လက်ထဲတွင် ဖန်ခွက်တစ်လုံးကို ကိုင်ထား၏။

"ရှင် နိုးလာပြီပေါ့"

"ရော့ . . . ရေဆာနေပြီ သောက်လိုက်ဦး"

ထားထားမြင့်က ဖန်ခွက်ကို သူ့နှုတ်ခမ်းဝမှာ တေ့ပေး၏။

နေရဲက ခေါင်းကိုယမ်းကာ လွှဲဖယ်လိုက်သည်။

"သောက်ပါ . . . ရှင့်ကို ဘာဆေးမှ ထပ်မတိုက်တော့ပါဘူး"

သူမက သူ့နှုတ်ခမ်းဝထဲ ရေကို အတင်းလောင်းချပေး၏။

"ရှင် ရေဆာနေမှာစိုးလို့ပါ"

အမှန်တကယ်လည်း သူ့အာခေါင်က ကွဲအက်မတတ် ခြောက်သွေ့ကာ ရေဆာလျက်ရှိသည်။

နောက်ဆုံးဝယ် သူမတိုက်သောရေကို သောက်လိုက်ရ၏။ သို့သော် ရေက အာဆွတ်ယုံမျှမသာ။

"ရှင့်ကို ရေနည်းနည်းပဲ တိုက်မယ်"





"ခန္ဓာကိုယ်အတွက် အာဟာရကတော့ ဂလူးကို့စ် ရှိတယ်လေ။ ရှင် ဒီခုတင်ပေါ်မှာ လေးငါးရက်တော့ ဒီအတိုင်းနေရမယ်။ အနာကျက်တဲ့အထိပေါ့။ ရှင့်ကို ခွဲစိတ်ထားတဲ့အနာကျက်တဲ့အထိလေ"

"မင်း မင်း ငါ့ကို ဘာလုပ်ထားတာလဲ၊ ဘာလုပ်ထားတာလဲ"

"ရှင်သိချင်လား . . . ဟင်း ဟင်း။ ရှင်သိချင်ရင် ပြရမှာပေါ့"

ထားထားမြင့်က သူ့ရင်ခေါင်းအထိ ခြုံလွှားထားသောစောင်ကို ဖြည်းဖြည်းချင်းခွာချလိုက်သည်။

"ရှင်ကြည့်လေ . . . ရှင့်ရဲ့ခေါင်းကိုထောင်ပြီး ကြည့်လိုက်လေ"

နေရဲက ခေါင်းကိုအားယူထောင်ကာ သူ၏ခန္ဓာကိုယ်အောက်ပိုင်းကို မရဲတရဲကြည့်လိုက်သည်။

သူ့ခန္ဓာကိုယ်အောက်ပိုင်းတွင် မည်သည့်အဝတ်အစားမျှမရှိ။ သူ့ခြေထောက်တွေက အကောင်းပကတိ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့ဆီးခုံနေရာတွင် ပတ်တီးဖြူဖြူကို တွေ့ရသည်။

သူ ထိတ်လန့်တကြား အော်လိုက်သည်။

"အား အား ... မင်း မင်း ရက်စက်လှချေလား"

"အား ... မင်း မင်း ရှုးနေပြီ၊ ရှုးနေပြီ"

"ဟား ဟား ဟား ဟား ... ကျွန်မ မရှုးပါဘူး။ မရှုးလို့လည်း ကျွန်မရဲ့ဘဝတစ်ခုလုံး ဆုံးရှုံးခဲ့မှုအတွက် လျော်ကြေး ပြန်ယူခဲ့တာပဲလေ ...၊

ဒီအိမ်ထဲမှာ မုဒိမ်းကျင့်ခံခဲ့ရတာကို ကျွန်မ မေ့ထားလိုက်ပြီလို့ ရှင် ထင်ခဲ့တယ် မဟုတ်လား။ ကျွန်မ မမေ့ဘူး။ မမေ့တာမှ အဲဒီအတွက် ရှင့်ဆီက လျော်ကြေးပြန်ယူဖို့ကိုပါ မမေ့ပါဘူး သိရဲ့လား ...၊

ရှင့်ကြောင့် ကျွန်မရဲ့ချစ်သူကို ကျွန်မ ထာဝရ ဆုံးရှုံးခဲ့ရတယ်။ ရှင်လုပ်လို့ ဟောဒီ ကျွန်မရဲ့လက်ဟာ သုံးစားမရ ဖြစ်ခဲ့ရတယ်။ ကျွန်မ အကြီးအကျယ် မျှော်လင့်ထားခဲ့ရတဲ့ ခွဲစိတ်ပါရဂူဖြစ်ဖို့ ကမ္ဘာကိုထိုးဖောက်နိုင်တဲ့ မြန်မာပန်းချီဆရာမဖြစ်ဖို့





ရည်ရွယ်ချက်တွေ ဆုံးရှုံးခဲ့ရတယ်။ အဲဒါတွေ ရှင် သိရဲ့လား ...၊

ပြီးတော့ ... ရှင် အနိုင်ကျင့်ခဲ့တုန်းက ကျွန်မ ဘယ်လိုခံစားခဲ့ရသလဲဆိုတာရော သိရဲ့လား ...၊

အဲဒီလို ရှင့်ကြောင့် ကျွန်မရဲ့ဘဝ ရည်မှန်းချက်ကြီးတွေ ဆုံးရှုံးခဲ့တာ။ ဖြူစင်သန့်ရှင်းအောင် စောင့်ရှောက်ခဲ့ရတဲ့ ကျွန်မရဲ့ဘဝမှာ ဖျက်မရတဲ့ အမည်းစက်ကြီး စွန်းထင်းခဲ့ရတာတွေအတွက် ရှင့်ဆီက လျော်ကြေး ပြန်ယူခဲ့ရတာပါပဲ"

"ငါ ငါ တောင်းပန်ပါတယ်။ ငါ့ကိုတော့ မသတ်ပါနဲ့နော်"

"ရှင်က မသတ်ခင်ကတည်းက သေနေရပြီလေ။ ရှင့်လိုလူယုတ်မာတစ်ယောက်အတွက် အကောင်းဆုံးသေခြင်းမျိုးနဲ့ပဲ ရှင်သေရမှာပါ။ ကျွန်မ မသတ်ဘဲ ရှင်သေရမှာပါ ...၊

ရှင့်ရဲ့လက်မောင်းတွေအပေါ်မှာ ရှင့်ရဲ့ဓာတာကို ပညာရှင်ကြီးတစ်ဦးက ဖတ်ပြီးပြီတဲ့။ ရှင်ဟာ မကောင်းမှုကို အခွင့်အရေးရတိုင်း ကျူးလွန်မယ့်သူတဲ့။ အဲဒါကို ကျွန်မယုံသွားပြီ။ ဒီမှာကြည့်"

ထားထားမြင့်က နေရဲ၏စစ်လွယ်အိတ်ထဲမှ အနာဝတ္ထုတစ်ခုကို ထုတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဖျားကိုချွန်နေအောင် သွေးထားသည့် ဝက်အူလှည့်တစ်ချောင်းပင် ဖြစ်၏။

"ဒီလိုမျိုး စကစ်ပါနဲ့ ကျွန်မရဲ့လည်ပင်းကိုထောက်ပြီး ရှင်အနိုင်ကျင့်ခဲ့တယ်။ နောက်ထပ် အခွင့်သာရင် ကျွန်မကို အနိုင်ထပ်ကျင့်ဖို့ ရှင်ဆောင်ထားခဲ့တယ်၊ ဟုတ်တယ် မဟုတ်လား"

"မ မဟုတ်ဘူး၊ မဟုတ်ဘူး။ တို့ အဲဒီလို မရည်ရွယ်ပါဘူးကွာ"

"မရည်ရွယ်ရင် ကျွန်မဆီ ရှင်လာတဲ့အခါ ဒါကို ဘာဖြစ်လို့ ယူလာရသလဲ။ ရှင့်ရဲ့ဗီဇအတိုင်း အခွင့်သာတဲ့အခါ ကျွန်မကို အနိုင်ထပ်ကျင့်ဖို့ယူလာတာပဲ မဟုတ်လား . . . ၊

ကျွန်မက အနိုင်ကျင့်တာကို တအားမုန်းတယ်။ အရမ်းမုန်းတယ်။ အဲဒီလို မုန်းခဲ့တဲ့ကျွန်မဟာ ရှင့်ရဲ့အနိုင်ကျင့်တာ ခံခဲ့ရတယ်။ အဲဒီလို အနိုင်ကျင့်ခံရတဲ့အတွက် ကျွန်မရဲ့ဘဝဟာ ရှင်လျက်နဲ့ သေသွားခဲ့ရတယ်။ အဲဒီသေဆုံးမှုတွေအတွက် ရှင့်ဆီက မရဏာလျော်ကြေး ပြန်ယူရတာပဲ၊ သိပြီလား . . . ဟား ဟား ဟား"

* * *





## လှည့်ကွက်ကြမ္မာ

မျက်နှာချင်းဆိုင်ရှိ ဆိုဖာဆက်တီခုံတွင် တည်ငြိမ်စွာထိုင်နေသည့် ထားထားမြင့်ကို ငြိမ်သက်စွာစိုက်ကြည့်နေရင်းမှ ချစ်သွေးက စကားတစ်လုံးချင်း ပြောလိုက်သည်။

"ထားကို သတင်းထူး ဦးဦးဖျားဖျား ပြောချင်လို့ လာခဲ့တာပါ"

"ပြောလေ"

"ဒီနေ့မနက် စောစောစီးစီးမှာပဲ ကန်တော်ကြီးစောင်းက ရေစပ်ကရေထဲမှာ သေနေတဲ့လူတစ်ယောက်ရဲ့အလောင်းကို တွေ့ရတယ် ထား။ အဲဒီလူဟာ နေရဲပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထားထားမြင့်၏အမူအရာက ထူးခြားသွားခြင်း မရှိချေ။ သူမက မျက်မှောင်လေး အတွန့်ချိုးကာ တည်ငြိမ်စွာပဲ ပြန်မေးသည်။

"သူက ဘယ်လိုဖြစ်ပြီး ရေနစ်သေရတာလဲ။ အရက်မူးပြီး ရေထဲပြုတ်ကျသေတာလား"

"အင်း . . . မှုခင်းဆရာဝန်ကြီးက ရင်ခွဲစစ်ဆေးကြည့်တော့ သူ့ရဲ့အစာအိမ်ထဲမှာ အယ်လ်ကိုဟော မတွေ့ရဘူးတဲ့။ ဘာအစာမှလည်း မတွေ့ရဘူးလို့ဆိုတယ်"

"ဘာအစာမှ မတွေ့ရဘူး ဟုတ်လား"

"ဟုတ်တယ်၊ သေသူနေရဲဟာ မသေခင် သုံးလေးရက်ကတည်းက ဘာအစာမှ မစားထားဘူးလို့ မှုခင်းဆရာဝန်ကြီးက ကောက်ချက်ချတယ် ထားရဲ့"

အိုင်အိုချစ်သွေးက စကားကို ခေတ္တရပ်ပြီးမှ ဆက်ပြောသည်။

"နေရဲ ဒီကြားထဲမှာ ထားဆီ လာသေးလား"

"သူ မလာတာ လေးငါးရက်လောက်ရှိပြီ"





"ဘာဖြစ်လို့မလာတာလဲ"

"သူ့ကို နိုင်းစရာမှ မရှိတော့ဘဲ"

"ဪ"

အိုင်အိုချစ်သွေးက ခဏနားပြီးမှ ထပ်မေးသည်။

"သူနေတဲ့လိပ်စာရော ထား သိလား"

"ဟင့်အင်း မသိဘူး၊ မေးလည်း သေချာမေးမကြည့်မိဘူး။ သယ်နီးကျွန်းဘက်မှာ သူ့သူငယ်ချင်းတစ်ယောက်နဲ့အတူ နေတယ်လို့တော့ ပြောတယ်"

"သူ့သူငယ်ချင်းရဲ့နာမည်ရော သိလား"

"ဟင့်အင်း မသိဘူး"

"အဲဒီသူငယ်ချင်းဆိုတာက နေရဲနဲ့ ဘယ်တုန်းကခင်တဲ့ သူငယ်ချင်းတဲ့လဲ"

"အင်း . . . သူပြောဖူးတာတော့ သူနဲ့အတူ ထောင်ကျဖူးတဲ့ သူလို့ပြောတာပဲ။ ဒါထက် နေပါဦး . . . မောင်က ဘာဖြစ်လို့ ထားကို ဒီလောက် စစ်စစ်ပေါက်ပေါက် မေးနေရတာလဲ"

"ဆောရီး ထားရယ်။ မောင်က နေရဲသေဆုံးမှုကို အမှု



www.burmeseclassic.com

www.burmeseclassic.com



မှန်ဖော်ထုတ်ပေးဖို့ တာဝန်ယူထားရတဲ့ အိုင်အိုပါ။ ဒါကြောင့် နေရဲနဲ့ပတ်သက်ခဲ့တဲ့ ထားကို ခုလိုမေးမြန်းနေရတာပါ”

“ဩော် . . . ဒီလိုလား။ ဒါဆို နေရဲသေဆုံးရမှုဟာ သွေးရိုးသားရိုးမဟုတ်ဘဲ ထားနဲ့ တစ်ခုခုပတ်သက်နေတယ်လို့ မောင်က ထင်ပြီး ထားကို တရားခံစစ် စစ်နေတာလား မောင်”

“မဟုတ်ပါဘူး ထားရယ်။ မောင်က ဝတ္တရားအရ မေးရတာပါ”

“ရပါတယ် မောင်၊ ဝတ္တရားအရပဲမေးမေး သံသယနဲ့ပဲမေးမေး ထားဖြေမှာပါ။ မေးစရာရှိတာ ဆက်မေးလေ”

အိုင်အိုချစ်သွေးက သက်ပြင်းရှိုက်လိုက်ပြီးမှ ခပ်တိုးတိုးဖြေသည်။

“နေရဲသေတာ သွေးရိုးသားရိုး မဟုတ်ဘူး ထား။ အသတ်ခံခဲ့ရတာ”

ထားထားမြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

“ဘာ အသတ်ခံရတာဟုတ်လား မောင်”

“ဟုတ်တယ် ထား၊ ထားနားလည်အောင် နေရဲသေဆုံး





ရတဲ့ကိစ္စမှာ မောင်တို့ စုံစမ်းသိရှိထားသမျှ ပြောပြမယ်”

“နေရဲရဲ့အလောင်းကို ကန်တော်ကြီးကနေဒီကျွန်းနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ကမ်းစပ်ရေထဲကတွေ့တော့ ဒီမနက် ၆-နာရီလောက်ရှိပြီ။ မနက်စောစော လမ်းထလျှောက်သူတွေက စတွေ့ခဲ့တာပဲ။ သူ့ရဲ့အလောင်းကို ရန်ကုန်ဆေးရုံကြီးက ရေခဲတိုက်ဆီ သယ်လာပြီး မှုခင်းဆရာဝန်ကြီးက ရင်ခွဲစစ်ဆေးကြည့်တော့ နေရဲရဲ့အဆုတ်ထဲမှာ ရေမတွေ့ဘူး။ ဝမ်းခေါင်းထဲမှာတော့ ရေနည်းနည်းပဲ တွေ့ရတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် နေရဲဟာ နေရစ်သေဆုံးတာ မဟုတ်ဘူးလို့ ဆရာဝန်ကြီးက ကောက်ချက်ချတယ် . . .၊

သူ့ရဲ့အစာအိမ်ထဲမှာ အစာတွေမတွေ့ရတဲ့အတွက် မသေခင်သုံးလေးရက်လောက်ကတည်းက ဘာအစာမှမစားထားဘူးဆိုတာ သိရတယ် . . .၊

အဲ . . . နောက်ထပ် အလောင်းမှာ ထူးခြားချက်တွေ့ရတာ တတော့”

အိုင်အိုချစ်သွေးက စကားကိုခဏရပ်ပြီး ထားထားမြင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အားနာသလိုကြည့်သည်။ ပြီးမှ အားယူကာ ဆက်ပြောသည်။

"ထားကတော့ ဆရာဝန်မို့လို့ ပွင့်ပွင့်လင်းလင်းပဲ မောင်ပြောမယ်"

"ပြောလေ"

"နေရဲရဲ့ယောက်ျားအင်္ဂါဟာ အရှည်တစ်လက်မလောက်ပဲ ကျန်တော့တယ်"

ထားထားမြင့်က ချစ်သွေးကို မျက်လုံးတစ်ချက် ဖွေကြည့်သည်။

"သူ့ရဲ့အင်္ဂါဟာ ဖြတ်တောက်တာ ခံထားရတယ်။ ဖြတ်တောက်ပြီး ပြန်ချုပ်ထားတာလို့ ဆရာဝန်ကြီးက ပြောတယ်။ ချုပ်ထားတာက သိပ်မသေသပ်တဲ့အတွက် ကျွမ်းကျင်တဲ့ဆရာဝန်တို့၊ နှပ်စ်တို့က ချုပ်ထားတာတော့ မဟုတ်နိုင်ဘူးတဲ့ . . .၊

သူ ထောင်ထဲမှာ အဲဒီလိုလုပ်ခဲ့သလား။ ရောဂါတစ်ခုခုကြောင့် ထောင်ဆေးရုံမှာ ဖြတ်တောက်ခဲ့ရတာလားလို့ စဉ်းစားမိတာနဲ့ ထောင်ဆေးရုံသွားပြီး စုံစမ်းကြည့်တော့လည်း နေရဲဟာ ထောင်ဆေးရုံကို လုံးဝမတက်ခဲ့ဖူးဘူးလို့ သိရတယ်။ အင်း . . .





ဒါပေမဲ့ ဒါမျိုးက ထောင်သားအချင်းချင်း လုပ်ပေးလေ့ရှိတယ်လို့လည်း သိရတယ်။ ထောင်သားအချင်းချင်း လုပ်ပေးတာမျိုးဆိုရင်တော့ စုံစမ်းဖို့မလွယ်ဘူးလေ။ ဒါပေမဲ့ သူသေရတာ အဲဒါနဲ့တော့ မဆိုင်ဘူး . . .၊

အဲ . . . သူ့ရဲ့အလောင်းမှာ နောက်ထပ်ထူးခြားမှုတွေ့ရတာက သူ့ရဲ့လက်မောင်းမှာ အပ်ရာတွေ တွေ့ရတယ်။ သွေးထဲမှာလည်း သိကြားဓာတ်များနေတာ တွေ့ရတယ်တဲ့။ အဲဒါက နေရဲဟာ မသေခင်ရက်တွေတုန်းက အစာမစားဘဲ Drip သုံးလေးခါသွင်းထားတာဖြစ်မယ်လို့ ဆရာဝန်ကြီးက မှတ်ချက်ပြုတယ်၊ ဒါပေမဲ့ အဲဒီအချက်ကြောင့်လည်း သူ သေဆုံးခဲ့ရတာ မဟုတ်ဘူး"

"ဒါဆို နေရဲဟာ ဘာကြောင့် သေရတာတဲ့လဲ မောင်"

"သူ့ရဲ့ ခေါင်းနောက်စေ့မှာ ဒဏ်ရာတွေ့ရတယ်။ မာကျောပြီး တုံးတဲ့အရာဝတ္ထုတစ်ခုခုနဲ့ အရိုက်ခံရတာပဲ။ အဲဒီဒဏ်ရာကြောင့် သွေးမထွက်ပေမယ့် အတွင်းကြေကြေသွားပြီး ဦးနှောက်သွားတယ်။ ဦးနှောက်ထဲ သွေးယိုစီးသွားတယ်။ အဲဒီဒဏ်ရာကြောင့် အသက်ဆုံးရှုံးခဲ့ရတာပါပဲ။ ဖြစ်နိုင်ခြေတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က သူ့ကိုရိုက်လိုက်ပြီး သေမှရေထဲပစ်ချခဲ့ပုံရတယ်''

ထားထားခြင်က မျက်လုံးလေးအဝိုင်းသားဖြင့် အိုင်အိုချစ်သွေးကိုကြည့်သည်။

''မောင်ပြောတာ တကယ်လား''

''ဘာလဲ ထားရဲ့''

''နေရဲဟာ ရေနစ်ပြီးသေတာ မဟုတ်ဘူးလား''

''မဟုတ်ဘူး။ အရိုက်ခံရပြီး ဦးနှောက်ထဲ သွေးယိုလို့ သေရတာပါ''

''အို''

လှုပ်လှုပ်ရှားရှားဖြစ်သွားသည့် ထားထားမြင့်အား အိုင်အိုချစ်သွေးက သေသေချာချာကြည့်သည်။

''ဘာဖြစ်လို့လဲ ထား''

''ဒါ ဒါဆို နေရဲသေရတာ လူသတ်ခံရတာပေါ့။ ဟုတ်လား''

''သေချာတာပေါ့ ထားရယ်။ ရေစပ်မှာ ချော်လဲပြီး တစ်





ခုခုနဲ့ ဆောင့်မိတယ်လို့ ပြောရအောင်လည်း အလောင်းတွေ့ရတဲ့ ကမ်းစပ်နားမှာရော ရေထဲမှာပါ သစ်ငုတ်တို့ ကျောက်တုံးကြီးကြီးမားမားတို့ လုံးဝမတွေ့ရဘူးလေ''

စကားလက်စသတ်ပြီး အိုင်အိုချစ်သွေးက ထိုင်ရာမှထသည်။

''ကဲ . . . မောင်လည်း ပုလိပ်ရုံကြီးဘက် သွားလိုက်ဦးမယ်''

''ကောင်း ကောင်းပါပြီ . . . မောင်''

အိုင်အိုချစ်သွေးပြန်သွားတော့ ထားထားမြင့်မှာ တွေတွေငေးငေးဖြင့် ကျန်ရစ်ခဲ့တော့သည်။

*

နောက်လေးရက်အကြာတွင် အိုင်အိုချစ်သွေးထံမှ ဖုန်းဝင်လာသည်။

''ထားရေ . . . နေရဲကိုသတ်တဲ့တရားခံတော့ မိပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! . . . ဟုတ်လား"

"ဟုတ်တယ် ထား၊ တရားခံကတော့ ထောင်ထဲမှာ နေရဲနဲ့ရန်ဖြစ်ပြီး နံရိုးကျိုးဆေးရုံတက်ခဲ့ရတဲ့ မြဝင်းလို့ခေါ်တဲ့ ရေဆင်ပဲ။ ဖြစ်ရပုံက ဒီလိုထားရဲ့"

"ထောင်ထဲမှာ ဖြစ်ခဲ့ဖူးတဲ့ရန်စကြောင့် ရေဆင်ရယ်။ ဒုတ်ဆိုတဲ့ကောင်နဲ့ ခြေမကြီးဆိုတဲ့ကောင်တွေက အပြင်မှာ နေရဲကိုတွေ့ရင် လက်စားချေဖို့ တိုင်ပင်ထားကြတာတဲ့ . . . ।

ပြီးခဲ့တဲ့သောကြာနေ့ညတုန်းက အဲဒီကောင်တွေဟာ ကန်တော်ကြီးက ကနေဒီကျွန်းဆီ မှောင်ရိပ်ခိုဖို့လာတဲ့ သမီးရည်းစားစုံတွဲတွေကို ရိုက်လုမယ်ဆိုပြီး လာချောင်းကြတာတဲ့ . . . ।

အဲဒီမှာ သမီးရည်းစားစုံတွဲတစ်တွဲက ကောင်လေးကို ရိုက်ပြီး ရွှေဆွဲကြိုးဖြုတ်ပြီးပြန်အလာ ကားလမ်းဘေးအတိုင်း လျှောက်လာကြတုန်း ရေစပ်မှာ ဒယီးဒယိုင်နဲ့ရပ်နေတဲ့ နေရဲကို ပက်ပင်းတွေ့ရတယ်တဲ့။ အဲဒီမှာတင်ပါလာတဲ့ ဓားဝီတုတ်နဲ့ ရေဆင်က နေရဲကို ရိုက်ပြီး ရေထဲကန်ချလိုက်တယ်တဲ့ . . . ।

မနက်ကပဲ ပုစွန်တောင်ဈေးနားက ရွှေဆိုင်မှာ အဲဒီကောင်





တွေလုလာလတဲ့ ရွှေဆွဲကြိုးကိုလာရောင်းကြတော့ ဆွဲကြိုးဟာ အတုဖြစ်နေတယ်။ အဲဒီကောင်တွေကလည်း ရွှေအတုမှန်း အစစ်မှန်း မသိကြဘူးနဲ့တူပါတယ် ထားရယ်။ အဲဒီမှာ ရွှေဆိုင်ပိုင်ရှင် ဦးညွန့်အောင်က ရွှေတုလိမ်ရောင်းတယ်ဆိုပြီး အဲဒီကောင်တွေ မသိအောင် ပုလိပ်ဌာနဆီ ဖုန်းဆက်ခေါ်လိုက်တယ်။ အဲဒါနဲ့ အဲဒီကောင်တွေကို မိရောဆိုပါတော့ . . . ।

ဒီမှာတင် လုယက်မှုကိုစစ်ရင်း နေရဲကိုသတ်မှုပါ ပေါ်တော့တာပဲ ထားရေ"

"ဪ"

"နေရဲရဲ့အလောင်းကိုတော့ ပိုင်ရှင်မဲ့ မသာအဖြစ် ရန်ကုန်ဆေးရုံကြီးကပဲ သင်္ဂြိုဟ်လိုက်တယ် ထား"

"ဪ"

"ဒါထက် ထားရဲ့ဖေဖေရော။ ထားဆီ လာသေးသလား"

"လာတယ် မောင်၊ ဖေဖေနဲ့ထား ပြန်ပြီအဆင်ပြေသွားပါပြီ။ နောက်ပြီး မောင့်ကို ဝမ်းသာစရာပြောရဦးမယ်"

"ဝမ်းသာစရာဟုတ်လား . . . ဘာများလဲ ထား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်တို့ကို ထား ဖုံးထားတာတစ်ခုရှိတယ်။ အဲဒါက တော့ ထားရဲ့ညာဘက်လက်ဟာ တစ်ခုခုနဲ့ ချိတ်မိပြီး အကြော သေသလို အကြောမျှင်တွေပြတ်သလိုဖြစ်ပြီး တစ်ခုခုကို ကြာကြာ ကိုင်ထားရင် တုန်လာတယ်။ အဲဒီလိုလာတုန်တတ်တော့ ပန်းချီ ဆွဲလို့ မရတော့ဘူး။ ထား မျှော်မှန်းထားတဲ့ ခွဲစိတ်ပါရဂူသင်တန်း တက်ဖို့လည်း မဖြစ်နိုင်သေးဘူးလေ။ အဲဒါကြောင့် ထား စိတ် ဓာတ်ကျနေတာ။ အခုတော့ လက်က နဂိုအတိုင်း ပြန်ကောင်း သွားပြီ မောင်။ ပန်းချီလည်း ဆွဲလို့ရပြီ။ ခွဲစိပ်ခန်းလည်း ဝင်လို့ ရပြီ"

"ဟား . . . ဝမ်းသာစရာပါလား ထားရယ်"

"ဟုတ်တယ် မောင်။ ထားလည်း အရမ်းဝမ်းသာတာပဲ။ ထားကို ကုသပေးနေတဲ့ အရိုးအကြောဆရာဝန်ကြီး ဒေါက်တာ သောင်းထွန်းကတော့ ပြောတယ်။ အဲဒီလိုမျိုးဖြစ်တာ ပြန်ကောင်း ခဲတယ်တဲ့။ အခု ထားက ဆေးလိမ်းဆေးသောက်ရုံနဲ့ ပျောက်သွား တာ ခွဲစရာတောင်မလိုဘူး။ ဒါကြောင့် ဆရာဝန်ကြီးက အရမ်းအံ့ဩ နေတယ်။ ဒါပေမဲ့ ဆရာဝန်ကြီးက မှတ်ချက်တစ်ခုတော့ ပေးတယ်။





ထားရဲ့လက်ဝေဒနာဟာ စိတ်နဲ့လည်း ပတ်သက်မယ်တဲ့။ ထားရဲ့ စိတ်မှာ အဲဒီလက်နဲ့ ပတ်သက်ပြီး နာနာကျင်ကျင်ဖြစ်နေတာ ထိထိ ခိုက်ခိုက်ဖြစ်နေတာ၊ အလိုမကျဖြစ်နေတာကြောင့် ဖြစ်နိုင်ပြီး အဲဒီလိုနာကျင်ထိခိုက်တာတွေ အလိုမကျတာတွေ ပျောက်သွားလို့ လက်ပြန်ကောင်းလာတာလည်း ဖြစ်နိုင်တယ်လို့ ပြောတယ် မောင်"

"အင်း . . . အဲဒီဆရာဝန်ကြီးရဲ့မှတ်ချက်က ဖြစ်နိုင်တာပဲ လေ ထားရဲ့ . . .၊

ပြီးတော့ နောက် ဝမ်းသာစရာတစ်ခု ထပ်ပြောရဦးမယ်"

"ဘာများလဲ ထား"

"ခွဲစိပ်ပါရဂူသင်တန်းတက်ဖို့ ထား လျှောက်ထားတဲ့ အမေရိကန် ချီကာဂိုတက္ကသိုလ်က ထားကို သင်တန်းတက်ခွင့် ပြုတဲ့အကြောင်းကြားစာ ကြေးနန်း မနေ့ကပဲရတယ် မောင်"

"အင်း . . . ဒါဆို ထားဖြစ်ချင်တာ ဖြစ်ရတော့မှာပေါ့ မောင် ဝမ်းသာပါတယ် ထားရယ်။ ဒါပေမဲ့"

"ဒါပေမဲ့ . . . ဘာဖြစ်လဲမောင်"

"မောင့်အတွက် ဝမ်းသာစရာကို ထား မစီမံပေးတော့



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလား ဟင်''

တယ်လီဖုန်းထဲမှ ဒေါက်တာထားထားမြင့်၏အသံ ပျောက်သွားသည်။ ခဏကြာမှ သက်ပြင်းချသံနှင့်အတူ သူမ၏ စကားသံတိုးတိုး ထွက်ပေါ်လာသည်။

"လောကကြီးမှာရဲ့ အံ့သြစရာအလှည့်အပြောင်းတွေ ထား ကြုံခဲ့ရပြီးမှ ထားရဲ့တစ်စွတ်ထိုးစိတ် တစ်ယူသန်ညာဉ်တွေကို ဖျောက်ဖို့ အသိတရားရလာခဲ့ပါပြီ မောင်ရယ်။ ဒါကြောင့် မောင့်ကို ထား ပြန်လက်ခံဖို့ ဆုံးဖြတ်လိုက်ပါပြီ''

"ဟား . . . ဝမ်းသာလိုက်တာ ထားရယ်။ ဝမ်းသာလိုက် တာ။ မောင်တော့ ဒီကမ္ဘာမှာ အပျော်ဆုံးလူတစ်ယောက် ဖြစ်သွားပြီ ထားရေ''

ဆက်လက်ကြိုးစားပါဦးမည်။

စိတြအတွ

ဤဝတ္ထုတွင် ပါဝင်သော သူရ (၁၂)
ဟောင်ကြီးသင်တန်းဆင်း သူငယ်ချင်းများ

| | | |
|---|---|---|
| ၁။ | ဖရီး (ခ) ဝင်းကြည် | ကာသ (၂၂) |
| ၂။ | ကက်ဆက်ကြီး (ခ) စောလွင် | ကာသ (၂၄) |
| ၃။ | ဒုတ် (ခ) သောင်းမြင့် | ကာသ (၂၈) |
| ၄။ | အဒူလေး (ခ) လှမြင့် | ကာသ (၄၁) |
| ၅။ | ဝင်းဦး | ကာသ (၄၇) |
| ၆။ | ပေါ်တင်ကြီး (ခ) ရဲညွန့် | ကာသ (၄၄) |
| ၇။ | ခင်မောင်ဖော် | ကာသ (၄၈) |
| ၈။ | အာလာဒင် (ခ) တင်မောင်အေး | ကာသ (၅၂) |
| ၉။ | ချိုလိမ် (ခ) ဖေမောင်ထွန်း | ကာသ (၅၄) |
| ၁၀။ | ပုပ္ပါး (ခ) တင်ဦး | ကာသ (၅၅) |
| ၁၁။ | ငပိကောင် (ခ) ခင်ဖော် | ကာသ (၅၈) |
| ၁၂။ | ရေဆင် (ခ) မြဝင်း | ကာသ (၅၉) |
| ၁၃။ | အင်္ဂါကြိုပ်ဟ် (ခ) လှတင် | ကာသ (၆၀) |
| ၁၄။ | ဆီပူး (ခ) အောင်သန့်ဦး | ကာသ (၆၀) |
| ၁၅။ | တာတီး (ခ) စိုးဝင်း | ကာသ (၇၇) |

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ဒူးယား (ခ) ခင်မောင်သွင် | ကသ (၈၄) |
| ညွန့်ဆွေ | ကသ (၈၉) |
| တောကျိုးကန်း (ခ) လှမျိုးမြင့် | ကသ (၉၁) |
| ခြေမကြီး (ခ) မျိုးတင့် | ကသ (၁၀၂) |
| ကမန်းကတန်း (ခ) ကြင်စိန် | ကသ (၁၀၅) |
| ပိုးဟပ်ဖြူ (ခ) သောင်းထွန်း | ကသ (၁၁၆) |
| ကိုဝီ (ခ) ဖော်ဝင်းထင် | ကသ (၁၂၁) |
| ဖဲဓာ (ခ) လှမြင့် | ကသ (၁၂၂) |
| သူကြီး (ခ) အောင်သိန်း | ကသ (၁၃၃) |
| ညွန့်လှိုင် | ကသ (၁၃၉) |
| လှကြိုင် | ကသ (၁၄၆) |
| ကုလားကြီး (ခ) ညွန့်အောင် | ကသ (၂၂၂) |


## မိုးဝေ အဂ္ဂ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ

၁။ ဂငယ်သုံးလုံးမောင်သံပုံး
၂။ မိကျောင်းစေတမန်
၃။ ခုဒ္ဒနမိကျိန်စာ
၄။ ငွယ်နက်ရှင်
၅။ စီးနှဝ်(စ်)ပုထဲ
၆။ ပင်လယ်မြွေဟောက်
၇။ အင်းဘီလူး
၈။ သဝင်မြိုင်မောင်နှမ
၉။ အရိုင်းမေတ္တာ
၁၀။ နှံသာအိမ်ကြီး ရှေ့ကခဆီး
၁၁။ ငှက်ဂဠုန်မြွေနဂါး
၁၂။ သမုဒယကေရီ
၁၃။ ကျောက်စိမ်းယကွ
၁၄။ လေးပွင့်သစ္စာ
၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား
၁၆။ ဘီလူးတောင်ကျိန်စာ
၁၇။ သွေးနှင်းဆီ
၁၈။ ရေသူမလေး မဠုရီ
၁၉။ မဟာရွှေတံခါး ရှမ်ဘဲလား
၂၀။ မဟာမြိုင်ဂူမှတ်တမ်း

www.burmeseclassic.com